

## လူထုစိန်ဝင်း

# လူကြီးလူကောင်းစိတ်နှင့်

## အခြားဆောင်းပါးများ

mgyoe.com



လူထုစိန်ဝင်း

# လူကြီးလူကောင်းစိတ်နှင့်

အခြားဆောင်းပါးများ

ISBN 9789997114587
LHS2
9 789997 114587
3,800.00KS

mgyoe.com

လူကြီးလူကောင်းစိတ်နှင့်
အခြားဆောင်းပါးများ
လူထုစိန်ဝင်း

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၈၇၃ ၀၇၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၉၀၂ ၀၇၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| မျက်နှာဖုံးဓာတ်ပုံ | - | အမ်အက်စ်အို |
| ကွန်ပျူတာပလင် | - | အီးဂဲလ် |
| လက်ခွဲပလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး (လှိုင်) |

၁၂၀

လူထုစိန်ဝင်း
လူကြီးလူကောင်းစိတ်နှင့်အခြားဆောင်းပါးများ/
လူထုစိန်ဝင်း၊ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁၊
စာမျက်နှာ ၃၂၃ မျက်နှာ၊
၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) လူကြီးလူကောင်းစိတ်နှင့်အခြားဆောင်းပါးများ

၂၀၁၁၊ ဩဂုတ်လ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃၈၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ပြောစရာမရှိရင် မရေးနဲ့ | ၁ |
| ၂။ | မှန်တာပြော မှန်တာရေး | ၆ |
| ၃။ | ဝေဖန်ရေးကြောင့် အကျိုးယုတ်စရာမရှိပါဘူး | ၁၀ |
| ၄။ | အပြောထက်လက်တွေ့က ပိုအရေးကြီးတယ် | ၁၄ |
| ၅။ | လူငယ်အကြောင်း လူငယ်ကိစ္စ | ၁၈ |
| ၆။ | အတ္တကြီးလာတဲ့ ကျွန်တော် | ၂၄ |
| ၇။ | ငြင်းခုံတာဟာ ရန်ဖြစ်တာမဟုတ် | ၂၈ |
| ၈။ | ကွာဟချက် | ၃၂ |
| ၉။ | လူငယ်တွေစားဖားမဖြစ်စေဖို့ | ၃၆ |
| ၁၀။ | များများလုပ် နည်းနည်းပြော | ၄၁ |
| ၁၁။ | ကလေးတွေ အညွှန့်တလူလူရှိစေချင် | ၄၆ |
| ၁၂။ | ယဉ်ကျေးချင်ရင် သမိုင်းသင် | ၅၁ |
| ၁၃။ | လူငယ်တွေ မှားနေတဲ့အချက် | ၅၆ |
| ၁၄။ | ဆပ်ကပ်ထဲက ခြင်္သေ့လိုမဖြစ်စေချင် | ၆၁ |
| ၁၅။ | စိတ်ဒုက္ခိတမဖြစ်ဖို့ အရေးကြီးဆုံးပဲ | ၆၅ |
| ၁၆။ | အနုပညာရှင်ဆိုတာ ဘယ်သူတွေလဲ | ၇၀ |
| ၁၇။ | ပညာရှင်ဆိုတာ ကြီးမြတ်သူဖြစ်တယ် | ၇၅ |
| ၁၈။ | ကျေးဇူးစာပေနဲ့ သူခိုးသေဖော်ညှိစာပေ | ၇၉ |


mgyoe.com

mgyoe.com


၁၉။ ကြီးမိုက်ကျွန်တော် ၈၄
၂၀။ သူ့သခင်ရဲ့ အသံ ၈၈
၂၁။ ပန်းထိမ်တတ်အောင်သင်ပါ၊ ရွှေခိုးမသင်ပါနဲ့ ၉၃
၂၂။ ပို့စ်မော်ဒန် အဘိုးအို သုံးယောက်အကြောင်း ၉၈
၂၃။ ဟိုစပ်စပ် ဒီစပ်စပ်သာသိတဲ့ ဂျာနယ်လစ်ကျွန်တော် ၁၀၂
၂၄။ ဂျာနယ်တွေ တာဝန်ကျေကြတယ် ၁၀၆
၂၅။ စာရင်းတို့ကာသာထားလိုက်ပါတော့ ၁၁၀
၂၆။ မြှောက်စားလွန်းရင် သာယာသွားတတ်တယ် ၁၁၅
၂၇။ သတင်းသမားမေးခွန်း မေးတတ်ဖို့လို ၁၁၉
၂၈။ စာနယ်ဇင်းဆိုတာ ကင်းစောင့် ၁၂၃
၂၉။ ရွှေပြည်တော်ကြီး ရောက်ကာနီးပြီ ၁၂၇
၃၀။ ဖတ်သူရေးသူကြားက ပဋိညာဉ် ၁၃၂
၃၁။ သတင်းထောက်များစွမ်းရည်မြှင့် သင်တန်းပေးဖို့လိုပြီ ၁၃၆
၃၂။ စာပေရဲ့အသက်က စာဖတ်ပရိသတ် ၁၄၂
၃၃။ အိုက်ဒီယော်လော်ဂျီခေတ် မကုန်ပါဘူး ၁၄၆
၃၄။ စေတနာမှန်မှ မိတ်ဆွေ ၁၅၁
၃၅။ နိုင်ငံရေးဆိုတာ ပြိုင်ပွဲမဟုတ်ဘူး ၁၅၆
၃၆။ မိတ်ဆွေမဖြစ်တဲ့ 'ငို့ဘ'သမား ၁၆၁
၃၇။ အောင်ပွဲခံကားပေါ်ခုန်တက်လာတဲ့ လူမျိုးတွေ ၁၆၆
၃၈။ စကားလုံးတွေက ဝန်ထုပ်ဝန်ပိုးမဖြစ်စေနဲ့ ၁၇၁
၃၉။ နိုင်ငံရေးလုပ်တယ်ဆိုတာ လွယ်တယ်ထင်သလား ၁၇၆
၄၀။ မတူတာကိုသည်းခံတတ်တဲ့ ယဉ်ကျေးမှု ၁၈၀
၄၁။ ရွာတံခါးကို လုံအောင်ပိတ်ထားပါ ၁၈၄
၄၂။ ပါးစပ်နဲ့တော့ ဘယ်သူမဆို စေတနာထားတတ်တယ် ၁၈၉
၄၃။ စပါးကြီးမြွေ အမျိုးမခံရစေဖို့ ၁၉၄
၄၄။ တစ်လသားသမ္မတ ဘာတွေလုပ်နေလဲ ၁၉၉
၄၅။ တတိယကမ္ဘာစစ်မဖြစ်အောင် ရန်– ငါပြတ်ဖို့လိုတယ် ၂၀၄
၄၆။ သူဌေးအခက် ဆင်းရဲသားအတွက် ၂၀၈


mgyoe.com

mgyoe.com


၄၇။ တိုးတက်မှုနဲ့ ချမ်းသာပျော်ရွှင်မှု ၂၁၃
၄၈။ လစ်ဘာရယ်ဒီမိုကရေစီ ဒေဝါလီခံရပြီ ၂၁၈
၄၉။ မှုရှိမှ သိက္ခာရှိတယ် ၂၂၂
၅၀။ ခိုင်ဘာတောင်ကြားရဲ့ အရှင်သခင်များ ၂၂၇
၅၁။ ပန်းပင်လယ်ကြီးဖြစ်အောင် လုပ်ချင်ပါတယ် ၂၃၂
၅၂။ အရင်းစစ် အမြစ်ငွေက ၂၃၆
၅၃။ နိုင်ငံခြားကမှာတဲ့ အမေ့ပါးကသနပ်ခါး ၂၄၂
၅၄။ ပြဿနာကိုမကြောက်နဲ့ ရင်ဆိုင်ပါ ၂၄၆
၅၅။ မေတ္တာစေတနာအများဆုံးရတဲ့ အလုပ် ၂၅၀
၅၆။ လိပ်ပြာမလုံလို့၊ ရှက်လို့ ၂၅၂
၅၇။ ဆရာတပည့်လား၊ လုပ်ဖော်ကိုင်ဖက်လား ၂၅၆
၅၈။ ဥပဒေစကားပြောလာကြတာကောင်းတယ် ၂၆၁
၅၉။ မိတ်ဆွေမရှိ ရန်သူသာရှိ၊ ချစ်သူမရှိ မုန်းသူသာရှိ ၂၆၅
၆၀။ ကံစမ်းမဲနဲ့ အချောင်လိုချင်စိတ် ၂၇၀
၆၁။ လှည့်ကွက်တွေ သတိထား ၂၇၅
၆၂။ လူတွေကြားကပညာတတ်နဲ့ ရေပေါ်ဆီအီလစ် ၂၈၁
၆၃။ လူကြီးလူကောင်းစိတ် ၂၈၄
၆၄။ တံဆိပ်တပ်တဲ့ ဝါသနာ ၂၈၈
၆၅။ ငါးတုပ်ကွေးမလာသေးတာတော်သေးရဲ့ ၂၉၃
၆၆။ တရားရှင်ကိုယ်မဟုတ်လို့ ၂၉၇
၆၇။ နှစ်သစ်မေတ္တာစကား ၃၀၂
၆၈။ ငါးသိန်းတန်ဖုန်းကို နမူနာယူဖို့ကောင်း ၃၀၇
၆၉။ လူဖြစ်ဖို့ အင်တာနက်သုံးကြစို့ ၃၁၁
၇၀။ ကမ္ဘာရွာကြီးအကြောင်းသိအောင်လုပ်
ကိုယ့်ရွာအကြောင်းလည်း သိအောင်လုပ် ၃၁၅
၇၁။ လူအမျိုးမျိုး စိတ်အထွေထွေ ၃၂၀




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပြောစရာမရှိရင် မရေးနဲ့

ဂျာနယ်မဂ္ဂဇင်းအတော်များများမှာ စာတွေ အဆက်မပြတ်ရေးနေတာနဲ့ ပတ်သက်ပြီး စာဖတ်ပရိသတ်များက "သိပ်ရေးနိုင်တာပဲ" လို့ တအံ့တသြ ပြောတတ်ပါတယ်။ စာနယ်ဇင်းသမားတွေကတော့ "အိမ်ထဲက အိမ်ပြင် ထွက်နိုင်တာလည်း မဟုတ်ဘဲနဲ့၊ ရေးစရာတွေ ဘယ်ကရနေတာလဲ"လို့ မေးလေ့ရှိပါတယ်။

## အချိန်ကို အချည်းနှီးမဖြစ်စေသူ

မေးသမျှလူတိုင်းကိုလည်း "လူထုဦးလှရဲ့ အဆုံးအမနဲ့ ကြီးလာရတာကြောင့်ပါ"လို့ပဲ ဖြေပါတယ်။ ဦးလေးလှက သူ့ရဲ့ တစ်နေ့တာအချိန်ကို နည်းနည်းလေးမှ အချည်းနှီးကုန်ဆုံးစေတဲ့သူ မဟုတ်ပါဘူး။ မနက်အိပ်ရာက နိုးတာနဲ့ လုပ်စရာအလုပ်တွေက တန်းစီနေပါတယ်။ တက်စရာအစည်းအဝေး တွေကလည်း တစ်ပြုံကြီးပါပဲ။ ဗထူးကွင်း အစည်းအဝေး၊ ကြက်တောင် အစည်းအဝေးတွေ တက်လိုက် ဘိုးဘွားရိပ်သာ အစည်းအဝေးပြေးလိုက်၊ တက္ကသိုလ်ဆီးနိတ်အဖွဲ့ အစည်းအဝေးတက်လိုက်နဲ့ နားရတယ် မရှိပါဘူး။

mgyoe.com

mgyoe.com


ဒီကြားထဲ မတ္တရာဘက်က လယ်တွေရေနစ်လို့ အမတော်ကြေးဆိုင်းငံ့ထားဖို့ ရေးပေးပါဦး၊ လာပြောတဲ့ လယ်သမားတွေကို လက်ခံ စကားပြောလိုက်၊ စစ်ကိုင်းတောင်ရိုးကချောင်တွေ ရေ ,မရတဲ့ကိစ္စ ရေးပေးဖို့ပြောတဲ့ ဆရာတော်ကြီးတွေကို တွေ့ရ၊ ဘယ်ကျောင်းက ဘယ်ဆရာတော် နာမကျန်းဖြစ်နေလို့ ဆိုတာကြောင့် ဆရာဝန်ခေါ်သွားပြီး ပြပေးလိုပေးရနဲ့ အမြဲအလုပ်ရှုပ်နေပါတယ်။

## နားတစွင့်စွင့်နေရ

ဒီကြားထဲမှာ စစ်ကိုင်းတံတားထိပ်က သပြေတန်းခံတပ်ကြီးဖြင့် အစောင့်အရှောက်မဲ့ပြီး နွားခြံဖြစ်နေပြီလို့ အမြင်မတော်သူတစ်ယောက်ယောက်က လာပြောတဲ့အခါ ဦးလေးက ချက်ချင်းပဲ ဓာတ်ပုံဆရာခေါ်ပြီး ကိုယ်တိုင်သွားကြည့်ပါတယ်။ ပြန်လာရင် ရန်ကုန်က သူ့မိတ်ဆွေ ယဉ်ကျေးမှုဌာန အတွင်းဝန် ဦးသိန်းဟန်ဆီ ဖုန်းဆက်ပြောလိုက်၊ မန္တလေးက ဦးစိန်မောင်ဦးဆီ ဖုန်းဆက်ပြောလိုက်နဲ့ အလုပ်ရှုပ်ပြန်ပါရော။ ညကျရင်တော့ အဲဒီတစ်ကြောင်းကို ဆောင်းပါးရေးပါသေးတယ်။ တိုက်က လူငယ်တွေကတော့ ဦးလေး အပြင်ကပြန်လာရင် "ဘယ်က ကောက်ရိုးထုပ်ပြီး ယူလာပြန်ပြီလဲ မသိဘူး" ဆိုပြီးရင် တထိတ်ထိတ်နဲ့ ခေါ်သံကို နားစွင့်နေကြရပါတယ်။ ဦးလေးပြန်လာတိုင်း အမြဲတမ်း မဟုတ်တောင်၊ အများအားဖြင့်တော့ သတင်းအစအန တစ်ခုခုပါလာလေ့ ရှိပါတယ်။ ပါလာတဲ့အခါ ဓာတ်ပုံဆရာတစ်ယောက်နဲ့ သတင်းထောက် တစ်ယောက်ယောက်ဆိုပြီး ခေါ်ပါတယ်။

## အတွင်းခန်းဂျိုကာ

အဲဒီလိုခေါ်တဲ့အခါတိုင်း ဘယ်သူမှ မရှိတာက များပါတယ်။ နေ့အချိန်ဆိုတာ သတင်းထောက်တွေ၊ ဓာတ်ပုံဆရာတွေ၊ တိုက်ကပ်တဲ့အချိန်တွေမှ မဟုတ်တာ။ အဲဒီတော့ အယ်ဒီတာခန်းထဲမှာ အားနေတတ်သူက ကျွန်တော် တစ်ယောက်တည်း ရှိတယ်။ နေ့ဖောင်ကို နတ်မောက်ကိုထွန်းရှိန်က ကိုင်ပြီး ညဖောင်ကို မောင်သစ်လွင်(လူထု) က ကိုင်တော့၊

mgyoe.com

mgyoe.com


ကျွန်တော်က ဒေါ်ဒေါ် ဘာသာပြန်တာ ကူတဲ့အခါ ကူလိုက်၊ ကိုထွန်းရှိန်တို့ ကိုသစ်လွင်တို့ သတင်းခေါင်းတပ်တာတွေ ကူတဲ့အခါလုပ်လိုက်နဲ့ ဂျိုကာ တစ်ကောင်လို ဖြစ်နေတာ။ နောက်ပြီး ဓာတ်ပုံရိုက်မယ့်လူဆိုလည်း၊ အပြင် ခန်းရဲ့ ဂျိုကာဖြစ်တဲ့ ဦးလေးရဲ့ တူအရင်း ကိုထွန်းအောင်ပဲရှိတာ။ သူက မန်နေဂျာကို ကူပြီး စာရင်းကိုင်တဲ့အခါ လုပ်ပေးလိုက်၊ ဓာတ်ပုံရိုက်မယ့်သူ မရှိရင် ထွက်ရိုက်လိုက်၊ ကားမောင်းသူ မအားရင် ကျောင်းပို့ကျောင်းကြို လုပ်လိုက်နဲ့ အစုံလုပ်ရသူဖြစ်တယ်။ အဲဒီတော့ နေ့ခင်းဘက်တို့ ညကြီးပိုင်း တို့ အရေးပေါ်ကိစ္စဆိုရင် ဂျိုကာ နှစ်ကောင်ဖြစ်တဲ့ ကျွန်တော်နဲ့ ကိုထွန်း အောင် နှစ်ယောက်သာ အမြဲလိုလို သွားရလေ့ရှိပါတယ်။ အဲဒါကြောင့် ကိုထွန်းအောင်က ဦးလေးကို “ကောက်ရိုးထုပ်ကြီး”လို့ ကွယ်ရာမှာ ခေါ်တာ ဖြစ်တယ်။

## စာရေးမှ ကြိုက်တယ်

ဦးလေးက သူသာအလုပ်နဲ့ လက်မပြတ်အောင် လုပ်နေတာ မဟုတ် ဘူး။ အနားရှိလူအားလုံးကိုလည်း အလုပ်လုပ်ကြဖို့ အမြဲ နှိုးဆော်နေတာပါ။ ဒေါ်ဒေါ့်ကိုလည်း အမြဲတမ်း စာရေးနေမှ ဦးလေးက ကြိုက်တာ။ ဒေါ်ဒေါ် “ပြည်သူချစ်သော အနုပညာသည်များ” စာအုပ်လိုစာတွေရေးဖြစ်တာက ဦးလေးရဲ့ တိုက်တွန်း နှိုးဆော်မှုကြောင့်ပဲ ဖြစ်တယ်။ လူငယ်တွေဖြစ်တဲ့ တင်မိုးတို့ ကြည်အောင်တို့ အင်းဝကိုလေးတို့ဆိုရင် ကဗျာတွေ မရေးဖြစ်တာ ကြာသွားရင် ဦးလေးအခန်းထဲ မသွားကြဘူး။ ဒေါ်ဒေါ့် အခန်းထဲနဲ့ ကျွန်တော်တို့ အခန်းတွေထဲသာ လာအချိန်ဖြုန်းရဲကြတာ။ စာရေးဖို့အမြဲ လှုံ့ဆော်ပေမဲ့ ဦးလေးက အကြောင်းအရာ မယ်မယ်ရရ မရှိဘဲ စာဖြစ်ရင် ပြီးရော ရေးတာမျိုးကိုတော့ မကြိုက်ပါဘူး။

## ပြောစရာမရှိရင် မရေးနဲ့

“ပြောစရာရှိမှ ရေးပါ၊ ဘာမှပြောစရာ မရှိရင် မရေးပါနဲ့၊ ပိုက်ဆံ ကုန်ခံ၊ အချိန်ကုန်ခံပြီး ဝယ်ဖတ်တဲ့ စာဖတ်ပရိသတ်ကို အားနာပါ” ဆိုတဲ့ စကားနဲ့ ဦးလေးက လူငယ်တွေကို အမြဲ ဆုံးမလေ့ရှိပါတယ်။ ဆရာကြီး

mgyoe.com

mgyoe.com


ရွှေဥဒေါင်းကလည်း "စာရေးတယ်ဆိုတာ ပြောစရာအကြောင်းအရာတစ်ခုခုကို အများသိစေချင်လို့ ရေးတာ။ ပြောစရာ မရှိရင် မရေးနဲ့"လို့ ပြောတတ်ပါတယ်။ စာတစ်ပုဒ်ဖတ်ပြီး ဘာမှ မယ်မယ်ရရ မပါတဲ့အခါဆိုရင် ဆရာကြီးက တော်တော်ဒေါသထွက်ပြီး တဗျစ်တောက်တောက် ပြောလေ့ရှိပါတယ်။ အဲဒီ စာရေးဆရာရဲ့ စာကို နောက်ဘယ်တော့မှ မဖတ်တော့ပါဘူး။

## တတိယမျက်လုံး

ကျွန်တော်တို့တတွေက ကံကောင်းထောက်မစွာနဲ့ ဆရာကြီးရွှေဥဒေါင်းလို၊ ဦးလေးလှလို ပုဂ္ဂိုလ်ကြီးများရဲ့ အရိပ်အောက်မှာ ကြီးပြင်းခဲ့ရပါတယ်။ အဲဒါကြောင့် စာရေးတဲ့အလုပ်ကို ပေါ့ပေါ့ မလုပ်ပါဘူး။ လေးလေးစားစား လုပ်ပါတယ်။ နေထိုင်ကောင်းနေတဲ့ အချိန်အားလုံးကို စာရေးစာဖတ် လုပ်နေတာချည်း ဖြစ်ပါတယ်။ ဂျာနယ်တွေ အများကြီးထွက်နေတဲ့အချိန်မှာ နေ့စဉ်နှစ်ပုဒ်ကျကို ရေးဖြစ်ပါတယ်။ ပင်တော့ ပင်ပန်းပါတယ်။ ဒါပေမဲ့ လူငယ်တွေကို ကူညီရမယ်ဆိုတဲ့ စိတ်နဲ့ ကြိုးစားပြီး ရေးရတာဖြစ်တယ်။ သတင်းစာတစ်စောင် ထွက်လာတယ်ဆိုတာ လူတွေအတွက် တတိယမျက်လုံးတစ်ခု တိုးလာခြင်းဖြစ်ပါတယ်။

## ကြည့်သောသူ မြင်၏

တစ်နေ့နှစ်ပုဒ်ရေးနေလည်း ရေးစရာတွေက မလည်ပါဘူး။ "ကြည့်သောသူမြင်၏" ဆိုတဲ့အတိုင်း အလေ့အကျင့်လုပ်ထားတဲ့ သတင်းသမားရဲ့ မျက်စိထဲမှာ ရေးစရာချည့်ပါပဲ။ ဘောလုံးပွဲကြည့်ရင်းလည်း ရေးစရာ တွေ့ပါတယ်။ ဖျော်ဖြေရေးနယ်က မင်းသား၊ မင်းသမီးတွေ၊ အဆိုတော်တွေအကြောင်း ဖတ်လည်း ရေးစရာ မြင်ပါတယ်။ ကိုရီးယားကား ကြည့်လည်း ရေးစရာပေါ်လာပါတယ်။ ဂျာနယ်တိုက်ပေါင်းစုံက လူငယ်တွေနဲ့ စကားပြောရင်းလည်း ရေးစရာတွေ ခေါင်းထဲရောက်လာပါတယ်။ အိမ်ထဲက အိမ်ပြင်မထွက်နိုင်ပေမဲ့လည်း ထွက်နေတဲ့ သူတွေထက်တောင် ပိုသိပါတယ်။ ဂျာနယ်ပေါင်းစုံက လူငယ်တွေ ဥဒဟို ဝင် ထွက် သွားလာနေကြတာကိုး။

mgyoe.com

mgyoe.com


ပြီးတော့ နိုင်ငံခြားသား မိတ်ဆွေ၊ သတင်းစာဆရာ၊ စာရေးဆရာတွေ၊ ကျောင်းဆရာတွေကလည်း တစ်လကို ငါးဦး၊ ခြောက်ဦးတော့ ရောက်ရောက်လာလေ့ရှိပါတယ်။ သူတို့လာတိုင်း စာအုပ်တွေ၊ စာစောင်တွေ လက်ဆောင်ယူလာကြလေ့ရှိတော့ ကမ္ဘာကြီးအကြောင်းလည်း ကောင်းကောင်းသိနေပါတယ်။ အချိန်ရတိုင်း အင်တာနက်လှိုင်းလုံးကြားထဲလည်း ကူးခတ်နေတတ်ပါတယ်။

## သိလို့ရေးတာ

အဲဒီတော့ ရေးစရာ မရှားပါဘူး။ ပြောချင်တာတွေလည်း မနည်းပါဘူး။ ကျန်းမာရေးကြောင့်သာ မဟုတ်ရင် နှစ်ပုဒ်မက သုံးပုဒ်၊ လေးပုဒ် ရေးလို့တောင်ရပါတယ်။ ရေးသမျှ မှန်တာဖြစ်ချင်မှ ဖြစ်ပါမယ်။ ကောင်းချင်မှ ကောင်းပါမယ်။ ဒါပေမဲ့ ရေးသမျှစာတွေထဲမှာ ပြောစရာတစ်ခု၊ ပေးစရာတစ်ခု မပါတာမျိုး ဘယ်တော့မှ မရှိပါဘူး။ "ပြောစရာမရှိရင် မရေးနဲ့" ဆိုတဲ့ ဆရာကြီး ရွှေဥဒေါင်းတို့ ဦးလေးလှတို့ရဲ့ အဆုံးအမနဲ့ ကြီးလာခဲ့ရတာပါ။ နောက်ပြီးတော့ ရေရေရာရာ ပိုင်ပိုင်နိုင်နိုင် မသိတဲ့ အကြောင်းအရာတစ်ခုလို လူအထင်ကြီးအောင် ဖြီးဖြန်းရေးတာမျိုးလည်း ဘယ်တော့မှ မရှိပါဘူး။ ကိုယ်ရေးသမျှဟာ သေသေချာချာသိလို့၊ သေသေချာချာကို ယုံကြည်လို့ ရေးတာချည့် ဖြစ်ပါတယ်။ တစ်နေ့နှစ်ပုဒ်နှုန်းနဲ့ စာတွေ အများကြီးရေးနေပေမဲ့ မှားလို့ ဖြေရှင်းရတာတို့၊ တောင်းပန်ရတာတို့လည်း တစ်ခါမှ မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ သေသေချာချာ မသိဘဲမရေးသလို၊ နာမည်ကြီးချင်လို့၊ ထင်ပေါ်ချင်လို့၊ အခွင့်အရေးလိုချင်လို့ ရေးတာမျိုးလည်း မရှိခဲ့လို့ပါပဲ။ ဝေဖန်သုံးသပ်တာတွေ ရေးတာဖြစ်တော့ အခွင့်အရေးမျှော်ပြီး လုပ်သူတွေကတော့ ဘယ်ကျေနပ်ကြမှာလဲ။ ကိစ္စမရှိပါဘူး။ ရေးသင့်တာတော့ ဆက်ရေးနေမှာပဲ ဖြစ်ပါတယ်။

(၁၉၁၀ ဇန်နဝါရီ ၁၉ မှာ မွေးဖွားတဲ့ ဦးလေး လူထုဦးလှရဲ့ နှစ်တစ်ရာပြည့်ကို ကြိုဆို ရေးသားလိုက်တာပါ)

❐

mgyoe.com

mgyoe.com

# မှန်တာပြော၊ မှန်တာရေး၊ မှန်တဲ့ဘက်ကရပ်

နေတဲ့နေရာက လူတိုင်း ထွက် ခလုတ်၊ ဝင် ခလုတ် တိုက်တဲ့ နေရာမျိုး ဖြစ်နေတော့ တစ်နေ့လုံး ညှော်ပြတ်တယ် မရှိပါဘူး။ လူကြီးတန်း အသက်အရွယ်ရောက်နေပြီ ဖြစ်ပေမဲ့ အထိအတွေ့များတာကျတော့ လူငယ် လူလတ်ပိုင်းတွေ ပိုများတယ်။ တချို့ဆို နယ်ကလာပြီး မိတ်ဆွေဖွဲ့ကြတာ။

## လူငယ်တွေ ကျေးဇူး

လူငယ်တွေနဲ့ မိတ်ဆွေဖြစ်ရတာ ကောင်းတယ်။ သူတို့ သိချင်လို့ မေးသမျှပြန်ဖြေရင်းနဲ့ ကိုယ်သိချင်တာတွေလည်း သူတို့ကို မေးနိုင်တယ်။ ဂျာနယ်တိုက်တချို့က လူငယ်တွေပြောလေ့ရှိတဲ့ "အိမ်ထဲက အိမ်ပြင်မထွက်ပေမဲ့၊ တစ်နေ့လုံး မြို့ပတ်နေတဲ့ ကျွန်တော်တို့ထက်တောင် ဆရာက သတင်းတွေ ပိုစုံအောင် သိနေသေးတယ်"ဆိုတဲ့ စကားအတိုင်းပါပဲ။ လူငယ်တွေကို ကျေးဇူးတင်ရတယ်။ သူတို့တစ်တွေ နေ့စဉ် ဝင်ထွက်သွားလာနေကြလို့သာ လုံးလုံးကြီး အကန်းဖြစ်မသွားတာ။ နို့မဟုတ်ရင် ခုလောက်ဆို အိပ်ရာထဲ လဲနေတဲ့လူအို လူနာကြီး သက်သက်ဖြစ်နေတာ ကြာပြီ။

mgyoe.com

mgyoe.com

## လူငယ်နဲ့ ပွင့်လင်းမှု

လူငယ်တွေနဲ့ ပေါင်းရတာကောင်းတဲ့ နောက်တစ်ချက် ရှိသေးတယ်။ ပွင့်လင်းမှုပဲ။ သူတို့က ယဉ်ကျေးချင်ယောင်ဆောင်တာတွေ ဘာတွေ လုပ်လေ့ မရှိဘူး။ သူတို့ စိတ်ထဲမှာ ရှိတဲ့အတိုင်း "ဒိုးကနဲ ဒေါက်ကနဲ" ပြောချလိုက်ကြတာပဲ။ ကြိုက်ရင် ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး။ ရှင်းတယ်။ သူတို့က ရိုးသားတော့ ကိုယ်ကလည်းသူတို့ကို ဘာမှ ကွယ်ဝှက်စရာ၊ ထိန်းချုပ်စရာ မလိုဘဲ စိတ်ထဲမှာရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောဝံ့တယ်။ ပြောနိုင်တယ်။ ဒါဟာနည်းတဲ့ အခွင့်အရေးမဟုတ်ဘူး။ ဒီခေတ်မှာ တော်တော် ရှားပါးတဲ့ အရာဖြစ်တယ်။

## ကြိုက်လည်းရေငုံနေ

လူငယ်တို့ရဲ့ ပွင့်လင်းပုံ နမူနာ တစ်ခုထုတ်ပြပါမယ်။ ဂျာနယ်တိုက် ဘစ်တိုက်က အယ်ဒီတာ လူငယ်တစ်ယောက် တစ်နေ့မှာ အင်တာဗျူးလာ လုပ်ပါတယ်။ လုပ်ငန်းပြီးတော့ ....

"ဆရာ့စာတွေ မလွတ်တမ်းဖတ်တယ်။ ကြိုက်လည်းကြိုက်တယ်။ အရေးရှင်းတာလည်း ကြိုက်တယ်။ အယူအဆတွေလည်း ခြွင်းချက်မရှိ ကြိုက်တယ်။ တစ်ခုပဲ ပြောချင်တယ်။ ဆရာ့ စာတိုင်းလိုလိုမှာ အမေရိကန် ဆန်ကျင့်ရေးတွေ သိပ်ကဲနေသလား ဆိုတာပါပဲ" လို့ သူက ပြောလိုက်ပါတယ်။ သူ့ကို ခုမှ တွေ့ဖူးတာပါ။ သူကတော့ စာတွေဖတ်ပြီး ရင်းနှီးနေပုံနဲ့ အားပါးတရ ပြောနေတာဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေသာဆိုရင် အခုမှ စတွေ့ရသူတစ်ယောက်ကို ဒီလို ပွင့်လင်းလွတ်လပ်စွာ ပြောဖြစ်ပါ့ မလား။ မကြိုက်လည်း ယဉ်ကျေးမှုအရဆိုပြီး ရေငုံနေလိုက်မှာ မဟုတ်လား။

## ရော်ဘင်ဟုဒ်လို

သူက ပွင့်လင်းလွတ်လပ်တော့ ကိုယ်ကလည်း ပွင့်ပွင့်လင်းလင်း ပြန် ပြောဖို့ ဝန်မလေးတော့ဘူး။ စိတ်ထဲမှာ ရှိတဲ့အတိုင်းပဲ လွတ်လပ်စွာ ပြန်ပြော လိုက်တယ်။ အားကြီးသူက အားငယ်သူကို အနိုင်ကျင့်တာ မှန်သမျှ

mgyoe.com

mgyoe.com


ငယ်စဉ်ကလေးဘဝကတည်းက စက်ဆုပ် မုန်းတီးခဲ့တယ်။ ကျောင်းနေ စာသင်တော့လည်း အိုင်ဗင်ဟိုလို၊ ရော်ဘင်ဟုဒ်လို စာတွေသင်ခဲ့ရတယ်။ ဝတ္ထုတွေ ဖတ်တော့လည်း ဆာဝါလ်တာစကော့တို့၊ အလက်ဇန္ဒားဒူးမား တို့လို စိတ်ထားမွန်မြတ်မှုကို အသားပေးတဲ့ ဝတ္ထုကြီးတွေ ဖတ်ခဲ့တယ်။ အဲဒီတော့ မတရားမှုမှန်သမျှကို ရွံ့မုန်းခဲ့တယ်။ တရားမျှတမှုအတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်သူတွေကို သိပ်ကြည်ညို လေးစားခဲ့တယ်။

## မတရားမှုမှန်သမျှ ရွံ့မုန်း

ဒီစိတ်က ကြီးတဲ့အထိ စွဲမြဲခိုင်မာစွာ ရှိနေတယ်။ ဟစ်တလာက ဂျူး တွေကို မတရားသဖြင့် ညှင်းပန်းသတ်ဖြတ်တော့ ဟစ်တလာကို စက်ဆုပ်ပြီး ဂျူးတွေဘက်က စာနာထောက်ခံအားပေးခဲ့တယ်။ ဂျူးတွေက ပါလက် စတိုင်း ဒေသကို သိမ်းပိုက်ပြီး ပါလက်စတိုင်း လူမျိုးတွေကို သူတို့ ရပ်ရွာ၊ အိုးအိမ်တွေက မောင်းထုတ်ပစ်တော့ ပါလက်စတိုင်းတွေကို စာနာ ထောက်ခံ ခဲ့တယ်။ ဂျူးစစ်သွေးကြွတွေကို စက်ဆုပ်ခဲ့တယ်။ တောင်ပိုင်းဂိုဒေးရှားနိုင်ငံ (အခု ဇင်ဘာဘွေ)မှာ ရောဘတ်မူဂါဘေးတို့ရဲ့လူမည်းကို တော်လှန် တိုက်ခိုက်စဉ်က မူဂါဘေးကို ထောက်ခံအားပေးခဲ့တယ်။ ဒါပေမဲ့ အခုအခါမူ ဂါဘေးက အီယန်စမစ်ရဲ့ လူဖြူအာဏာရှင်စနစ်နည်းတူ၊ မူဂါဘေးဟာ အာဏာရှင်စနစ်ကို ထူထောင်နေတာကိုတော့ စက်ဆုပ်ရွံ့ရှာပြီး ဆန့်ကျင် ခဲ့တယ်။

## အီရတ်အာဏာရှင်ကို ဆန့်ကျင့်ခဲ့

အီရတ်အာဏာရှင် ဆက်ဒမ်ဟူစိန်က ကာဒစ္စတန်ဒေသက ကာ့ဒ် လူမျိုးတွေကို အနိုင်ကျင့် ဖိနှိပ်အုပ်စိုးနေတာကို အမြဲတမ်း ဆန့်ကျင်ခဲ့တယ်။ ကာ့ဒ် မျိုးးချစ်ခေါင်းဆောင်ကြီး ဘာဇာနီလက်ထက်ကတည်းက ကာ့ဒ် လူမျိုးတွေကို ထောက်ခံပြီး အီရတ်အာဏာရှင်တွေကို ရှုတ်ချခဲ့တယ်။ ဒါပေမဲ့ ကမ္ဘာ့နံပါတ်တစ် လက်နက်နိုင်ငံကြီးက၊ ရေနံတွင်းတွေ သိမ်းချင်ဇောနဲ့ အီရတ်ကို ဝင်တိုက်ပြီး သိမ်းပိုက်ခဲ့တာကိုတော့ ခါးခါးသီးသီး ဆန့်ကျင် ဝေဖန်ခဲ့တယ်။

mgyoe.com

## မကောင်းသူထိပ် ကောင်းသူထိပ်

ခရီးသည်တင်လေယာဉ်ကြီးတွေကို အပိုင်စီးပြီး လူသားဒုံးကျည်သဖွယ်အသုံးပြုတိုက်ခိုက်ခဲ့တဲ့ ၉/၁၁ အကြမ်းဖက်မှုကြီးကို စက်ဆုပ် ရွံ့ရှာမုန်းတီးခဲ့တယ်။ ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့တယ်။ ဒါပေမဲ့ နံပတ်ဝမ်း စူပါပါဝါနိုင်ငံကြီးက အာဖဂန်နစ္စတန်နိုင်ငံကို ဝင်ရောက်ကျူးကျော် တိုက်ခိုက်တာကိုတော့ ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ လက်မခံနိုင်ဘဲ ဝေဖန်ခဲ့ရှုတ်ချခဲ့တယ်။ အထူးသဖြင့် မောင်းသူမဲ့ လေယာဉ်တွေပေါ်ကနေပြီး မကောင်းသူထိပ်၊ ကောင်းသူထိပ်ဆိုတဲ့ သဘောနဲ့ ဗုံးတွေကြဲချနေတာကို ခါးခါးသီးသီး ရွံ့ရှာ မုန်းတီးခဲ့တယ်။ သေကြေကျေကြရတာက တာလီဘန်က နည်းနည်း၊ မူလတန်းကျောင်းသားလေးတွေနဲ့ အပြစ်မဲ့အရပ်သူ၊ အရပ်သားတွေက များများ ဖြစ်နေရတာ မဟုတ်လား။

## နှာစေးမနေရဘူး

စာနယ်ဇင်းသမားရဲ့ အလုပ်က မှန်တဲ့ဘက်က ရပ်ပြီး မှန်တာကိုပြော၊ မှန်တာကို ရေးဖို့ ဖြစ်တယ်။ အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မကြားမှာ နှာစေးမနေရဘူး။ ပြတ်ပြတ်သားသား ပြောရရေးရတယ်။ အားကြီးသူက အားငယ်သူကို အနိုင်ကျင့်မှုမှန်သမျှ သူတစ်ပါး ပိုင်နက်နယ်မြေကို ကျူးကျော်တိုက်ခိုက်မှု မှန်သမျှ ဆန့်ကျင်ရမှာပဲ၊ ရှုတ်ချရမှာပဲ။ အမေရိကန် ဆန့်ကျင်တဲ့စာတွေကို တစ်ဦးတည်း ဒိုင်ခံရေးနေတာ မှန်တယ်။ ဘာကြောင့်လဲဆိုတော့ သူများနိုင်ငံကို ဝင်ရောက်ကျူးကျော်တိုက်ခိုက်တာ ဒီခေတ်မှာ အမေရိကန် နိုင်ငံ တစ်နိုင်ငံပဲ ရှိနေလို့ ဖြစ်တယ်။ တကယ်တော့ အမေရိကန်ကို ဆန့်ကျင်နေတာ မဟုတ်ဘူး၊ ကျူးကျော်မှုကို ဆန့်ကျင်တာ။ လက်နက်အားကိုးနဲ့ မတရား အနိုင်ကျင့်မှုကို ဆန့်ကျင်တာ၊ အမှားကို ဆန့်ကျင်တာ။ အဓမ္မဝါဒကို ဆန့်ကျင်တာဖြစ်တယ်။ အမေရိကန်မှ မဟုတ်ဘူး။ ဘယ်သူပဲလုပ်လုပ် ဆန့်ကျင်မှာဖြစ်တယ်။ အမှားကို ဆန့်ကျင်ပြီး အမှန်ဘက်က ရပ်တာဟာ စာနယ်ဇင်းသမားရဲ့ အလုပ်လို့ပဲ ခံယူထားပါတယ်။

❐

mgyoe.com

mgyoe.com

# ဝေဖန်ရေးကြောင့် အကျိုးယုတ်စရာမရှိပါဘူး

တစ်နေ့က လူငယ်တစ်စုရောက်လာပြီး "ယဉ်ကျေးမှုချင်း ထိပ်တိုက်တိုးခြင်း" ဆိုတဲ့ စာအုပ် မူရင်းရှိရင် ခဏငှားပါလို့ ပြောပါတယ်။ သူတို့လူငယ်တစ်စုက စာဖတ်ဝိုင်းလေး တစ်ခုလုပ်ထားပါတယ်။ တစ်လတစ်ကြိမ် ကိုယ်ဖတ်ခဲ့တဲ့ စာအုပ်တွေ အကြောင်းဝိုင်းပြီး ဆွေးနွေးလေ့ ရှိပါတယ်။ များများစားစား မဟုတ်ပါဘူး၊ သူငယ်ချင်းလေးငါးယောက်တည်းပါ။ အိမ်တစ်အိမ် တစ်လှည့်စီ စားသောက်စရာ တစ်ခုခုလုပ်ပြီး စားသောက်ရင်း ဆွေးနွေးကြတာ ဖြစ်တယ်။

## အဖတ်သမားစစ်စစ်

မကြာခဏ စာအုပ်တွေ လာငှားကြပါတယ်။ သူတို့ဆွေးနွေးချင်တာတွေလည်း ဆွေးနွေးတတ်ကြတယ်။ စာကို လေးလေးနက်နက် ဖတ်တဲ့ လူငယ်လေးတွေမို့ သူတို့ ဆွေးနွေးလာတဲ့ အကြောင်းအရာတိုင်းက ခပ်ပေါ့ပေါ့ မဟုတ်ကြဘူး။ ရန်ကုန်မြို့မှာ ရှိသမျှ စာကြည့်တိုက်တိုင်း သူတို့ မရောက်တာ မရှိဘူး။ စာအုပ်ဟောင်းရောင်းသူမှန်သမျှလည်း သူတို့ သိတယ်။

mgyoe.com

ဈေးနှုန်းသက်သက်သာသာနဲ့ မိတ္တူကူးကောင်းတဲ့ ဆိုင်တိုင်း သူတို့ မိတ်ဆွေပဲ။ သူတို့ ဆွေးနွေးဝိုင်းလေး လုပ်နေတာ သုံးလေးနှစ်လောက်ရှိပြီ။ သူတို့လေး၊ ငါး၊ ခြောက်ယောက် အပြင် တခြားလူ မပါဘူး။ လူများရင် စကားများပြီး သူတို့က စာပေနဲ့ အတွေးအခေါ်ဆိုင်ရာတွေကို စိတ်ဝင်စားလို့ လုပ်နေကြတာ။ စာရေးဆရာ၊ ကဗျာဆရာ ဖြစ်ဖို့ တစ်ယောက်မှ စိတ်ကူး ရှိကြတာ မဟုတ်ဘူး။ ဘယ်သူမှလည်း လက်တည့်စမ်း မနေကြဘူး။ စာဖတ်သမား စစ်စစ်တွေ ဖြစ်ကြတယ်။

## စာဖတ်သူချင်း မျိုးဆက်ကွာမှုမရှိ

သူတို့လို အဖတ်သမားစစ်စစ် လူငယ်တွေ အတော်များများနဲ့ သိကျွမ်း ခင်မင်ပါတယ်။ သူတို့ ဖတ်ချင်တာတွေ လာငှားတတ်ကြသလို ကိုယ် ဖတ်ချင်တာတွေလည်း မရရအောင် ရှာဖွေပေးလေ့ရှိပါတယ်။ စာကို အလေးအနက် ဖတ်တဲ့လူငယ်တွေနဲ့ မိတ်ဆွေဖြစ်ရတာ အများကြီး အကျိုး ရှိတယ်။ စာဖတ်သူချင်းကြားမှာ မျိုးဆက်ကွာဟမှုဆိုတာ မရှိဘူး။ သူငယ်ချင်းတွေလို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောလို့ ဆိုလို့ ရတယ်။ ကိုယ့်ကို လူကြီးပဲဆိုပြီး အားနာနေမှာ မဟုတ်ဘူး။ သူတို့ကြိုက်ရင် ကြိုက်တဲ့ အကြောင်းကို အားရပါးရ ပြောတယ်။ မကြိုက်ရင်လည်း၊ မကြိုက်တဲ့ အကြောင်း ခပ်ရှင်းရှင်း ပြောကြတယ်။ လူ့သက်တမ်းရော စာသက်တမ်းပါ အမှည့်လွန်ရွယ်ရောက်နေပြီဆိုတော့ လူများစုက ကြိုက်ရင်သာ ဖွင့်ပြော တတ်ကြပြီး၊ မကြိုက်ရင်တော့ ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်နေလေ့ ရှိကြတယ်။ လိုရင်းပြောရရင် အသက်ကြီးတော့ ဆုံးမမယ့်သူ မရှိတော့လို့ မိုက်တွင်းနက် တတ်ပါတယ်။

## လူငယ်သူငယ်ချင်းတွေ

လူငယ်သူငယ်ချင်းတွေ ရှိလို့ မမိုက်အောင် ထိန်းသိမ်းဆင်ခြင် တတ် နေတာဖြစ်တယ်။ သူငယ်ချင်းတွေကို ကျေးဇူးတင်ရတယ်။ မကြိုက်ဘူးပြော မယ့် လူငယ်တွေသာမရှိရင် အောက်ခြေလွတ်၊ ဘဝမြင့်ပြီး ထင့်ရာစိုင်းလို့

mgyoe.com

mgyoe.com

အခုလောက်ဆို မြောင်းထဲရောက်ချင်ရောက်နေမှာ။ ရောက်ဖူးသူတွေလည်း အများကြီးကို မြင်ဖူးတွေ့ဖူးခဲ့တာပဲ။ စကားစပ်မိတုန်း အထူးသဖြင့် ဘလော့ဂါတွေကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ဘလော့ဂါ ဆိုတာက လူချင်း မြင်ဖူးတွေ့ဖူးတာလည်း မဟုတ်၊ နာမည်ဖော်စရာလည်း မလိုတော့ သူတို့မကြိုက်တာ တွေ့ရင် အားမနာတမ်းကို ပွင့်လင်းတတ်ကြတယ်။ ကန့်ကွက် ဝေဖန်သူရှိနေမှ ပြန်လည်သုံးသပ်မှုပြု ဖြစ်တာလား။ မကြိုက်ဘူး ထောက်ခံသူတွေချည့်ရှိနေရင် ပြန်ပြီး စဉ်းစားသုံးသပ်မှု ဘယ်ပြု ဖြစ်မှာလဲ။ အဲဒီတော့ ကိုယ်မှားနေရင်လည်း မှားမှန်း မသိတော့ဘူး။ မှားမှန်း မသိတော့ ဆက်တိုးလေ ဆက်မှားလေဖြစ်ပြီး နောက်ဆုံး မြောင်းထဲ ရောက်သွားရတော့တာပါ။

## ကလေကချေတွေမဟုတ်ဘူး

ဘလော့ဂါတွေနဲ့ အွန်လိုင်းပေါ်က စာရေးသူတွေဟာ အလုပ်မရှိလို့ ကြောင်ရေချိုးနေသူတွေ မဟုတ်ကြဘူး။ အချိန်ကုန်ခံ၊ မျက်စိ အညောင်းခံပြီး စာတွေ ဖတ်နေ၊ ရေးနေတာကိုက လေးစားဖို့ ကောင်းနေပြီ။ တချို့ပြောနေ သလို "ကလေကချေ ပေါက်လွှတ်ပဲစား" တွေဆိုရင် စာတွေ ဘယ် ရှာဖတ် နေမှာလဲ။ အင်တာနက် ကွန်ရက်ကြီးထဲမှာ အပျင်းပြေကြည့်စရာတွေ သိန်းနဲ့ ချီရှိနေတာပဲ။ အဲဒါတွေပဲ ကြည့်နေမှာပေါ့။ စာတွေကို ရှာဖတ်တယ်ဆိုက တည်းက စာဖတ်သမားတစ်ယောက် ဖြစ်တယ်ဆိုတာ သေချာနေပြီ။ စာရေး သူတွေဟာ စာဖတ်သူတိုင်းကို လေးစားရမှာပေါ့။ ကိုယ်ရေးချင်တာကို လွတ်လပ်စွာ ရေးလိုက်သလို၊ သူလည်း သူရေးချင်တာကို လွတ်လပ်စွာ ရေးခွင့်ရှိကြောင်း အသိအမှတ်ပြုလက်ခံရမှာပါ။ ကိုယ်ရေးတဲ့ စာကို မကြိုက်ဘူးဆိုတာနဲ့ပဲ "ကလေကချေ" တွေလို့ ပြောလို့ ဘယ်ဖြစ်မှာလဲ။

mgyoe.com

mgyoe.com


## အကြိုက်မတူတာ သဘာဝ

တစ်ယောက်နဲ့တစ်ယောက် အကြိုက်မတူဘူးဆိုတာ သဘာဝပဲ။ ဘာမှ ထူးဆန်းတဲ့ ကိစ္စမဟုတ်ဘူး။ သူကြိုက်တာကို ကိုယ်က မကြိုက်နိုင်သလို ကိုယ်ကြိုက်တာကို သူက မကြိုက်နိုင်တာမျိုးလည်း ရှိနိုင်တာပဲ။ အကြိုက်ချင်းမတူတာနဲ့ပဲ ရန်သူဖြစ်စရာအကြောင်း ဘာမှမရှိပါဘူး။ ကိုယ်နဲ့ မတူ ကိုယ့်ရန်သူဆိုတဲ့ စိတ်ဓာတ်ဟာ အသိဉာဏ်ကင်းမဲ့သူတွေရဲ့ စိတ်ဓာတ်ဖြစ်တယ်။ မတူပေမဲ့ ရိုးသားဖြောင့်မတ်သူချင်း အတူ လက်တွဲလို့ ရပါတယ်။ ရိုးသားဖြူစင်ဖြောင့်မတ်မှု မရှိဘဲ ကိုယ်ကျိုးအတွက် အကောက်ဉာဏ်နဲ့ ဖောက်ပြန်သူဆိုရင်တော့ အကြိုက်ချင်း တူတာတောင် ရန်သူလို့ သတ်မှတ်ရမှာပါ။

## ခြောက်ပစ်ကင်းသူမရှိ

ကောက်ကျစ်စဉ်းလဲတဲ့ အနီးကပ်မိတ်ဆွေထက် ရိုးသားဖြူစင်ဖြောင့်မတ်တဲ့ အဝေးက ရန်သူဟာ ပိုပြီး လေးစားထိုက်ပါတယ်။ ကိုယ့်ကို ဝေဖန်သူတိုင်းကို ကလေကချေလို့ တံဆိပ်တပ် မပစ်လိုက်ပါနဲ့။ သူ့ဝေဖန်ချက်ကြောင့် ကိုယ်သတိမမူ ဂူမမြင် ဖြစ်ခဲ့တာတွေရှိရင် သိမြင်နိုင်ပါတယ်။ "ခြောက်ပစ်ကင်း သဲလဲစင်" ဖြစ်သူ လူ့လောကမှာ မရှိပါဘူး။ ဝေဖန်ရေးကြောင့် အကျိုးယုတ်စရာ မရှိပါဘူး။ ကိုယ့်အတွက် အကျိုးဖြစ်စရာ ရှိတယ်လို့ ပြောလိုက်ပါရစေဗျာ"

□

mgyoe.com

mgyoe.com

# အပြောထက် လက်တွေ့က ပိုအရေးကြီးတယ်

မွေးနေ့ကျရောက်တဲ့နေ့က ကျောင်းသူကျောင်းသားဟောင်း တပည့်တချို့ ရောက်လာကြပါတယ်။ မွေးနေ့ပွဲရယ်လို့ လုပ်လေ့မရှိပေမဲ့ သိထားကြတဲ့ တချို့က ဒီလိုပဲ ရောက်လာတတ်ပါတယ်။ နိုင်ငံခြားရောက် တပည့်တချို့လည်း ဖုန်းဆက်ကြ၊ အီးမေးလ်ပို့ကြ လုပ်လေ့ရှိပါတယ်။ ဒီနှစ်တော့ ထူးထူးခြားခြား နယူးယောက်နေ သားသမီးလိုနေခဲ့တဲ့ တပည့်မောင်နံ့က Face Book မှာ တင်ပေးလိုက်တော့ နိုင်ငံတကာရောက် တပည့်တွေရဲ့ ပုံတွေနဲ့ သတင်းစကားတွေ ကြားရဖတ်ရလို့ ဝမ်းသာအားရ ဖြစ်မိတယ်။ နည်းပညာတွေရဲ့ ကျေးဇူးကြောင့် အကြာကြီး အဆက်ပြတ်နေသူတွေကို အဆက်ရခဲ့တယ်။

## ရေတစ်ဝက်နဲ့ ပုလင်း

တပည့်ဟောင်းတွေ ဆုံကြတော့ စကားတွေလည်း အစုံ ပြောဖြစ်တယ်။ ပြောရင်းတစ်ယောက်က "ဆရာ အမြဲ ပြောတတ်တဲ့ ပုလင်းတစ်ဝက် သီအိုရီ အကြောင်းမေးချင်တယ်" လို့ ပြောပါတယ်။ ကျောင်းသားတွေကို

mgyoe.com

mgyoe.com


စာသင်နေစဉ်က ရေတစ်ဝက်ရှိနေတဲ့ ပုလင်းတစ်လုံးကို အဆိုးမြင်သမား ကြည့်ပြီး တစ်ဝက်ပဲ ကျန်ပါတော့လားလို့ ပြောတတ်တယ်။ အကောင်းမြင် သမားကတော့ တစ်ဝက်ကြီးများတောင် ကျန်ပါသေးလားလို့ ပြောတတ် တယ်ဆိုတဲ့အကြောင်း အမြဲလိုလို ပြောပြတတ်ပါတယ်။ ဒါကို သူက ရည်ရွယ်ပြီး ပြောလိုက်တာပါ။ ဘာမေးချင်တာလဲ မေးပါလို့ဆိုလိုက်တော့ အဆိုးမြင်သမားက သူ့ဝသီအတိုင်း အဆိုးဘက်ကြည့်ပြီး စိတ်ဓာတ်ကျ နေတာ မပြောင်းလဲသလို၊ အကောင်းမြင်သမားကလည်း သူ့စရိုက်အတိုင်းပဲ အကောင်းဘက်ကချည်း ကြည့်နေတာပဲ။ နှစ်ယောက်စလုံးက သူ့စရိုက်နဲ့ သူပဲနေကြတာဆိုတော့ စိတ်ဓာတ်ကျတတ်သူက ကျနေတာပဲ။ စိတ်ဓာတ် ကြွသူကလည်း ကြွနေတာပါပဲ။ လက်တွေ့ အမှန်တရားဖြစ်တဲ့ ပုလင်းထဲက ရေကတော့ တစ်ဝက်ရှိမြဲ အတိုင်း ရှိနေတာပဲ။ ဘာမှ ထူးခြားမသွားပါဘူး။ အဲဒါကို ဘယ်လိုလုပ်ရမလဲလို့ မေးပါတယ်။

## ပြောင်းလို့ရပါတယ်

ဖြေ။ ။ မေးတဲ့အထဲမှာက အကြောင်းအရာ နှစ်ခုပါနေတယ်ကွဲ့။ တစ်ခုစီ သီးခြား ခွဲဖြေရလိမ့်မယ်။

မေး။ ။ ဟုတ်ကဲ့ ပြောပါခင်ဗျာ။

ဖြေ။ ။ ပုလင်းတစ်ဝက်အကြောင်းပြောတာက စိတ်ဓာတ်ကျတတ်သူ တွေလို အတွေးတစ်ချက် အကြည့်တစ်ချက် ပြောင်းလိုက်ရုံနဲ့ စိတ်ဓာတ်ကျတာပျောက်သွားနိုင်တဲ့အကြောင်း နမူနာပြခဲ့တာ ဖြစ်တယ်။ ကိစ္စတစ်ခုတည်းကိုပဲ ကြည့်သူရဲ့ စိတ်ဓာတ်အပေါ် မူတည်ပြီး ကောင်းတာ၊ ဆိုးတာရယ်လို့ ဖြစ်သေးတဲ့သဘောကို ပြောတာ။ ကြည့်သူရဲ့ စိတ်ဓာတ်အခံက အဓိကပဲ။ အဲဒီ အခံ စိတ်ဓာတ်ကို ပြောင်းမှ အမြင်တွေပြောင်းမှာ။ အခံ စိတ်ဓာတ် မပြောင်းသရွေ့တော့ အမြင်တွေလည်း ဘယ်တော့မှ မပြောင်းနိုင် ပါဘူး။

မေး။ ။ ပြောင်းအောင် လုပ်လို့မရဘူးလား ဆရာ။

ဖြေ။ ။ မရဘူးဆိုတာတော့ မရှိပါဘူး။ ကာယကံရှင် ကိုယ်တိုင်က

mgyoe.com

mgyoe.com

တကယ်လို့ ပြောင်းချင်စိတ်ရှိရင် ပြောင်းလို့ရပါတယ်။

မေး။ ။ **ကာယကံရှင်ရဲ့ ပင်ကိုယ်စရိုက်သဘာဝအရကိုက ပြောင်းဖို့ မလွယ်ရင်ကော ခင်ဗျာ။**

ဖြေ။ ။ မလွယ်တာပါ။ မဖြစ်နိုင်တာ မဟုတ်ပါဘူး။ ရေကိုပဲကြည့် "ရေဟာ အရည်ပဲ" ဒါပေမဲ့ မီးပေါ်တင် အပူပေးလိုက်တဲ့ အခါကျတော့ အရည်ကနေပြီး ဟိုက်ဒရိုဂျင်ရယ်၊ အောက်စီဂျင်ရယ် ဆိုတဲ့ အငွေ့တွေ အဖြစ် ပြောင်းလဲသွားရတာပဲ မဟုတ်လား။ မီး ဆိုတဲ့ ပြင်ပ အား တော့ လိုတာပေါ့လေ။

မေး။ ။ **စိတ်ဓာတ်ကျတတ်တဲ့ စိတ်အားငယ်တတ်တဲ့ ဗီဇကို ပြောင်းအောင် လုပ်လို့ ရတယ်ပေါ့၊ ဟုတ်လား ဆရာ။**

ဖြေ။ ။ ဟုတ်ပါတယ်။ ရပါတယ်။ မီးပေါ်တင်ဖို့ လိုတဲ့အခါလည်း တင်ပေးရမှာပေါ့။

မေး။ ။ **ဆရာပြောတဲ့ ဒုတိယအကြောင်းကရော ခင်ဗျာ။**

ဖြေ။ ။ ရေကတော့ တစ်ဝက် ရှိမြဲအတိုင်း ရှိနေတာပဲ။ ဘာမှ ထူးခြားမသွားဘူးဆိုတဲ့ ကိစ္စလေ။ ရေပုလင်းကတော့ သူ့ဟာသူ ရှိနေမှာပေါ့၊ ဘယ်ပြောင်းလဲမှာလဲ။ ပြောင်း၊ မပြောင်းဆိုတာက လူပေါ်မှာ မူတည်တယ်လေ။

မေး။ ။ **ဘယ်လိုတည်တာလဲ ခင်ဗျ။**

ဖြေ။ ။ ရေတစ်ဝက်ရှိတဲ့ ပုလင်းကို တစ်ဝက်ပဲ ကျန်တော့တယ်။ အလကားပဲဆိုပြီး သွန်ပစ်လိုက်ရင်လည်း ဖြစ်တယ်။ ရေတစ်ဝက်တောင် ကျန်သေးတာပဲ ထပ်ဖြည့်ပြီး ယူထားလိုက်မယ်ဆိုလည်း ဖြစ်တယ်။ ကာယကံရှင်ဖြစ်တဲ့လူက အခရာပဲ ....၊ ဟုတ်တယ်မို့လား။

မေး။ ။ **ဟုတ်ကဲ့။ သဘောပေါက်ပါပြီ။ သဘော်လည်း တူပါတယ်။ "ရေပြည့်တာ လိုချင်ရင် ကိုယ်တိုင်ဖြည့်ယူရမယ် ဆိုတာ နားလည်သွားပါပြီ၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ"**

mgyoe.com

mgyoe.com


## လက်တွေ့ ဖြည့်ပြမှ

တပည့်တွေ ပြန်သွားပေမဲ့ သူတို့နဲ့ ပြောခဲ့တဲ့ စကားသံတွေကတော့ နားထဲမှာ ပဲ့တင်ကျန်နေရစ်ပါတယ်။ လူတွေရဲ့ အကျင့်တို့၊ စရိုက်တို့ဆိုတာ ပြုပြင်လို့မရဘူးလို့ ယူဆပြီး တော်တော်များများက ဒီအတိုင်း နေလိုက်ကြတယ်။ ပြုပြင်ဖို့ မကြိုးစားကြဘူး။ တကယ်တော့ ပြုပြင်ချင်စိတ်ရှိရင် ဘာမဆို ပြင်လို့ရပါတယ်။ စိတ်ရှိပါတယ်။ ပြင်လို့မရတာပါလို့ မပြောပါနဲ့။ ပြင်ချင်စိတ် ဘယ်လောက်ထက်သန်ပြီး၊ ဘယ်လောက် လက်တွေ့ ကြိုးစားသလည်းဆိုတာကို ပြန်ဆန်းစစ်ကြည့်ပါ။ ပါးစပ်က ပြောနေရုံသက်သက်တော့ မဖြစ်ပါဘူး။ "action speak louder than words" ဆိုတဲ့ စကားရှိပါတယ်။ ပါးစပ်ပြောတဲ့ လက်တွေ့က ပိုထိရောက်တယ်ဆိုတဲ့ သဘောပေါ့။ ရေပုလင်းထဲမှာ တစ်ဝက်ပဲရှိတာကို ထိုင်ညည်းနေရုံနဲ့တော့ ဘာမှ ဖြစ်မလာပါဘူး။ ဖြည့်ပါမယ်။ "ဖြည့်ပါမယ်။ မကြာခင် ပြည့်တော့မှာပါလို့ ပါးစပ်က ပြောနေရုံနဲ့လည်း ဘာမှ ဖြစ်မလာပါဘူး။ တကယ် လက်တွေ့ဖြည့်ပြမှ ပြည့်မှာပါ"

❐

mgyoe.com

mgyoe.com

# လူငယ်အကြောင်း လူငယ်ကိစ္စ

နှစ်ပေါင်း နှစ်ဆယ် အစိတ် စကားပြောသင်တန်းလေး ဖွင့်ပြီး စာသင်ကြား ပေးခဲ့ရာမှာ တော်သူတွေ ရှိ၊ မရှိ မသိနိုင်ပေမယ့် ပျော်သူတွေ များကြတယ် ဆိုတာတော့ ကောင်းကောင်း သိရတယ်။ ကျောင်းသူ ကျောင်းသားဟောင်း တွေနဲ့ ပြန်ဆုံရတဲ့အခါတိုင်း ဆရာ့ကျောင်းမှာ တက်ခဲ့ရတဲ့ ကာလတွေဟာ အပျော်ဆုံး၊ အလွမ်းဆုံးကာလတွေပဲလို့ ပြောကြတယ်။

## လွမ်းကြတဲ့ ကာလတွေ

နိုင်ငံရပ်ခြားမှာ ဆယ့်လေးငါးနှစ်ကြာ နေနေကြ၊ သူများကလည်း ဖုန်းဆက်တဲ့အခါ ဖြစ်ဖြစ်၊ အီးမေးလ်နဲ့ စာရေးတဲ့အခါ ဖြစ်ဖြစ်၊ သင်တန်း ကာလအချိန်တွေကိုပဲ လွမ်းနေရကြောင်း ပြောကြ ရေးကြတယ်။ အဲဒီ အချိန်က သင်တန်းတက်သူမှန်သမျှ တခြားသင်တန်းတွေတက်သလို နှစ်လ သုံးလ တက်ကြတာ မဟုတ်ဘူး။ တစ်နှစ် ကိုးသီတင်း အနည်းဆုံး တက်ကြ တာ။ ကိုးနှစ်၊ ဆယ်နှစ်ကြာအောင် တတ်သူတွေတောင် နည်းတာ မဟုတ် ဘူး။ ဆယ်တန်းဖြေပြီးစက တက်လိုက်တာ၊ တက္ကသိုလ်သက်တမ်း

mgyoe.com

mgyoe.com


တစ်ခုလုံးလည်း တက်၊ တက္ကသိုလ်ပြီးသွားတာတောင် အလုပ်မရမချင်း တက်ကြတာ ဖြစ်တယ်။ တခြားသင်တန်းတွေလို အချိန်ဇယား မရှိ။ ကာလ ကန့်သတ်မှု မရှိ၊ တစ်ခါ ကျောင်းအပ်ပြီးရင် တစ်သက်လုံး ကျောင်းသား ဖြစ်သွားပြီဆိုတော့ စိတ်ကြိုက်တက်လို့ ရတယ်လေ။ ဒါအပြင် သင်ရိုး ညွှန်းတမ်းဆိုတာမျိုးလည်းရှိတာ မဟုတ်ဘူး။ ဆရာက သင်ချင်တာ ကောက်သင်သလို၊ ကျောင်းသားက မေးချင်တာလည်း အချိန်မရွေး မေးလို့ ရတယ်။ တစ်ခါတလေ တစ်နေ့လုံး ဘာမှ မသင်ဘဲ ရောက်တတ်ရာရာ တွေပဲ ထိုင်ပြောနေကြတာ။

## ဆရာလုပ်တာ မကြိုက်နဲ့

ရောက်တတ်ရာရာဆိုမှ တကယ်ကို ရောက်တတ်ရာရာတွေ ပြောကြတာ။ ကဗျာအကြောင်း၊ ဝတ္ထုအကြောင်း ပြောချင်ပြော၊ ရုပ်ရှင်အကြောင်း ပြောချင်လည်း ပြောကြတယ်။ တစ်ခါတလေ တိုင်းမဂ္ဂဇင်း၊ နယူးစ်ဝိခ် မဂ္ဂဇင်းတွေထဲက ကမ္ဘာ့အရေးကိစ္စတွေ ပြောချင်လည်း ပြောကြတယ်။ တစ်ခါတလေကျတော့လည်း သီချင်းခွေတွေ ဖွင့်ပြီး အနုပညာအကြောင်း၊ ဂီတအကြောင်း ပြောကြတယ်။ တစ်ပတ်တစ်ကြိမ်တော့လည်း အကြောင်း အရာတစ်ခု ရွေးပြီး စကားအချေအတင် ပြောတာတွေ လုပ်လေ့ရှိတယ်။ လူငယ်တွေက အဲဒါတွေကို ပျော်ကြတာ။ ချုပ်လိုက်ရင်တော့ စာမသင်လို့ ပျော်ကြတာလို့ ပြောနိုင်မယ် ထင်ပါတယ်။ အဲဒီအချိန်ကစပြီး လူငယ်တွေရဲ့ သဘာဝကို နားလည်စပြုခဲ့တယ်။ လူငယ်တွေ ဆရာလုပ်တာ မကြိုက်ဘူး၊ ဆုံးမတာ မကြိုက်ဘူး။ လွတ်လပ်မှုကို ကြိုက်တယ်။

## ကန့်သတ်မှု မရှိ

စကားအချေအတင် ပြောတဲ့အစီအစဉ်တွေမှာတောင် ဆရာက ခေါင်းစဉ်ရွေးပေးမထားဘူး။ သင်တန်းသားတွေ ဆွေးနွေးချင်တဲ့ ခေါင်းစဉ်ကို ရွေးပြီး ဆွေးနွေးကြတာ ဖြစ်တယ်။ အင်္ဂလိပ်စကားပြော သင်တန်းမို့ အင်္ဂလိပ် လိုပဲ ပြောရမယ်ဆိုတာက လွဲပြီး ဘာမှ ကန့်သတ်မထားဘူး။ အရှုံးအနိုင်

mgyoe.com

mgyoe.com


ဆိုတာလည်း မရှိဘူး။ ဒိုင်လူကြီးလည်း မရှိဘူး။ အနိုင်ရလိုဇောနဲ့ တစ်ဘက်သား ထိခိုက်နစ်နာသွားစေနိုင်တဲ့ စကားမျိုးတွေပါလာရင်သာ ဆရာက ဝင်ဟန့်တယ်။ ငြင်းကြ ခုံကြတဲ့အခါမှာ ဘုရားဟောနဲ့ ကိုင်ပေါက်တာမျိုး၊ ဘယ်သူက ဘယ်မှာ ဘာပြောခဲ့တယ်ဆိုတဲ့ သူများအားကိုးတဲ့ စကားမျိုးထက် သိပ္ပံနည်းကျ ကိုယ်ပိုင်အတွေးအခေါ်မျိုးတွေ ထွက်လာဖို့ အမြဲ ပြောခဲ့တာကြောင့် လူငယ်တွေဟာ ကြိုးစားပြီး အကြံထုတ်ကြတယ်။ သူတို့က အကြံတွေက တစ်ခါတစ်ရံ ရယ်စရာကောင်းပေမဲ့ အများအားဖြင့်တော့ ဆန်းသစ် လတ်ဆတ်တာ တွေ့ရတယ်။ ဒီလို စကား အချေအတင် ပြောရတာမျိုး သူတို့ သိပ်ကြိုက်ကြတယ်။ အမြဲတမ်း တဝါးဝါး တဟားဟားနဲ့ ပျော်နေကြတယ်။

## နှုတ်စလျှာစနည်း

လူကြီးတွေ ပြောတာမှန်သမျှ ကျိုးနွံ ရိုသေစွာဆိတ်ဆိတ်နေပြီး နားထောင်ဖို့ အစဉ်အဆက် သွန်သင်ခဲ့ကြတာဆိုတော့ မြန်မာလူငယ်များဟာ ဉာဏ်ရည်ထက်မြက်ပေမဲ့ နှုတ်စလျှာစနည်းပြီး လူတော သိပ်မတိုးရဲကြဘူး။ ဒီလူငယ်တွေပြောရဲဆိုရဲ ရှိလာစေဖို့ စကားအချေအတင် ပြောပွဲတွေများများ လုပ်ပေးသင့်တယ်။ ရှေးကိုလိုနီခေတ် တက္ကသိုလ်ကျောင်းမှာ စကားအချေအတင် ပြောပွဲတွေ အမြဲ မပြတ် ကျင်းပလေ့ရှိတယ်။ ကိုအောင်ဆန်းတို့၊ ကိုဗဟိန်း၊ ကိုဗဆွေ တို့တစ်တွေဟာ ဒီလိုစကား အချေအတင်ပြောပွဲတွေမှာ နိုင်ငံရေးတရားတွေ ဟောဖို့ စတင်လေ့ကျင့်ခဲ့တာ ဖြစ်တယ်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာလည်း အစိုးရကျောင်းတွေမှာ "စကားရည်လုပွဲ" တွဲပြီး စကား အချေအတင် ပြောပွဲတွေ ဆက်လုပ်ကြပါသေးတယ်။ ဒါပေမဲ့ အခု သိပ်မတွေ့ရတော့ဘူး။ နမြောစရာကောင်းပါတယ်။ စကားရည်လုပွဲဟာ လူငယ်တွေကို လူတောတိုးရဲအောင် လုပ်ပေးဖို့ အကောင်းဆုံးနည်းဖြစ်တယ်။ ကျောင်းတွေမှာ မကြာခဏ ပြုလုပ်ပေးသင့်ပါတယ်။

mgyoe.com

mgyoe.com


## ပါးစပ်ကပြောရုံနဲ့ မဖြစ်

လူငယ်ပြုစုပျိုးထောင်ရေးနဲ့ ပတ်သက်ရင် ကျွန်တော်တို့အများကြီး အားနည်းပါတယ်။ လူငယ်တွေအတွက် အားကစားကလပ်တွေ ရပ်ကွက်တိုင်းမှာ ရှိသင့်ပေမဲ့ ကျွန်တော့်တို့ဆီမှာ မရှိသေးဘူး။ အားကစားကွင်းတွေလည်း မရှိသေးဘူး။ လူငယ်ဆိုတာ အနာဂတ်ရဲ့ ခေါင်းဆောင်တွေလို့ ပါးစပ်က ပြောနေရုံနဲ့ မလုံလောက်ပါဘူး။ ခေါင်းဆောင်ဖြစ်လာဖို့အတွက် လက်တွေ့ လေ့ကျင့်ကွင်းတွေ ဖန်တီးပေးရပါမယ်။ စကားအချေအတင်ပြောတဲ့ ကလပ်တွေ၊ ကြက်တောင်ရိုက်ကလပ်၊ ဘတ်စကက်ဘောကလပ်၊ ဘောလုံးကလပ်နဲ့ ပြေးခုန်ပစ် ကလပ်တွေ ရပ်ကွက်တိုင်းမှာ ရှိအောင် ဖန်တီးပေးရပါမယ်။ လေ့ကျင့်ဖို့ ကစားကွင်းနဲ့ အားကစားရုံတွေလည်း လိုပါတယ်။ တစ်ဘက်မှာလည်း လူငယ်စာပေတွေ ဖွံ့ဖြိုးအောင် လုပ်ပေးရပါမယ်။ အမှန်ပြောရရင် ကျွန်တော်တို့ဆီမှာ လူငယ်တွေ ဖတ်ချင်တဲ့ လူငယ်စာပေစစ်စစ် မရှိသလောက်ကို ရှားပါတယ်။

## စာသင်ရင်ကိုင်မကြည့်ချင်ဘူး

လူငယ်စာပေဆိုပြီး ထွက်လာတာတွေတော့ ရှိပါတယ်။ ဒါပေမဲ့ အများအားဖြင့်တော့ လူငယ်တွေလက်ထဲ မရောက်ပါဘူး။ ထွက်လာတာတွေက လူငယ်ဖတ်ချင်တဲ့ စာအုပ်မျိုး မဟုတ်တာ များတယ်။ စာရေးသူအတော်များများက လူငယ်စာပေ၊ ကလေးစာပေလို့ ဆိုလိုက်ရင် ပညာပေးဖို့နဲ့ ဆုံးမဖို့လောက်ပဲ သတိရကြတယ်။ အထက်မှာပြောခဲ့တဲ့အတိုင်း လူငယ်ရဲ့ သဘာဝက ဆုံးမတာ မကြိုက်ဘူး၊ ပညာပေးတာ မကြိုက်ဘူး။ သုံးနှစ်သားအရွယ် မူကြိုတက်ချိန်က စပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အထိ စာတွေပဲ မရပ်မနား သင်လာခဲ့ရတာဆိုတော့ အပြင်စာအုပ်တွေ ဖတ်တဲ့အခါ ကျောင်းစာတွေလိုပဲ စာသင်နေရင် လိုက်တောင် မကြည့်ချင်တော့ဘူး။ လူငယ်အရေး ဆောင်ရွက်သူတွေ၊ လူငယ်စာပေဆိုပြီး ရေးသူတွေ ဒီအချက်ကို သတိထားသင့်ပါတယ်။

mgyoe.com

mgyoe.com


## စရိုက်ချင်း မိုးနဲ့မြေကွာ

လူငယ်ကိစ္စ စိတ်ပါဝင်စားရင် လူငယ်တွေနဲ့ လက်ပွန်းတတီး ထိတွေ့နေဖို့ လိုပါတယ်။ နိုင်ငံခြားက စာအုပ်တွေဖတ်ပြီး မြန်မာလူငယ်တွေ အတွက် ရေးလို့ မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အနောက်တိုင်းက လူငယ်တွေနဲ့ မြန်မာလူငယ်တွေရဲ့ စရိုက်ချင်းက မိုးနဲ့မြေနဲ့ ကွာခြားနေတာကြောင့် ရင့်ကျက်မှုချင်းကလည်း အများကြီးကို ကွာခြားပါတယ်။ နမူနာလေးတစ်ခု ပြပါမယ်။ အမေရိကမှာ ကွယ်လွန်သွားတဲ့ သားက မြေးလေးတစ်ယောက် ချန်ထားခဲ့ပါတယ်။ အခု ၁၂ နှစ်သား ရှိပြီ။ သူ့ကိုယ်ပိုင် Face Book ရှိတယ်ပြောလို့ တစ်လောက ဖွင့်ကြည့်တော့ မိန်းကလေး သူငယ်ချင်းချည်းပဲ ၄၅ ယောက်တိတိ ရှိတာ တွေ့ရပါတယ်။ လူမျိုးပေါင်းစုံပါပဲ။ အပြန်အလှန် ရေးကြတဲ့ အကြောင်းအရာတွေကလည်း စုံနေတာပါပဲ။ မြေးကတော့ ဆံပင်ရှည်ထားတာ နည်းနည်းလေး ဖြတ်လိုက်တဲ့အတွက် "နှမြောလိုက်တာ"ဆိုပြီး ဝမ်းနည်းပက်လက်ဖြစ်တဲ့ ကောင်မလေးတွေလည်း မနည်းပါဘူး။

## ရင့်ကျက်မှု ကွာတယ်

"ဆရာကြီး မြေးက အိုင်ဖုန်းတစ်လုံးနဲ့ တစ်ချိန်လုံး အလုပ်ရှုပ် နေတာပဲ"

သမီးတပည့်မလည်း ဖြစ်တဲ့ ချွေးမလေးက ဖုန်းဆက်ရင်း ပြောတဲ့ စကားပါ။ အိုင်ဖုန်းနဲ့ အင်တာနက်ချိတ်ပြီး အဖိုးနဲ့ အဒေါ်ဆီကိုလည်း မကြာ မကြာ ဖုန်းဆက်ပါတယ်။ Face Book သူငယ်ချင်းတွေလည်း အများကြီး ရပါတယ်။ အပြန်အလှန် အီးမေးလ်တွေ ပို့ကြ၊ မက်ဆေ့(ချ်)တွေ ပို့ကြ၊ စကားတွေ ပြောကြနဲ့ အားချိန်တောင်ရှိမှာ မဟုတ်ဘူး။ ကွန်ပျူတာရှေ့မှာပဲ အချိန်ကုန်မနေရအောင် တစ်ပတ်လုံးကို သုံးရက် တင်းနစ် ကစားခိုင်း ရတယ်လို့ သူ့အမေက ပြောပါတယ်။ မြန်မာပြည်က ၁၂ နှစ်ရွယ်ကလေး တစ်ယောက်နဲ့စာရင် မြေးကလေးက အများကြီး ရင့်ကျက်နေပါပြီ။ ရင့်ကျက်လွယ်ဖို့ ၁၃ နှစ်သားလောက်ဆိုရင် အုပ်ထိန်းဖို့ တော်တော်

mgyoe.com

mgyoe.com


ခက်တော့မယ်လို့ ချွေးမလေးက ပူနေရှာတယ်။

### ဘာသာပြန်ရုံနဲ့ မရ

အဲဒီလိုကလေးမျိုးတွေ သူတို့နိုင်ငံက စာရေးဆရာတွေရေးတဲ့ ကလေးစာပေမျိုးကို ကျွန်တော်တို့ဆီမှာ ဘာသာပြန်ပြီး ကလေးတွေကို ပေးလို့ ဘာအကျိုးရှိလာမှာလဲ။ လူငယ်စာပေဆို ပိုပြီး အလှမ်းဝေးမှာပေါ့။ မြန်မာပြည်က မြန်မာကလေးတွေနဲ့ မြန်မာလူငယ်တွေ အတွက်စာရေးမယ်၊ အလုပ်,လုပ်မယ်ဆိုရင် မြန်မာကလေးတွေ လူငယ်တွေနဲ့ လက်ပွန်းတတီး နေပြီး သူတို့အကြောင်းသိအောင် အရင်ဆုံးလုပ်ဖို့ လိုပါတယ်။ အနောက် နိုင်ငံက လူတွေရေးတဲ့ စာအုပ်တွေ ဘာသာပြန်ပေးနေရုံနဲ့တော့ အမှန် တကယ် အကျိုးရှိလိမ့်မယ် မထင်ပါဘူး။ လူငယ် စာပေတွေ ရေးမယ်ကြံရင် လူငယ်တွေအကြောင်း သေသေချာချာ သိအောင် အရင်ဆုံး လေ့လာကြပါလို့ နှိုးဆော်လိုက်ချင်ပါတယ်။

❐

mgyoe.com

mgyoe.com

# အတ္တကြီးလာတဲ့ ကျွန်တော်

နယ်က စာဖတ်ပရိတ်သတ် လူငယ် လုံမငယ်လေးတွေ မကြာခဏ လာရောက်နှုတ်ဆက် တတ်ပါတယ်။ ဖုန်းဆက်ပြီး မေတ္တာပို့သူတွေလည်း ပြတ်တယ် မရှိပါဘူး။ စာဖတ်ပြီး သဘောမတူနိုင်တာ ရှိရင်လည်း သဘော မတူကြောင်း ပြောတတ်ကြပါတယ်။ အများအားဖြင့် ဝတ္ထုရေးသူများကိုသာ စာဖတ်ပရိသတ်က မိတ်ဆက်စာတွေ ဘာတွေ ရေးလေ့ရှိကြတော့ အခုလို စာဖတ်ပရိသတ်ဆီက တုံ့ပြန်မှုတွေ မပြတ်ရရှိနေတာကို အံ့သြမိသလို ဝမ်းလည်းသာမိတယ်။

## တက်ကြွတဲ့ စာဖတ်သူများလို

သဘောမတူတာကို သဘောမတူကြောင်း ပွင့်ပွင့်လင်းလင်း ပြောတာကို အထူးသဖြင့် ပိုပြီးဝမ်းသာမိတယ်။ မြန်မာစာဖတ်ပရိသတ်ဟာ ရေငုံနှုတ်ပိတ် စာဖတ်သူ (Passive reader) မဟုတ်ဘဲ၊ ပြောစရာရှိရင် ပြောရဲ ဆိုရဲ ပြောတတ်ဆိုတတ်တဲ့ တက်ကြွတဲ့ စာဖတ်သူ (active reader) တွေဖြစ်တယ် ဆိုတာသိရလို့ ဖြစ်တယ်။ စာပေတိုးတက်ဖို့အတွက် ဒီလိုတက်ကြွ စာဖတ်သူ

mgyoe.com

mgyoe.com


များများလိုအပ်တယ်။ နိုင်ငံတစ်ခု လူမျိုးတစ်မျိုး တိုးတက်ဖို့အတွက်လည်း ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး တစ်မျိုး တိုးတက်ဖို့အတွက်လည်း ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး အရေးကိစ္စမှန်သမျှကို တတ်တတ်ကြွကြွ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ကြသူတွေ များများရှိဖို့ လိုအပ်တယ်။ စာပေဝေဖန်ရေး ဆိုတာရှိမှ စာပေ တိုးတက်တယ်။ နိုင်ငံအရေးကိစ္စမှာလည်း ပြည်သူလူထုက တက်တက်ကြွကြွ ဝေဖန်ဆန်းစစ်မှုပြုမှ အစိုးရများဟာ တည့်တည့်မတ်မတ် လုပ်ငန်းဆောင်ရွက်နိုင်မှာ ဖြစ်တယ်။

## လူငယ်အားမာန်မရှိသလို

စာဖတ်ပရိသတ် လူငယ်တွေရောက်လာတဲ့ အခါတိုင်း "ကျန်းမာအောင်နေပါ၊ ကျွန်တော်တို့မှာ ဆရာတို့ပဲ အားကိုးနေရတာပါ" လို့ ပြောလေ့ရှိတယ်။ ဒီစကားကိုတော့ တယ်ပြီး သဘောမကျလှဘူး။ လူငယ့်အားမာန်ဆိုတာ မရှိသလိုဘဲလို့ ခံစားလိုက်ရတယ်။ လူအို၊ လူမင်းတွေကသာ လူငယ်တွေက ပျိုမျစ်နုနယ်တော့ တက်တက်ကြွကြွနဲ့ အတွေးသစ် အမြင်သစ်တွေ ရှာဖွေကြံဆနိုင်ကြမှာ ဖြစ်တယ်။ နှစ်ဆယ့်တစ်ရာစုထဲ ရောက်နေပြီ။ နှစ်ဆယ့်ရာစုတုန်းက အတွေးအခေါ်တွေနဲ့ ဆက်လုပ်နေလို့ ဘယ်ဖြစ်တော့မှာလဲ။ နှစ်ဆယ့်တစ်ရာစုကို နှစ်ဆယ့်တစ်ရာစု လူငယ်တွေ ဦးဆောင်မှ သဘာဝကျတော့မှာပေါ့။ ကျွန်တော်တို့တစ်တွေက နှစ်ဆယ်ရာစုက လူသားတွေလေ။

## အတွေ့အကြုံမရှိသေးလို့တဲ့

ဒီအကြောင်းပြောပြတဲ့အခါ လူငယ်တွေက သူတို့မှာ အတွေ့အကြုံဗဟုသုတ မပြည့်စုံသေးတဲ့အတွက် လူကြီးတွေရဲ့ ရှေ့က လမ်းပြမှုတော့ လိုပါသေးတယ်လို့ စောဒကတက်ချင်ကြတယ်။ ဒီစကားကိုလည်း မကြိုက်ပါဘူး။ ကိုအောင်ဆန်းဟာ တက္ကသိုလ်ကျောင်းသား မောင်အောင်ဆန်းဘဝကနေ သခင်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်းရယ်လို့ ဖြစ်သွားတော့ အသက် သုံးဆယ်တောင် မရှိသေးပါဘူး။ ကိုဗဟိန်းတို့၊ ကိုဗဆွေတို့၊

mgyoe.com

mgyoe.com

သခင်သန်းထွန်း တို့တစ်တွေလည်း အဲဒီအချိန်က လူငယ်လေးတွေပဲ ရှိကြသေးတာ။ သူတို့လို လူငယ်တွေကြောင့် လွတ်လပ်ရေးရခဲ့တာ ဖြစ်တယ်။ ဒီခေတ်က "တောင်ကျရေ နွားနှစ်ကောင် မဝသလိုပဲ"လို့ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ပြောခဲ့တဲ့ ငါးထောင်စားကြီးများရဲ့ လမ်းကိုသာ လိုက်လို့ကတော့ "ရွှေပြည်တော် မျှော်တိုင်းဝေး"ပဲ ဖြစ်နေရမှာ သေချာတယ်။

## မှီခိုစိတ်အားကြီးတယ်

လူငယ်တချို့က သဘောပေါက်ပေမဲ့ တချို့က လက်မခံချင် ကြသေးဘူး။ "ဆရာက ဆရာရေးတဲ့အတိုင်း နက်တီဗင် ခေတ်လူသားပဲ၊ မဟောင်း၊ မဆွေးသေးပါဘူး၊ ဒါကြောင့် အားကိုးကြတာပါ" လို့ ဖွင့်ပြော ကြသေးတယ်။ တချို့ လူငယ်တွေက မှီခိုစိတ်အားကြီးကြတယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု သိပ်ပြီး မရှိကြဘူး။ "အတ္တသမံ ပေမံနတ္ထိ" ကိုယ့်ကိုယ်ကိုယ်က လွဲပြီး အားကိုးစရာမရှိဆိုတဲ့ စကား မကြားဖူးကြသလိုပဲ။ သူများ အားကိုးလို့ ကောင်းစားတယ်ဆိုတာ မရှိဘူး၊ အားကိုးမှားလို့ ဒုက္ခရောက်တာသာရှိတယ်ဆိုတဲ့အကြောင်း သဘောမပေါက်ကြဘူး။

## အသက်ကြီးတော့အတ္တကြီး

သူတစ်ပါးကိုပဲ မှီခိုအားထားချင်တဲ့ လူငယ်လေးတွေနဲ့ နှစ်ဆယ့်တစ်ရာစုကို ဘယ်လိုဆက်ပြီး ချီတက်ကြမှာလဲ။ နောက်ပြီး ဘာမှ မလုပ်ဘဲ ငုတ်တုတ်ကြီး ထိုင်နေတဲ့ လူနောက်ကို လိုက်ဖို့ စောင့်နေရင်လည်း ဘယ်လိုမှရောက်သွားမှာမဟုတ်ပါဘူး။ သူများတွေကို မပြောချင်ဘူး၊ ကိုယ့်အကြောင်းပဲ ကိုယ်ပြောပါမယ်။ ကျွန်တော်က အသက်ကြီးလာတော့ အစွမ်းအစတွေလည်း တုံးကုန်ပြီ။ သတ္တိလည်း မရှိတော့ဘူး။ ပိုဆိုးတာက အသက်ကြီးလာလေ အတ္တကြီးလာလေ ဖြစ်သွားတာပဲ။ မသေခင်လေး အေးအေးဆေးဆေး သက်သောင့်သက်သာ နေချင်စိတ်က များနေပြီ။ လူအများအကျိုး တိုင်းကျိုးပြည်ကျိုးဆိုတဲ့ စိတ်တွေ ခြောက်ခန်းသွားပြီ။ ဒါတွေ တစ်သက်လုံး လုပ်ခဲ့ပြီးပြီ၊ ခုတော့ ငါ့အတွက်ပဲ ကြည့်တော့မယ်။

mgyoe.com

mgyoe.com


ငါ့သား၊ မယားများ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်ဖို့ပဲ ကြည့်တော့မယ် ဆိုတဲ့ စိတ်တွေများနေပြီ။

## ကိုယ့်လမ်းကိုယ်ထွင်ပါ

ဒီလိုအတွင်း အတ္တစိတ်တွေကို လူငယ်တွေက မြင်ကြ သိကြတာ မဟုတ်ဘူး။ အရင်က လုပ်ခဲ့တာတွေကိုသာ ကြည့်ပြောနေကြတာ။ လူကိုကြည့်တဲ့အခါ အဲဒီအချက် သိပ်အရေးကြီးတယ်။ ရှေးတုန်းက ဘာလုပ်ခဲ့တယ်ဆိုတာတွေ ကြည့်ပြီး ခေါင်းပေါ်တင်ထားလို့ ဖြစ်တာ မဟုတ်ဘူး။ အခု ဘာလုပ်နေသလဲဆိုတာကိုပဲ ကြည့်ရမှာ။ မှန်တာပြောရရင် ခုချိန်မှာ ကျွန်တော်က ပိုက်ဆံရပြီးရော၊ ဘာမဆိုလုပ်မယ်ဆိုတဲ့ စိတ်ဆိုး စိတ်ယုတ် မရှိတာကလွဲရင်၊ ကျန်တာဘာမှ အသုံးမကျတော့ပါဘူး။ ဒီလို လူမျိုးကို အားကိုးတယ်ဆိုတာ သိပ်ကို မှားတာပေါ့။ ဘာမှမလုပ်ဘဲ ငုတ်တုတ်ကြီး ထိုင်နေသူ နောက်ကို လိုက်ဖို့ စိတ်ကူးရင် ဘယ်တော့မှ ရောက်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်လမ်း ကိုယ်ထွင်ပြီး ဆက်လျှောက်ကြပါလို့ လူငယ်တွေကို ပြောလိုက်ချင်ပါတယ်။

❒

mgyoe.com

mgyoe.com

# ငြင်းခုံတာဟာ ရန်ဖြစ်တာမဟုတ်

တစ်နေ့က တပည့်မလေးတစ်ယောက် လက်ဆောင်ကလေးတွေနဲ့ ရောက်လာပါတယ်။ ပုံးရေကြီး၊ သနပ်ခါးတုံး၊ ပဲကြော် စတဲ့ အညာစာ ကလေးတွေပါ။ ပုဂံ၊ ညောင်ဦးနဲ့ ပခုက္ကူဘက်ကို ရုံးအဖွဲ့နဲ့ သွားခဲ့လို့ ဝယ်လာတာလို့ ပြောပြပါတယ်။ သူက နိုင်ငံခြား ပရဟိတ အဖွဲ့အစည်း တစ်ခုမှာ အလုပ်လုပ်နေတာပါ။ သူတို့ ရုံးက အဲဒီဒေသတစ်ဝိုက်မှာ စီမံချက်တွေရှိလို့ သွားကြည့်ကြတာ ဖြစ်ပါတယ်။ သူက တောင်ကြီးသူလေး ဖြစ်တော့ အညာဒေသရဲ့ မြင်ကွင်းတွေဟာ လုံးဝ အသစ်အဆန်းဖြစ်ပြီး နေရပုံတွေကို ပြောပြပါတယ်။ အဲဒီလိုပြောရင်းက သဲချောင်းတွေရှိတဲ့ နေရာတစ်ဝိုက်မှာ တချို့ရွာတွေက ကလေး၊ လူကြီးတွေ ထွက်ထွက်ပြီး ပိုက်ဆံတောင်းကြတာတွေကို စိတ်မချမ်းမြေ့စရာ တွေ့ခဲ့ရကြောင်း ပြောပြပါ တယ်။ တစ်နေရာလည်း မဟုတ်၊ နှစ်နေရာလည်း မဟုတ်။ တစ်ယောက် တလေလည်း မဟုတ်ဆိုတော့ နိုင်ငံခြားသားတွေရှေ့ အရှက်စရာ ကောင်းလှ ကြောင်းကိုလည်း စိတ်မကောင်းစွာနဲ့ ပြောပြပါတယ်။

သူ ပြောပြတော့မှ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်က ကျောင်းသူ

mgyoe.com

ကျောင်းသားတွေ ၁၀၀ ကျော်နဲ့ အဲဒီဒေသတစ်ဝိုက်ကို ခရီးထွက်ခဲ့ကြတာများကို ပြန်ပြီး အမှတ်ရမိပါတယ်။

အဲဒီတုန်းကလည်း ဒီလိုမြင်ကွင်းတွေ တွေ့ခဲ့ရတာကြောင့် ပြန်ရောက်ပြီး မကြာမီ အတန်းထဲမှာ ငြင်းခုံပွဲလေးတစ်ခု လုပ်ခဲ့ကြဖူးပါတယ်။ ငြင်းခုံပွဲဆိုတာ ဆွေးနွေးပွဲမျိုး မဟုတ်ပါဘူး။ စကား အချေအတင် ပြောကြတာပါ။ စကားရည်လုပွဲ သဘောမျိုးပါပဲ။ အကြောင်းအရာတစ်ခုကို မတူတဲ့ အမြင် ၂ မျိုးနဲ့ ငြင်းခုံကြတာပါ။ မှားတယ် မှန်တယ် ဆုံးဖြတ်ဖို့ မဟုတ်ပါဘူး။ အင်္ဂလိပ်စကားပြောသွက်အောင် အကျိုးနဲ့ အကြောင်းနဲ့ ဆက်စပ်ပြီး စဉ်းစားတတ်အောင် လေ့ကျင့်ပေးတဲ့ သဘောမျိုး ဖြစ်ပါတယ်။

အဲဒီတစ်ကြိမ်က ပုံစံအမျိုးမျိုးနဲ့ တောင်းရမ်းနေသူတွေကို သနားတယ်ဆိုပြီး ပေးကမ်းစွန့်ကြဲ လုပ်သင့် ၊ မလုပ်သင့် ငြင်းကြတာပါ။ လုပ်သင့်တယ်ဆိုတဲ့ ဘက်ကလည်း တောင်းတဲ့သူတွေဟာ တကယ်လိုအပ်နေလို့သာ တောင်းနေကြတာ ဖြစ်တယ်၊ လူမှန်ရင် ဘယ်သူမှ သူများဆီ အောက်ကျို့ အသနားခံပြီး တောင်းချင်မှာ မဟုတ်ဘူး။ လူတိုင်းလူတိုင်းမှာ မာနဆိုတာ ရှိစမြဲ ဖြစ်တယ်။ အင်္ဂလိပ်စကားမှာ Poverty is product ဆိုတဲ့ ဆိုရိုးစကား တစ်ခုရှိတယ်။ ဆင်းရဲတဲ့ လူများက ပိုပြီး မာနကြီး တတ်တယ်။ သူများ ပေးစာကမ်းစာနဲ့ စားသောက်နေရတဲ့ ဘဝမျိုး ဘယ်သူမှ မရောက်ချင်ဘူး။ သူတို့မှာ တခြားနည်းလမ်း မရှိလို့သာ တောင်းရမ်းနေကြတာ ဖြစ်မှာပဲ။ နောက်ပြီး၊ လူသားတိုင်းမှာ စာနာ ထောက်ထားတဲ့ စိတ်ဓာတ်မျိုး ရှိသင့်တယ်။ လိုအပ်နေလို့ တောင်းနေတဲ့ သူကို ပစ်ပစ်ခါခါ ငြင်းပယ်ပစ်တာဟာ ကရုဏာတရား ကင်းမဲ့ရာ ရောက်တယ်။ လူသားစိတ် မရှိရာ ရောက်တယ်။ ကိုယ်ကူညီလိုက်လို့ တစ်ဘက်သားက ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတာကို မြင်ရတဲ့အခါမှာ ကိုယ်ကိုယ်တိုင်လည်း စိတ်ထဲမှာ ပီတိဖြစ်သွားတာကို ခံစားရတယ်။ ဒီလို ပီတိမျိုးကို တခြားဘယ်နည်းနဲ့မှ မရနိုင်ဘူး စသည်ဖြင့် အကျိုးအကြောင်း ဆက်စပ်ပြီး အချက်ကျကျ ပြောကြပါတယ်။

ငြင်းခုံ ချေပသူများကလည်း ဆင်းရဲပါတယ်၊ သနားပါတယ် ဆိုပြီး ပေးကမ်း စွန့်ကြဲလုပ်တာထက် ဆင်းရဲတဲ့ ဘဝက လွတ်မြောက်အောင်သာ လမ်းညွှန်ပြခြင်း၊ ပါဝင်ကူညီခြင်းတို့ လုပ်သင့်တဲ့ အကြောင်း၊ တစ်ကျပ်

mgyoe.com


တစ်ပြား လမ်းကြုံလို့ စွန့်ကြဲလိုက်ရုံနဲ့ ဆင်းရဲသူတွေရဲ့ ဘဝတိုးတက် ကောင်းမွန်သွားမှာ မဟုတ်ရုံသာမက၊ ရေသာခိုပြီး ကြိုးစားအားထုတ် အလုပ်လုပ်ချင်တဲ့ အကျင့်ဆိုးကြီး ရသွားနိုင်တဲ့ အကြောင်း၊ ပေးကမ်းစွန့်ကြဲခြင်းဟာ သနားရာ မရောက်ဘဲ၊ ပိုပြီး ဆိုးသွားတဲ့ တောင်းရမ်းစားသောက်သူ ဘဝကိုရောက်အောင် တွန်းပို့သလိုသာ ဖြစ်နေတဲ့ အကြောင်း၊ နောက်ပြီးတော့ ကိုယ်က ပေးကမ်းကူညီလိုက်နိုင်တာက ကိုယ်လမ်းကြုံလို့ တွေ့ခဲ့ရသူ အနည်းငယ်လေးမျှသာ ဖြစ်တဲ့ အကြောင်း၊ ဒီလို လုပ်လိုက်ရတာလေးကိုပဲ တကယ့် ပရဟိတ လုပ်ငန်းကြီးတစ်ခုသဖွယ် အောက်မေ့သွားခဲ့ရင်၊ တခြား လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေဘက် အာရုံမရောက်တော့ဘဲ၊ ဒီလို တစ်နိုင်တစ်ပိုင် ပေးကမ်းကူညီမှုလေးတွေနဲ့တင် ရောင့်ရဲနေတတ်တဲ့ အန္တရာယ် ရှိကြောင်း၊ နောက်ပြီး ဒီလိုပေးကမ်း စွန့်ကြဲတာဟာလည်း တကယ်အစစ်အမှန်က၊ ပေးကမ်းစွန့်ကြဲလိုက်တဲ့ အပေါ်မှာ ကိုယ်ခံစားရတဲ့ "ပီတိ" ကို လိုချင်တပ်မောတဲ့အတွက်သာ ဖြစ်ကြောင်း၊ ပရဟိတ စိတ်ဓာတ် လုံးလုံးမဟုတ်ကြောင်း အတ္တဟိတသာလျှင်ဖြစ်ကြောင်း၊ အမှန်တကယ် လုပ်သင့်လုပ်ထိုက်တာက ဆင်းရဲမွဲတေမှုဆိုတဲ့ အရာဖြစ်လာစေတဲ့ ပင်မ အကြောင်းရင်းကိုရှာပြီး ဖြေရှင်းရမှာ ဖြစ်ကြောင်း၊ ဒါမှသာ ဆင်းရဲမွဲတေမှု လုံးဝ ပပျောက်သွားမှာဖြစ်ကြောင်း၊ ဒီအကြောင်းကို မိမိကိုယ်တိုင် သဘောပေါက်ဖို့လိုသလို ဆင်းရဲမွဲတေသူများ ကိုယ်တိုင် သဘောပေါက် နားလည်အောင် ကူညီ ဆောင်ရွက်ပေးသင့်ကြောင်း၊ လူ့လောကမှာ "သနားပါတယ်" လို့ ပြောနေသူတွေက များပြီး "သနားစရာ" ဘဝက လွတ်အောင် ဆောင်ရွက်သူ မရှိသလောက် ဖြစ်နေတဲ့အကြောင်း စသဖြင့် စသဖြင့် အချက်ကျကျ ပြန်လှန် ချေပကြပါတယ်။

စာသင်နေတုန်းက အပတ်စဉ်လိုလို ဒီလို ငြင်းခုံပွဲလေးတွေ လုပ်ပါတယ်။ စကားပြောသွက်လာရုံ ရဲလာရုံမက၊ အကျိုးအကြောင်း ဆက်စပ်စဉ်းစားတတ်တဲ့ အကျင့်ကလေးလည်း ရင့်သန်လာစေနိုင်ပါတယ်။ လူငယ်တွေဘက်ကလည်း အဲဒီ အစီအစဉ်လေးကို တော်တော် သဘောကျကြပါတယ်။ တစ်ခါတလေ သူတို့ကိုယ်တိုင် အကြောင်းအရာ ရွေးပြီးတော့ ပြောကြပါတယ်။ လက်ဖက်ရည်ဆိုင်ထိုင်တာ ကောင်း,မကောင်းတို့၊

mgyoe.com

mgyoe.com


ရည်းစားထားတာ အပြစ်ရှိ, မရှိတို့၊ ဆရာသမားတွေဘက်က မှားနေတာကို ထောက်ပြ ဝေဖန် သင့်, မသင့်တို့ကို လူငယ်တွေနဲ့ ဆက်စပ် ကိစ္စမျိုးလေးတွေက အစ၊ မျှော်လင့်ချက်မရှိတော့တဲ့ ရောဂါဝေဒနာ ခံစားနေရသူတစ်ဦးက သူ့ဘဝကို သူကိုယ်တိုင် အဆုံးသတ်ချင်ပါတယ်ဆိုတဲ့ ကိစ္စမျိုးမှာ ဆရာဝန်က ညင်ညင်သာသာနဲ့ အသက်ထွက်နိုင်အောင် ဆေးထိုးပေးတာတို့၊ လပေါင်းများစွာ သတိလစ် မေ့မြောနေပြီး ဘာ အသိ၊ ဘာ ခံစားချက်မှ မရှိတော့တဲ့ ဦးနှောက်သေဆုံးနေပြီဖြစ်တဲ့ လူနာကို နှလုံးခုန်စက်တွေ၊ အသက်ရှူစက်တွေ ရပ်ပစ်ပြီး အသက်ဆုံးသွားစေတဲ့ ကိစ္စတို့လို ဆေးပညာအခေါ် Euthanesia ရိုးရိုးလူတို့အခေါ် Mercy Killing ကို လုပ်သင့်၊ မလုပ်သင့်တို့၊ လူသား ဗီဇကို ပုံတူမျိုးပွားပြီး "ကလုံးလူသား" လုပ်သင့် မလုပ်သင့်တို့၊ ရာဇဝတ်မှုကြီးများ ကျူးလွန်သူကို သေဒဏ်ပေးတာ သင့်, မသင့်တို့လို ကြီးမားတဲ့ ကိစ္စကြီးတွေအဆုံး ရွေးချယ် ပြောဆိုကြပါတယ်။

ဒီလို အချေအတင် ငြင်းခုံကြရတာကို လူငယ်တွေ တော်တော်ပျော်ကြပါတယ်။ အနိုင်အရှုံးဆုံးဖြတ်တာ မရှိ၊ အမှတ်ပေးတာ မရှိ ဆိုတော့ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ပြောကြဆိုကြရတာကိုး။ကိုယ်ကြိုက်တဲ့ အကြောင်းအရာကို ကိုယ်ရွေးပြီး ပြောလို့ရတာမျိုးဆိုတော့ အကြောင်းအရာရအောင် စာလည်း ဖတ်ဖြစ်ကြပါတယ်။ သူတို့အတွက် အမြတ်ထွက်ဆုံးကတော့ ဘယ်ကိစ္စမဆို အကျိုးနဲ့အကြောင်း ဆက်စပ်ပြီး စဉ်းစားတဲ့ အလေ့အကျင့်ကို ရသွားစေတာဖြစ်ပါတယ်။ မီး ခိုးလို့ဆိုပြီး မီးခိုးကို ယပ်တောင်နဲ့ ဝိုင်းခပ်နေလို့ မရဘူး။ လက်ညောင်းလို့ ယပ်ခပ်နားလိုက်တာနဲ့ မီးက ခိုးဦးမှာပဲ။ မီး မခိုးစေချင်ရင် မီးခိုး ထွက်စေတဲ့ မီးစကို ငြိမ်းသတ်ပစ်မှ ဖြစ်နိုင်တယ်ဆိုတဲ့ သဘောတရားကို သိရှိ သဘောပေါက်စေခဲ့ပါတော့တယ်။

လူငယ်တွေ ငြင်းခုံကာ အချေအတင် ပြောတာဟာ ရန်ဖြစ်တာ မဟုတ်ဘူးဆိုတဲ့ အချက်ကို သဘောပေါက်သွားတဲ့အတွက် ဒီလို စကားဝိုင်းလေးတွေလုပ်ဖြစ်တာကိုပဲ ဝမ်းသာနေခဲ့ရပါတော့တယ်။

□

mgyoe.com

mgyoe.com

# ကွာဟချက်

ဆယ်တန်း စာမေးပွဲလို့ပဲ လူတိုင်းခေါ်ကြတဲ့ အခြေခံပညာ အထက်တန်း စာမေးပွဲ အောင်စာရင်းတွေ ထွက်လာပြီးတဲ့နောက်၊ နှစ်ရက်၊ သုံးရက် အကြာမှာ ဂုဏ်ထူးရသူတွေကို မိဘ ဆွေမျိုးများက ဂုဏ်ပြုတဲ့ ကြော်ငြာတွေ သတင်းစာနဲ့ ဂျာနယ်တွေမှာ နေ့စဉ်ရက်ဆက် ဖတ်နေရတယ်။

## ဂုဏ်ပြုထိုက်လို့ ဂုဏ်ပြုတာ

ခြောက်ဘာသာ ဖြေရာမှာ ခြောက်ဘာသာလုံး ဂုဏ်ထူးရတာ၊ လေးဘာသာ၊ ငါးဘာသာ ဂုဏ်ထူးရတယ်ဆိုတာ လွယ်တာ မဟုတ်ပါဘူး။ ကျောင်းသားရော မိဘတွေပါ မောဟိုက်သွားအောင်ကို ကြိုးစားအားထုတ် ကြရမှာပါ။ အဲဒါကြောင့် ဂုဏ်ပြုထိုက်၊ ချီးကျူးထိုက်ပါတယ်။ တစ်ဦးချင်း ဂုဏ်ပြုမှုတွေအပြင် အောင်ချက်ရာနှုန်းကောင်းလွန်းတဲ့ ကျောင်းတွေကို မိဘတွေက ဂုဏ်ပြုကြတဲ့ ကြော်ငြာတွေလည်း ဖတ်ရတယ်။ တချို့ကျောင်း တွေက အောင်ချက်ရာနှုန်း ၉၀ ရာခိုင်နှုန်းကတောင် နည်းနည်း စွန်းကြသေး တယ်။ အထူးတလည်ကို ဂုဏ်ပြုသင့်ပါတယ်။ ဂျာနယ်တွေကလည်း ဂုဏ်ပြုပြီး သတင်းတွေ ဝေဝေဆာဆာ ဖော်ပြပေးကြတယ်။

mgyoe.com

mgyoe.com


## နယ်မှာလည်းဘာသာစုံဂုဏ်ထူးထွက်

ဂျာနယ်တွေမှာ ဖော်ပြချက်အရ၊ မြို့ငယ်လေးတွေ တချို့မှာလည်း ဘာသာစုံ ဂုဏ်ထူးထွက်သူတွေရှိတယ်ဆိုတာ သိရလို့ ဝမ်းသာရသေးတယ်။ မြို့နယ် အတော်များများရဲ့ အောင်ချက်တွေက ၃၀ရာခိုင်နှုန်း တစ်ဝိုက်မှာ ရှိကြတာ တွေ့ရတယ်။ တချို့ကျတော့ ၃၀ အောက် ၂၀ ရာခိုင်နှုန်း ဝန်းကျင် ရှိကြတယ်။ ဂျာနယ်တွေက သတင်းတွေ ဖတ်ပြီးတော့ ထူးချွန်စွာ အောင်မြင်ကြသူများအတွက် ဝမ်းသာမိသလို၊ မြင်းကောင်း ခွာလိပ်ဖြစ်ရာကြသူများ အတွက်လည်း စိတ်မကောင်း ဖြစ်မိတယ်။ အထူးသဖြင့် နယ်မြို့ငယ်လေး တွေက ကလေးတွေ ခွာလိပ်မှု အများဆုံး ဖြစ်ရတာ အတွက် ပိုစိတ်မကောင်း ဖြစ်ရတယ်။

## မြို့ကြီးတွေမှာ သင်စရာတွေများ

မြို့ကြီးပြကြီးတွေမှာက ဆယ်တန်း မအောင်တောင် သင်ယူစရာ အသက်မွေးဝမ်းကျောင်း ပညာသင်တန်းတွေ အများကြီးရှိတယ်။ လုပ်စား စရာ အလုပ်ခွင်တွေလည်း ပေါတယ်။ ဆယ်တန်း မအောင်ပေမဲ့လည်း ဘဝတက်လမ်း ပျောက်မသွားဘူး။ လုပ်စရာ တစ်ခုခုတော့ လုပ်ချင်သူတိုင်း အတွက် ရှိနေသေးတယ်။ နယ်မြို့ကလေးတွေမှာတော့ အသက်မွေး ဝမ်းကျောင်း ပညာသင်ကျောင်း ပညာသင်တန်းဆိုတာမျိုးတွေ ရှားပါးသလို၊ လုပ်စရာ လုပ်ငန်းခွင်လည်း ကျယ်ကျယ်ပြန့်ပြန့်ရှိတာ မဟုတ်ဘူး။ ဆယ်တန်းမှ မအောင်သူတစ်ယောက်အတွက်ဆိုရင် ခုခေတ်မှာ ကိုယ်ပိုင် လုပ်ငန်းနဲ့ ကြုံရာကျပန်းကလွဲပြီး လုပ်စရာ ဘာမှ မရှိနိုင်ဘူး။ ရှေးကဆို ကျောက်ထိုးဆရာလောက်တော့ ဖြစ်နိုင်သေးတယ်။ ခုခေတ်က ဘွဲ့ရတာ တောင် ကိုယ့်ရွာက ကျောင်းမှာ မူလတန်းဆရာလေး ပြန်လုပ်ချင်လို့ ရနိုင်တာ မဟုတ်ဘူး။

mgyoe.com

mgyoe.com

## ကွာဟချက်ကြီးမားလွန်း

နယ်က ကလေးတွေ များများအောင်စေချင်တယ်။ ဒါမှ မဟုတ်လည်း သူတို့အတွက် အသက်မွေးဝမ်းကျောင်း ပညာသင်ယူနိုင်တဲ့ ကျောင်းတွေ၊ သင်တန်းတွေက များများ ဖွင့်ပေးကြစေချင်တယ်။ သင်တန်းတွေက ဆင်းတာနဲ့ လုပ်ငန်းခွင်ထဲ တန်းဝင်သွားလို့ရအောင် အလုပ်ခွင်တွေလည်း များများ ထွန်းကား ပေါ်ပေါက်စေချင်တယ်။ လက်ရှိအနေအထားမှာ နယ်နဲ့ မြို့ကွာဟချက်က လှမ်းမျှော်ကြည့်လို့ မရနိုင်လောက်တဲ့အထိကို ကြီးမား နေတယ်။ နယ်နဲ့မြို့ မဆိုထားနဲ့၊ ရန်ကုန်လို မြို့ကြီးမှာတောင် ရှိသူ (have)နဲ့ မရှိသူ (Have not) တို့ရဲ့ ကွာခြားချက်က အလွန့်အလွန်ကို ကြီးမားနေတာ တွေ့ရတယ်။

## ဒလ က ကလေးတွေလည်း ဂုဏ်ပြုခံရစေချင်

သာကေတ လို၊ ရွှေပြည်သာ လို၊ ဒလ လိုနေရာတွေက ကျောင်းတွေနဲ့ ကလေးတွေ သတင်းစာထဲမှာ ကြော်ငြာပြီး ဂုဏ်ပြုခံရတာမျိုး တစ်ခါမှ မတွေ့ဖူးသေးပါဘူး။ မြန်မြန်ကြီး မြင်တွေ့ချင်လှပါတယ်။ ဒီတစ်ပတ်ထဲမှာပဲ တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင် ပြောကြားသွားတဲ့ စကားတစ်ခွန်းဟာ မှတ်သားစရာ ကောင်းပါတယ်။ တရုတ်ပြည် တစ်ဝန်းလုံးမှာ ရွှေ့ပြောင်း လုပ်သား သန်း ၂၀၀ လောက် ရှိနေတယ်။ ဒီလူတွေဟာ မိဘတွေနဲ့ မိသားစုတွေကို လုပ်ကိုင်ကျွေးမွေးဖို့အတွက် မလွှဲမရှောင်သာ ရွှေ့ပြောင်း လုပ်သားဘဝ ရောက်လာကြတာ ဖြစ်တယ်။ အလုပ်ရှင်တွေက သူတို့တစ်တွေကို၊ ကိုယ့် သား၊ သမီးများသဖွယ် သဘောထားပြီး ကူညီ စောင့်ရှောက်ကြဖို့ လိုတယ်ဆိုတဲ့ စကားဖြစ်တယ်။

## စိတ်ချဉ်ပေါက်မှုတွေ

အခုတလော တရုတ်နိုင်ငံ နေရာအနှံ့အပြားမှာ လူမှုရေး မငြိမ်မသက်မှု တချို့ ဖြစ်ပေါ်ခဲ့ပြီး၊ အလုပ်ခွင်ထဲက အလုပ်သမားတွေ သေကြောင်း ကြံစည်မှုတွေလည်း အတော်များများ ဖြစ်ပွားခဲ့တယ်။ ဒါတင်မက တရုတ်

mgyoe.com

mgyoe.com


ပြည်မှာ ဘယ်တုန်းကမှ မကြားဖူးခဲ့တဲ့၊ မူလတန်းကျောင်းကလေးထဲ ဝင်ပြီး ကလေးတွေကို အကြမ်းဖက် သတ်ဖြတ်မှုမျိုးအထိ၊ ဆက်တိုက်လို ဖြစ်ပွား ခဲ့တယ်။ အဲဒါကြောင့် တရုတ်ဝန်ကြီးချုပ်က အလုပ်ရှင်တွေကို ပြောကြား ခဲ့တာ ဖြစ်တယ်။ လူမှုရေး မငြိမ်မသက်မှုတွေနဲ့ စိတ်ချဉ်ပေါက်နေသူများရဲ့ အကြမ်းဖက်မှုတွေဟာ၊ တောနဲ့ မြို့ကွာဟချက် ကြီးမားလွန်းမှုနဲ့ ဆင်းရဲ ချမ်းသာ ကွာဟချက် နက်ရှိုင်းလွန်းမှုတို့မှာ အခြေခံခဲ့တာ ဖြစ်တယ်။

## မဆိုးပေမယ့် ရှိနေပြီ

မြန်မာနိုင်ငံက သယံဇတ အင်မတန်ကြွယ်ဝပြီး၊ လူဦးရေ ကလည်း များလွန်းလှတာ မဟုတ်လေတော့ တောနဲ့ မြို့ ကွာဟချက်က တရုတ်တို့ အိန္ဒိယတို့လောက်တော့ မဆိုးသေးပါဘူး။ ဒါပေမဲ့ ရှေးကလို မဟုတ်တော့ ဘူးဆိုတာကတော့ သိသာ ထင်ရှားတယ်။ ရန်ကုန်မြို့ကြီးမှာ လူဦးရေ အဆမတန်တိုးပွားပြီး လျှပ်စစ်ဓာတ်အား မလုံလောက်၊ ရေမလောက် ဖြစ်တာကိုသာ ကြည့်တော့။ ၁၉၆၀ တစ်ဝိုက်က အိမ်တွေမှာ ခုခေတ်လို ရေမော်တာစက်တွေ မရှိဘူး။ အပေါ်ထပ်ထိ ရေက သူ့အလိုလို တက်တယ်။

## အကျိုးမျှော်လို့ နှိုးဆော်

ဒီလိုလူဦးရေ တိုးသထက်တိုးလာတာဟာ မြို့နဲ့ တော ကွာဟချက်၊ ဆင်းရဲ ချမ်းသာ ကွာဟချက် ကြီးသထက် ကြီးလာခြင်းရဲ့ အကျိုးဆက် ဖြစ်တယ်။ တောမှာ ကျပ်တည်းကြတော့ လူတွေ မြို့တက်ပြီး အလုပ်ရှာ လုပ်ကြရတယ်။ မြို့နေလူတန်းစားနဲ့ တောနေလူတန်းစားရဲ့ ဝင်ငွေ အချိုး အစားက သိသိသာသာ ကွာခြားရုံသာမက၊ တခြားအခွင့်အလမ်းတွေလည်း နှိုင်းယှဉ်လို့ မရအောင် ကွာခြားတယ်။ ကွာခြားမှု ကြီးမားနက်ရှိုင်းလွန်းတာ မကောင်းဘူး။ အန္တရာယ်တွေကို ဖိတ်ခေါ်သလို ဖြစ်စေတယ်။ အဲဒါကြောင့် ပညာရေး ကျန်းမာရေး၊ စီးပွားရေးကအစ၊ တောနဲ့မြို့ကွာခြားမှု ကြီးသထက် ကြီးမလာအောင် သတိထားဆောင်ရွက်ကြဖို့လိုတယ်ဆိုတဲ့အကြောင်း အကျိုးမျှော်လို့ နှိုးဆော်လိုက်ရပါတယ်။

❒

mgyoe.com

mgyoe.com

# လူငယ်တွေ စားဖားမဖြစ်စေဖို့

မကြာမီက ရေးခဲ့တဲ့ စာတစ်ပုဒ်နဲ့ ပတ်သက်ပြီး မီဒီယာသမား တချို့က ထပ်ဆင့်မေးခွန်းထုတ်ကြပါတယ်။ မဖြေလိုက်ပါဘူး။ အကျိုးတရားရော အကြောင်းတရားရော စာထဲမှာ ပြည့်စုံအောင်ရေးထားလို့ ဘာမှ ထပ်ဖြေစရာလည်း မရှိတော့ပါဘူး။

## သတင်းသမားလက်သုံးဆောင်ပုဒ်

စာရေးဆရာ မဟုတ်ဘဲ သတင်းသမား သက်သက်ဖြစ်လို့ စာကို ဖတ်ကောင်းအောင် တန်ဆာဆင်ပြီး မရေးတတ်ပါဘူး။ လိုတိုရှင်းခဲ့ဒိုး (တည့်တိုး) ပဲ ရေးတတ်တယ်။ အဲဒါကြောင့် ဘာပဲရေးရေး၊ နားမလည်ဘူး ဆိုတာ မရှိနိုင်လောက်ဘူးလို့ ထင်တယ်။ စာရေးရင် ဦးတည်ချက်က ဘာဖြစ်တယ်၊ ဘာ့ကြောင့် ရေးရတယ်ဆိုတဲ့အချက်ကို ကိုယ်တိုင်ရှင်းလင်း ပြတ်သားစွာ သိထားဖို့လိုသလို၊ စာဖတ်သူ သိအောင်လည်း ရှင်းရှင်း လင်းလင်း ပြတ်ပြတ်သားသား ရေးရတယ်လို့ ဆရာသမားများက သွန်သင်

mgyoe.com

mgyoe.com


ခဲ့ကြတယ်။ သတင်းနဲ့ သတင်းဆောင်းပါးရေးတာဟာ စာတွေ အများကြီးပါနိုင်အောင် အတိုဆုံး အရှင်းဆုံးနဲ့ လိုရင်းရောက်အောင် ရေးရတယ်လို့လည်း သင်ကြားခဲ့ကြတယ်။ လို တို ရှင်းဆိုတာ သတင်းသမားတိုင်းရဲ့ လက်သုံးဆောင်ပုဒ် ဖြစ်တယ်။

## တူနဲ့နက်သလို

ဆရာကြီး ရွှေဥဒေါင်းကတော့ ရေးလိုက်တဲ့ စကားလုံးတိုင်းဟာ "နားသယ်ကိုတူနဲ့နက်သလို" ခေါင်းထဲမှာ စွဲသွားစေရမယ်လို့ ပြောခဲ့တယ်။ ဝါကျတိုင်းကလည်း ကျစ်လစ်သိပ်သည်းရမယ်။ မလိုတဲ့စကားလုံးတွေ မပါစေရဘူး။ ဒီလို စာမျိုးကိုမှ ခွန်အားရှိသောစာလို့ ဆိုနိုင်တယ်လို့လည်း ဆိုခဲ့တယ်။ ဒီလို သွန်သင်ဆုံးမချက်တွေနဲ့ ကြီးပြင်းလာရတဲ့အတွက် စာရေးတဲ့အခါမှာ ဝေ့လည်လည်နဲ့ ဘာပြောမှန်းမသိတဲ့ စာမျိုးမဖြစ်အောင် အထူးသတိထား ဆင်ခြင်ခဲ့ပါတယ်။

## အံသေသွားတဲ့လက်

နားချို့အောင်ထက် နားရှင်းအောင်သာ အလေးထားရေးသားတဲ့အတွက် ရေးခဲ့တဲ့စာတွေဟာ သာယာနာပျော်ဖွယ်မဖြစ်ဘဲ "ပိသလေးနဲ့ နံဘေးပစ်"သလို ဖြစ်သွားတာပဲ များပါတယ်။ အသက်ကလေးရလာတော့ ပြင်ဖို့ ကြိုးစားပေမဲ့ သတင်းရေးတဲ့လက်က "အံသေ"နေပြီဖြစ်လို့ လှလှပပ မရေးတတ်တော့ပါဘူး။ ဆရာကြီး ရွှေဥဒေါင်းနဲ့ ဒေါ်ဒေါ် လူထု ဒေါ်အမာ တို့ရဲ့ သတင်းစာခေါင်းကြီး အရေးအသားတွေကို အထူးဂရုပြု လေ့လာမှတ်သားခဲ့တဲ့ မှတ်ဉာဏ်ကလည်း၊ ခွန်အားရှိတဲ့ စာမျိုးတွေကိုပဲ နှစ်ခြိုက်နေတာကို ပြုပြင်လို့ မရတော့ဘူး။

mgyoe.com

mgyoe.com


## ခွန်အားမရှိတဲ့ဝါကျ

စာတစ်ပုဒ်ရေးတိုင်း "ဆိုလိုသည်မှာ ဒီလိုဖြစ်ပါသည်"ဆိုတဲ့ အရေးအသားမျိုးကို တွေ့တိုင်း နှာခေါင်းရှုံ့မိတာကလည်း အထက်ပါအကြောင်းကြောင့်ပဲ ဖြစ်လိမ့်မယ်လို့ ထင်တယ်။ အင်မတန် ခွန်အားမရှိတဲ့ ပျော့ညံ့တဲ့ ဝါကျလို့ ကောက်ချက် ချလိုက်မိတယ်။ ကိုယ်ရေးတဲ့စာကို ကိုယ်တိုင် စိတ်မချလို့၊ မယုံကြည်လို့၊ ဒီလိုဆိုလိုတာ ဖြစ်ပါတယ်လို့ ထပ်ရှင်းရမှတော့ စာဖတ်ပရိသတ်က ဒီလိုစာမျိုးကို ဘယ်လိုလုပ်ပြီး ယုံကြည်စိတ်ချနိုင်တော့မှာလဲ။

## အရသာခံဖို့မဟုတ်ဘူး

သတင်းစာတို့၊ သတင်းဂျာနယ်တို့ဆိုတာက သတင်းပေးဖို့၊ အသိပေးဖို့ဖြစ်တယ်။ ရသစာပေ မဂ္ဂဇင်းလို အရသာခံဖတ်ဖို့ မဟုတ်ဘူး။ ကမ္ဘာကြီးတစ်ခုလုံးမှာ နေ့စဉ်ဖြစ်ပျက်နေတဲ့ ကိစ္စတွေအားလုံး စုံနိုင်သမျှစုံအောင် ဖော်ပြနိုင်လေ ကောင်းလေပဲ။ အဲဒါကြောင့် သတင်းရေးရေး၊ ဆောင်းပါးရေးရေး လိုတိုရှင်းရေးကြတယ်။ တိုမှ များများထည့်နိုင်မှာကိုး။ ရသစာပေဆိုတာကျတော့ အရသာခံဖို့ ဖတ်တာဖြစ်လေတော့ စကားလုံးတစ်လုံးချင်း ဂရုတစိုက် ရွေးချယ် ဖွဲ့နွဲ့ ရေးသားရတယ်။ ဖတ်ပြီးရင် စဉ်းစားယူရမှလည်း စာကောင်းလို့ ခေါ်တာကြောင့် လေးနက်နိုင်သမျှ လေးနက်အောင် ရေးကြရတယ်။

## ရှင်းဖို့ တိကျဖို့ပဲလို

သတင်းနဲ့ သတင်းဆောင်းပါးကို ဖတ်ပြီး စဉ်းစားနေရရင် ဟန်မကျတော့ဘူး။ အရေးအသားကောင်းလို့ မခေါ်တော့ဘူး။ ဖတ်ပြီးတာနဲ့ ဘယ်မှာ ဘာဖြစ်တယ်ဆိုတာကို လိုတိုရှင်း ထင်းကနဲမြင်သွားမှ အရေးအသားကောင်းလို့ သတ်မှတ်တယ်။ သတင်းနဲ့ သတင်းဆောင်းပါးဟာ မဂ္ဂဇင်းထဲက ဝတ္ထုလို၊ ဆောင်းပါးလို ဖတ်ကောင်းဖို့ အရသာရှိဖို့ မလိုဘူး။ ရှင်းလင်းပြတ်သားဖို့၊

mgyoe.com

mgyoe.com


တိကျဖို့ပဲ လိုတယ်။ အဲဒါကြောင့် ရေးခဲ့သမျှစာတိုင်းဟာ ဖတ်ကောင်းမှာ မဟုတ်သလို အရသာလည်း ခံစားနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘယ်လို သဘောထားနဲ့ ဘာရေးတယ်ဆိုတာတော့ ရှင်းလင်းပြတ်သားစွာ သိရလိမ့် မယ်ဆိုတာ ယုံကြည်စိတ်ချတယ်။

## သတင်းသမားအကျင့်

ဒါကြောင့် ကိုယ်ရေးခဲ့တဲ့စာတစ်ပုဒ်နဲ့ ပတ်သတ်ပြီး ထပ်ရှင်းလင်း ရတာမျိုး ဘယ်တော့မှ မရှိခဲ့ဖူးသလို၊ မှားသွားလို့ တောင်းပန်ဖြေရှင်း စာရေးရတာမျိုးလည်း မရှိခဲ့ဖူးပါဘူး။ ဘာကြောင့်လဲဆိုတော့ ဖြစ်တာကို ဖြစ်တဲ့ အတိုင်း၊ မှန်တာကို မှန်တဲ့အတိုင်း၊ မြင်တာကို မြင်တဲ့အတိုင်း တိကျမှန်ကန်စွာ ရေးရတယ်ဆိုတဲ့ သတင်းသမား အလေ့အကျင့်ကြောင့် မရေရာ မသေချာတာ၊ ကိုယ်တိုင်မြင် ကိုယ်တိုင်သိ၊ မဟုတ်တာကို ထင်ကြေး နဲ့ မှန်းရေးတာမျိုး ဘယ်တုန်း ဘယ်အခါကမှ မလုပ်ခဲ့တာကြောင့်ဖြစ်တယ်။

## စာဖတ်ပရိသတ်ကို မပုတ်ခတ်ဘူး

သုံးသပ်ဝေဖန်ချက် ရေးတဲ့အခါမှာလည်း မှန်တယ်လို့ ကိုယ်အခိုင် အမာ ယုံကြည်တဲ့ခံယူရပ်တည်ချက်အပေါ်မှာ ရပ်တည်ပြီး ရေးတာဖြစ်တဲ့ အတွက် ကိုယ်ရေးတဲ့စာကို ကိုယ်တာဝန်ယူနိုင်တယ်။ ဖြေရှင်းချက် ရေးစရာ မလိုသလို ဝန်ချတောင်းပန်စရာ အကြောင်းလည်း မရှိဘူး။ စာဖတ်ပရိသတ် အများပြည်သူလူထုကို ပုတ်ခတ်စော်ကားတာမျိုးလည်း ဘယ်တုန်းကမှ မရေး ခဲ့ဖူးဘူး။ ဒါကြောင့် တောင်းပန်စရာ အကြောင်းမရှိဘူးလို့ ပြောခဲ့တာပါ။ မသမာတဲ့ ရည်ရွယ်ချက်နဲ့ ကိုယ်ကျိုးစီးပွားအတွက် လုပ်နေတဲ့သူများက အနာပေါ်တုတ်ကျဖြစ်ပြီး ဝိုင်းအော်ကြတာတွေတော့ ရှိတယ်။ ဒါမျိုးတွေကို လည်း ပြန်ပြီး ဖြေရှင်းမနေပါဘူး။

mgyoe.com

mgyoe.com

**ဖားစားတဲ့ စားဖား**

ဘာကြောင့် မဖြေရှင်းတာလဲဆိုတော့ ကိုယ်ကျိုးစီးပွားအတွက် မသမာတဲ့ နည်းလမ်းမျိုးစုံသုံးပြီး မလုပ်သင့် မလုပ်ထိုက်တာတွေ လုပ်နေကြတဲ့ "ဖားစားတဲ့ စားဖား"တွေကို တမင်ရည်ရွယ်ပြီး ရေးခဲ့တာဖြစ်လို့ပါပဲ။ သူတို့ဟာ သူတို့ စားဖားလုပ်နေတာကို ဘာမှ မပြောလိုပါဘူး။ ဒါပေမဲ့ သူတို့က အေးအေး ဖားစားမနေဘဲ လူငယ်တွေကိုပါ စားဖားဖြစ်အောင် အမျိုးမျိုး ဝါဒဖြန့် လှုံ့ဆော်မှုတွေ လုပ်နေတာကြောင့် လူငယ်တွေ စားဖားဖြစ်မသွားကြရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖားစားတဲ့ စားဖားတွေရဲ့ သရုပ်မှန်ကို ရေးပြခဲ့တာ ဖြစ်ပါတယ်။

အနာပေါ် တုတ်ကျရင် အော်ကြတာ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ ဒါကြောင့် ဖြေရှင်းစရာ မလိုဘူးလို့ ရေးခဲ့တာပါ။ မာနထောင်လွှားလို့ မဟုတ်ပါဘူး။ လူငယ်တွေ စားဖားဖြစ်မသွားဖို့က အရေးကြီးဆုံး ဖြစ်ပါတယ်။

❐

mgyoe.com

mgyoe.com

# များများလုပ်
# နည်းနည်းပြော

လူမှုရေးလုပ်ငန်းများနဲ့ ပတ်သက်တဲ့ သင်တန်းတစ်ခု ရန်ကုန်မှာ လာတက်ပြီးသွားလို့ နယ်ကို ပြန်ကြမယ့် လူငယ်၊ လုံမငယ်လေးတစ်စု မပြန်ခင် လာနှုတ်ဆက်ပါတယ်။ အားလုံး ဆယ်ယောက် လောက် ရှိပါတယ်။ နယ်စုံ ကပါပဲ။

## သိပ်တော်တဲ့ ဆရာတွေ

နှစ်ပတ်ကြာသင်တန်းက ဘာတွေသင်လိုက်လဲ၊ နယ်ပြန်ရောက်ရင် ဘာလုပ်ကြမှာလဲလို့ မေးတော့ သင်ခဲ့ရတာတွေ ပြောကြပါတယ်။ ဘာသာရပ်တွေ မနည်းပါဘူး။ သဘာဝ ဘေးအန္တရာယ်တားဆီးကာကွယ်ရေး (Disaster Contral)၊ ပြဿနာများစီမံခန့်ခွဲရေး (Crisis Management)၊ လူထု ဆက်သွယ်ရေး (Mass communicatiou)၊ စတဲ့ ဘာသာရပ်တွေ စုံနေပါတယ်။ အားကျစရာကြီးပါ။ Policy paper writing, Project writing, development study စတဲ့ စတဲ့ အင်္ဂလိပ်လို ခေါင်းစဉ်တွေနဲ့ ဘာသာရပ်တွေလည်း ပါပါသေးတယ်။ နှစ်ပတ်အတွင်း ဒါလောက် အများကြီး

mgyoe.com

mgyoe.com

သင်နိုင်တာအတော်ကို တော်တဲ့ဆရာတွေ ဖြစ်မှာပဲလို့ အံ့သြချီးကျူး လိုက်မိတယ်။

## ဆင့်ပွားသင်တန်းပေးပြီ

သင်တန်းဆင်းလူငယ်တွေက နယ်တွေပြန်ရောက်တဲ့အခါ တခြား လူမှုရေးလုပ်ငန်း လုပ်ဖော်ကိုင်ဖက်တွေနဲ့ စိတ်ပါဝင်စားသူတွေကို ဆင့်ပွား သင်တန်းတွေ ပေးကြမယ်။ အဲဒီကရတဲ့ အတွေ့အကြုံတွေနဲ့ တုံ့ပြန်ချက် တွေကို ရန်ကုန်က သင်တန်းဆရာတွေဆီကို (Feed back) အဖြစ် ပြန်ပို့ပေး ရမယ်။ သူတို့ သင်တန်းရဲ့ ခေါင်းစဉ်က "သင်တန်းဆရာများကို သင်တန်း ပေးခြင်း" (Training the trainers) ဆိုတဲ့အတိုင်း ကျေးလက်ဒေသတွေအထိ လိုက်ပြီး သင်တန်းမှတ်စုတွေ ဖတ်ကြည့်တော့လည်း Civil Society, Public awareness, accountability စတဲ့ အင်္ဂလိပ်စာလုံးတွေကများများ၊ ဗမာ စာလုံးက နည်းနည်းပါတာတွေ့ရတယ်။ ကျေးလက်ဒေသက လူတွေ အတွက် ဘယ်လောက် အကျိုးရှိမယ်ဆိုတာတော့ မသိပါဘူး။

## ကောင်းတော့ကောင်းတယ်

ဘာပဲဖြစ်ဖြစ် လူငယ်လေးတွေ ဒီလိုသင်တန်းတွေ တက်ကြ၊ စာကြည့်တိုက်တွေ ဖွင့်၊ ကလေးတွေ စာသင်စတဲ့ လူမှုရေးလုပ်ငန်းတွေ လုပ်ကြနဲ့ တက်ကြွနေကြတာ ဝမ်းသာပါတယ်။ ဒီလိုလုပ်စရာတွေ မရှိရင် ဘီယာဆိုင်တွေ၊ ဂိမ်းဆိုင်တွေမှာပဲ အချိန်ကုန်နေကြရမှာ မဟုတ်လား။ ဒါပေမဲ့ ခက်တာက ဒီလိုအဖွဲ့အစည်းတွေ၊ သင်တန်းတွေက မြို့ကြီးပြကြီး တွေမှာသာ ရှိနေကြတာဆိုတော့ မြို့ကြီးပြကြီးနဲ့ အလှမ်းဝေးတဲ့ဒေသက လူငယ်တွေနဲ့ မဆိုင်သလို ဖြစ်နေတယ်။ ဒါတင်မကသေးဘူး၊ မြို့မှာနေပြီး သင်တန်းတွေ တက်၊ အဖွဲ့အစည်းတွေမှာ ပါဝင်လှုပ်ရှားနေကြတဲ့ လူငယ် တွေကိုယ်တိုင်ကလည်း အဖွဲ့အစည်းက ဦးဆောင်တဲ့လုပ်ငန်းတွေရှိရင် ပါဝင်လုပ်ကိုင်ကြပြီး၊ လုပ်ငန်းတွေမရှိရင် ဘာမှမလုပ်ဘဲ ငြိမ်နေကြတာပဲ တွေ့ရတာ များပါတယ်။

mgyoe.com

mgyoe.com


## ပေါ်ပင်လုပ်တာမဟုတ်ဘူး

လူမှုရေးစိတ်ဓာတ်၊ ပရဟိတစိတ်ဓာတ် ဆိုတာ ပေါ်ပင်လုပ်ငန်းတွေ လိုက်လုပ်တဲ့ စိတ်ဓာတ်မျိုးလောက်ကို ခေါ်တာမဟုတ်ပါဘူး။ စိတ်ထဲမှာ အမြဲထာဝရ ကိန်းအောင်းနေရမယ့် စိတ်ဓာတ်မျိုးဖြစ်တယ်။ ပေါ်ပင်ကိစ္စရှိမှ အဖွဲ့အစည်းရှိမှ ဝင်လုပ်တာမျိုး မဟုတ်ဘဲ အချိန်အခါမရွေး၊ အကြောင်းကိစ္စမရွေး ဝင်ရောက်လုပ်ကိုင်ဖို့ အမြဲတမ်းအဆင်သင့် ဖြစ်နေရမှာမျိုးပါ။ ရင်ထဲမှာ အမြဲတမ်း အများကောင်းကျိုးဆောင်ရွက်လိုတဲ့ စိတ်ဓာတ်ကိန်းအောင်းနေသူ အဖို့ သူ့အနီးအနားမှာ လုပ်စရာ လူမှုရေးလုပ်ငန်းတွေ တစ်ပုံကြီးရှိနေတာ မြင်တွေ့နိုင်ပါတယ်။ ကျောင်းနေချင်ပေမဲ့ မိဘကဆင်းရဲလို့ ကားဂိတ်မှာ ဈေးလိုက်ရောင်းနေရတဲ့ ကလေးတွေ၊ လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးလုပ်နေရတဲ့ ကလေးတွေ နေရာတိုင်းမှာ တွေ့နိုင်တယ်။ ဒီကလေးတွေ ကျောင်းနေနိုင်အောင် ကူညီနိုင်ရင် ကူညီ၊ မတတ်နိုင်ရင် တစ်နည်းနည်းနဲ့ စာသင်ပေးလုပ်လို့ ရပါတယ်။

## ဆာနေတဲ့ ကလေးတွေ

လူနေရပ်ကွက်မှန်သမျှ ချမ်းသာပြည့်စုံသူတွေ ရှိသလို၊ ဆင်းရဲတဲ့ လူတွေလည်း ရှိပါတယ်။ အဖေ ပန်းရံအလုပ်က ပြန်မလာသေးလို့ ဗိုက်ဟောင်းလောင်းနဲ့ တမျှော်ထဲမျှော်နေရတဲ့ ကလေးလေးတွေလည်း တွေ့နိုင်ပါတယ်။ အဲဒီအိမ်ကို ဆန်လေးတစ်ပြည်လောက် သွားပေးလိုက်တာ လည်း ပရဟိတ ဖြစ်ပါတယ်။ အဲဒီကလေးများရဲ့ မိခင်ကို ပြောင်းဖူးပြုတ် ကလေး ရောင်းနိုင်အောင် ငွေရင်းကလေး ငါးထောင်လောက် ထုတ်ပေး လိုက်တာလည်း ပရဟိတဖြစ်တယ်။ ရပ်ကွက်တိုင်းမှာ လူဆင်းရဲနဲ့ ကလေးတွေရှိသလို အိမ်ထဲက အိမ်ပြင်မထွက်နိုင်တဲ့ လူအိုနဲ့ ဂိလာန တွေလည်း ရှိမြဲဖြစ်တယ်။ တချို့လူအိုများဆိုရင် သားသမီးတွေကိုယ်စီ အလုပ်သွားကြတာနဲ့ အိမ်မှာ အထီးကျန် ဖြစ်နေရှာကြတာ။ အဲဒီ လူအိုတွေ နားသွားပြီး စကားစမြည် ပြောတာ၊ သတင်းစာလေး၊ တရားစာလေး ဖတ်ပြတာလည်း ပရဟိတ ဖြစ်တယ်။

mgyoe.com

mgyoe.com


## နေရာတိုင်းမှာလုပ်စရာ

လူဆင်းရဲ၊ ကလေးနဲ့လူအိုလူမမင်းတွေ ရပ်ကွက်တိုင်းမှာရှိသလို ဟည်းထနေတဲ့ အမှိုက်ပုံကြီးတွေလည်း ရပ်ကွက်တိုင်းမှာ ရှိမြဲဖြစ်တယ်။ ပရဟိတ စိတ်ရှိရိုးမှန်ရင် ရှေးက မာဃလုလင်လို တံမြက်လှည်း၊ အမှိုက်ကျုံးအလုပ်တွေ လုပ်ပြီး ရပ်ကျိုးရွာကျိုး ဆောင်လို့ရပါတယ်။ မြူနီစီပယ်က အမှိုက်မသိမ်းတာပဲ အပြစ်ပြောနေရုံနဲ့ အမှိုက်ပုံကြီးက ပျောက်သွားမှာ မဟုတ်ဘူးလေ။ ရပ်ကွက်ထဲက စိတ်တူကိုယ်တူ လူငယ်တွေ စုပြီး မာဃလုလင် လုပ်ကြရင် မဖြစ်ဘူးလား။ ဒါလည်း ပရဟိတပါပဲ။ ခုလို နွေရာသီမှာ ရန်ကုန်မြို့လယ်ကောင်ကြီးမှာတောင် ရေအခက်အခဲ ကြုံရလေ့ရှိပါတယ်။ ရေ မလာလို့ ရေသန့်ဘူးကြီးတွေ ဝယ်သုံးနေကြရတယ်။ တချို့သက်ကြီးရွယ်အိုများ ဝယ်မသုံးနိုင်ကြရှာဘူး။ အဲဒီအိမ်မျိုးကို ရေဆွဲပို့ပေးတာလည်း ပရဟိတပါပဲ။

## ရင်ထဲမှာကိန်းအောင်းဖို့

ဆိုင်းဘုတ်ကိုင်ပြီးမှ ပရဟိတ မဟုတ်ပါဘူး။ လုပ်ချင်စိတ်ရှိရင် နေရာတိုင်းမှာ လုပ်လို့ရပါတယ်။ လူတိုင်းရဲ့ ရင်ထဲမှာ ပရဟိတစိတ်ဓာတ် အမြဲ ထာဝရ ကိန်းအောင်းနေအောင် လှုံ့ဆော်ပညာပေးလုပ်ပေးဖို့ပဲ လိုပါတယ်။ ကောင်းမှုလုပ်တာ ကြော်ငြာဖို့ မလိုပါဘူး။ ဆိုင်းဘုတ် မလိုပါဘူး။ မားကတ်တင်း မလိုပါဘူး။ ဖန်းရေးဆင်း (Fund raising) လည်း မလိုပါဘူး။ ဒိုနာ (Donor)လည်း မလို၊ ဒိုနေးရှင်းလည်း မလိုပါဘူး။ အလုပ်တကယ် လုပ်နေသူတွေကို အအေးဖျော်တိုက်မယ့်သူ၊ ကောက်ညှင်း ပေါင်း လာကျွေးမယ့်သူတွေ အများကြီးရောက်လာကြမှာ သေချာပါတယ်။ ဒါ မြန်မာပြည်ပါ။ အလှူရေစက် လက်နဲ့ မကွာတဲ့ လူမျိုးပါ။

mgyoe.com

mgyoe.com


## နည်းနည်းလုပ် များများပြော

လူငယ်တွေကို သင်တန်းမျိုးစုံပေးကြရာမှာ ပရဟိတစိတ် ရင်ထဲမှာ ထာဝရကိန်းအောင်းဖို့နဲ့ အလုပ်တကယ်လုပ်ဖို့ကို အလေးထား သင်ကြားပေးဖို့ လိုပါတယ်။ ဆိုင်းဘုတ်ထောင် တတ်ဖို့၊ ဒိုနာ ရှာတတ်ဖို့လောက်သာ အလေးထားသင်ကြားပေးတာမျိုး မဖြစ်သင့်ပါဘူး။ ခုခေတ်က နည်းနည်းလုပ်ပြီး များများပြောတာတွေပဲ တွေ့နေရလို့ပါ။ များများလုပ်ပြီး နည်းနည်းပဲပြောကြရင် သိပ်ကောင်းမှာပါ။

❒

mgyoe.com

mgyoe.com

# ကလေးတွေ အညွန့်တလူလူ ရှိစေချင်

"သားကို ဘာလုပ်ရမယ်ဆိုတာ အကြံပေးပါဦးဗျာ။ သူ့စိတ်ဓာတ်တွေ တော်တော်ကျနေလို့ ဆရာ့ဆီ ခေါ်လာခဲ့ရတာ" တပည့်ဟောင်းတစ်ယောက် သားကို လက်ဆွဲပြီး ရောက်လာပြီးပြောလိုက်တာ ဖြစ်ပါတယ်။ ဆယ်တန်း အောင်ပြီး မျှော်လင့်ထားတဲ့အတိုင်း အမှတ်မရလို့ စိတ်ပျက်လက်ပျက် ဖြစ်နေတာလို့ ဆိုပါတယ်။ ဒါကြောင့် အမှတ်ဘယ်လောက်ရသလဲလို့ မေးလိုက်ပါတယ်။

## တော်လိုက်တာ

"၃၅၀ ပဲ ရပါတယ် ခင်ဗျာ" ကလေးက ရှက်သလိုလိုနဲ့ မပွင့်တပွင့် ဖြေလိုက်ပါတယ်။ "ဟာ ... ၃၅၀ ကြီးများတောင် ရသလား။ တော်လိုက်တာ" ကလေးက ရုတ်တရက် ခေါင်းမော့ကြည့်လိုက်ပါတယ်။ ဘာဆက် ပြောမလဲလို့ ငံ့လင့်နေတဲ့ပုံလည်း ပေါ်ပါတယ်။ "၃၅၀ ဆိုတော့ တစ်ဘာသာ ကို ပျမ်းမျှ ၆၀ နီးပါးတောင် ရတာပဲကွ။ နည်းတာမှတ်လို့။ ဘာ စိတ်ဓာတ်ကျ စရာ ရှိသလဲ။ တစ်ဘာသာကို ရမှတ် ၄၀ လောက်နဲ့ ကပ်အောင်တဲ့သူတွေ

mgyoe.com

ဆိုရင် ၂၄၀၊ ၂၅၀ လောက် ရကြမှာမဟုတ်လား။ အဲဒီလူတွေနဲ့စာရင် မင်းက အမှတ် ၁၀၀ လောက်တောင် ပိုရနေတာပဲ။ သူငယ်လေးက စိတ်သက်သာရာ ရသွားသလို မျက်လုံးအရောင်တောက်လာပါတယ်။

## အတိုင်ပင်ခံလိုလို ရှေ့နေလိုလို

"သူတက်ချင်တဲ့ ရေကြောင်းတက္ကသိုလ်က အမှတ် ၄၀၀ လောက် အနည်းဆုံးရမှလို့ သိရတာကြောင့် စိတ်ဓာတ်ကျသွားတာ ဆရာရဲ့။ အဲဒါ ဘာမှ မတက်ချင်တော့ဘူး။ ဒူဘိုင်းပဲ သွားအလုပ်လုပ်တော့မယ်လို့ ဂျီကျ နေတာ"... အမေဖြစ်သူက တစ်ခုခု နားချစေချင်ပုံရပါတယ်။ အဲဒါကြောင့် ဆရာ့ဝတ္တရားအတိုင်း ပြောရပါဦးတော့မယ်။ မြန်မာပြည်မှာ ဆရာ လုပ်ရတာက သူများနိုင်ငံက ဆရာတွေလို စာသင်ရုံနဲ့ ပြီးတာ မဟုတ်ပါဘူး။ (Juvenile counsellor)ခေါ်တဲ့ ကလေးသူငယ်ထိန်းသိမ်းရေး အတိုင်ပင်ခံ လိုလို၊ စိတ်ရောဂါကု ဆရာလိုလို၊ တစ်ခါတလေကျတော့လည်း (မိဘနဲ့ သားသမီးကြား) အောင်သွယ်လိုလို၊ ရှေ့နေလိုလို လုပ်ရတတ်ပါသေးတယ်။ တစ်ဘက်ကလည်း သူများနိုင်ငံက ဆရာတွေ မရနိုင်တဲ့ ချစ်ခင်လေးစား ရိုသေမှုကို တပည့်များဆီကသာမက မိဘများဆီကပါ ရလေ့ရှိပါတယ်။ ဒီပီတိမျိုးက မြန်မာပြည်က ဆရာ၊ ဆရာမတွေသာ ခံစားရရှိနိုင်ကြတာ ဖြစ်တယ်။ ဒါလေးနဲ့ပဲ ဖြေသိမ့်နေကြရတာလေ။

## ရေကြောင်းမှ ရေကြောင်း

"သား .... ရေတစ်ဝက်ရှိတဲ့ ပုလင်းပုံပြင်လေး ကြားဖူးလား"

"မကြားဖူးပါဘူး ခင်ဗျာ"

"ပုလင်းတစ်လုံးထဲမှာ ရေတစ်ဝက်ရှိသတဲ့ကွဲ့။ အဲဒါကို ဘာမဆို အပျက်ဘက်က အဆိုးဘက်ကချည့် မြင်တတ်တဲ့လူက စိတ်ဓာတ်ကျတဲ့ပုံစံနဲ့ "ရေကလည်း တစ်ဝက်ပဲ ကျန်ပါတော့လား"လို့ ညည်းလိုက်သတဲ့။ နောက်လူ တစ်ယောက်ကတော့ ဘာဖြစ်ဖြစ် အဖြစ်ဘက်က အကောင်းဘက် ကချည်း ကြည့်လေ့ရှိတယ်။ သူက ပုလင်းကိုမြင်တော့ "ရေတွေ တစ်ဝက်ကြီး

mgyoe.com

mgyoe.com


တောင်မှ ရှိပါသေးလား"လို့ ဝမ်းသာအားရ ပြောလိုက်သတဲ့ကွဲ့။ အခု သားရတဲ့ အမှတ် ၃၅၀ ဆိုတာလဲ "၃၅၀ ပဲ ရတယ်"လို့ မြင်လို့ရသလို "၃၅၀ ကြီးများတောင်လား"လို့ မြင်လို့လည်း ရတယ်မဟုတ်လား။ အရေး ကြီးတာက ၃၅၀ မဟုတ်ဘူး၊ သားရဲ့ စိတ်ဓာတ်ပဲ။ စိတ်ဓာတ် မှန်မှန် ကန်ကန်ထားတတ်ရင် မဖြစ်နိုင်တာ ဘာမှ မရှိဘူး"

"ဒါပေမဲ့ သားတက်ချင်တဲ့ ရေကြောင်းတက္ကသိုလ်တော့ တက်လို့ မရတော့ပါဘူး"

ကလေးက အစွဲအလမ်းတော်တော်ကြီးပုံ ရပါတယ်။ ရေကြောင်း တက္ကသိုလ်က လွဲရင် ဘာမှ မတက်ချင်ဘူးဆိုတဲ့ သဘောမျိုးထင်ပါရဲ့။

## ဒူဘိုင်းပဲ သွားမယ်တဲ့

ဒီတော့လည်း သူ့ကိုတစ်မျိုး လှည့် ဖျောင်းဖျရပါတယ်။ ရေကြောင်းနဲ့ သင်္ဘောကိုမှ စိတ်ဝင်စားတာဆိုရင် ရေကြောင်းတက္ကသိုလ် မတက်ဘဲနဲ့ လည်း ဖြစ်နိုင်ကြောင်း ရှင်းပြရပါတယ်။ စက်မှုတက္ကသိုလ်တက်ပြီး စက်မှု အင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာစတဲ့ ဘွဲ့တွေယူ၊ နောက်တော့ သင်္ဘော တက်လို့ ရတယ်လို့ ပြောရပါတယ်။ ယုတ်စွအဆုံး ရိုးရိုးသင်္ဘောသားနဲ့ တက်လည်း ဖြစ်တာပဲလို့ နှစ်သိမ့်ပေးရပါတယ်။ ကလေးက ဆယ်တန်း ဖြေပြီးချိန်မှာ ကြော်ငြာကောင်းတဲ့ ဟိုတယ်လုပ်ငန်းသင်တန်းမျိုးတွေ တက်ထားတာကြောင့် ဒူဘိုင်းသွားမယ်လို့ ပြောနေတာဖြစ်မယ်။ ဒါကိုလည်း လူ့ဘဝဆိုတာ ကိုယ်တိုင်ရွေးချယ်တဲ့လမ်းကြောင်းအတိုင်း ဖြစ်လာရတဲ့ အကြောင်း၊ ဆယ်တန်းအောင်ရုံနဲ့ ဝင်လုပ်တဲ့အလုပ်မျိုး၊ ဘွဲ့တစ်ခုရတာနဲ့ ဘွဲ့ နှစ်ခု၊ သုံးခု ရပြီးလုပ်ရတဲ့ အလုပ်မျိုး တူနိုင်ပါ့မလား။ ဘယ်ဟာက ပိုကောင်းမလဲလို့လည်း သူ့ကို စဉ်းစားခိုင်းရပါတယ်။

mgyoe.com

mgyee.com


## အညွှန့်တလူလူ

တော်တော်ကြာအောင်ကို အာပေါက်မတတ်ပြောတော့မှ ကလေးက ဒူဘိုင်း မသွားတော့ဘူး။ ဒီမှာပဲ စက်မှုတက္ကသိုလ်တက်မယ်လို့ ဆုံးဖြတ်ပါတော့တယ်။ သူ့အဖေလည်း တော်တော် စိတ်ချမ်းသာသွားပုံ ရပါတယ်။ ကျွန်တော်တို့တင်မက သားအထိပါ ဆရာ့ကိုလာ အပူပေးမိပြီလို့ အားတုံ့အားနာ ပြောပါတယ်။ ဘာပဲပြောပြော အညွှန့်ပြုထွက်စ ကလေးတစ်ယောက် ရှေ့ဆက်ပြီး အညွှန့်တလူလူနဲ့ မြင့်တက်ချင်သလောက် မြင့်တက်နိုင်မယ့် လမ်းကြောင်းပေါ် ရောက်သွားတဲ့အတွက် ဝမ်းသာပီတိဖြစ်မိတယ်။ မြန်မာပြည်က ကျောင်းဆရာဆိုတာ ဒီလိုပဲ ပီတိကိုစား အားရှိနေရတာ မဟုတ်လား။

သူတို့ သားအဖ ပြန်သွားပေမဲ့ သူတို့ပေးသွားတဲ့ တွေးစရာက ခေါင်းထဲကျန်နေရစ်တယ်။ ဒီပြဿနာမျိုးက သူတို့မှာသာ မဟုတ်ဘူး။ လူအတော်များများ ရင်ဆိုင်ကြုံတွေ့နေကြတာ ဖြစ်တယ်။ ကျောင်းတက်တဲ့ကိစ္စပြောတာ မဟုတ်ပါဘူး၊ တခြား လူ့ဘဝဆိုင်ရာ ကိစ္စတွေကို ပြောတာပါ။ လူအတော်များများဟာ လိုချင်တာကို မရတဲ့အခါမှာ ရတာကိုပဲယူပြီး ရောင့်ရဲနှစ်သိမ့်နေလိုက်တတ်ကြတယ်။ လိုချင်တာ မရမချင်း ဆက်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးတယ် မရှိကြဘူး။ အလွန် စိတ်ဓာတ်ကျလွယ်ကြတယ်။ အခက်အခဲဆိုတာ နေရာတိုင်းမှာ ရှိတာပဲ။ ဒုက္ခမကြုံဖူးသူဆိုတာလည်း လောကမှာ မရှိပါဘူး။ ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး ငွေဇွန်းကိုက်မွေးလာခဲ့သူလည်း တစ်ကြိမ်တစ်ခါတော့ အခက်အခဲတို့ ဒုက္ခတို့ ရင်ဆိုင်ကြုံတွေ့ရမှာပဲ။ အရာရာကို ငွေနဲ့ ဖြေရှင်းလို့ရတာမှ မဟုတ်တာပဲ။ အခက်အခဲကို မကြောက်ပါနဲ့။ ရဲရဲရင်ဆိုင်ပါ။ အခက်အခဲတွေကို ရင်ဆိုင်ကျော်ဖြတ်ရင်းနဲ့ သတ္တိတို့၊ ရင့်ကျက်မှုတို့ ဆိုတာတွေ ပေါ်ထွက်လာတာဖြစ်တယ်။ အခက်အခဲကို အခွင့်အလမ်းအဖြစ် ပြောင်းလဲပစ်နိုင်သူဟာ အောင်မြင်သူဖြစ်တယ်။

အရေးကြီးတာက ရတာပဲယူမယ်ဆိုပြီး ကျေနပ်ရောင့်ရဲ မနေဖို့ဘဲ။ ကုသိုလ်ကံပဲဆိုပြီး လွယ်လွယ်နဲ့ အလျှော့ပေးတတ်သူဟာ တစ်သက်လုံး အလျှော့ပေးပြီး ခေါင်းငုံ့အညံ့ခံသွားရလိမ့်မယ်။ လိုချင်တာကို မရမချင်း ထပ်ခါထပ်ခါ ကြိုးစားရင် တစ်နေ့မှာ လိုချင်တာ ရမှာပဲ။ (Nothing is

mgyee.com

mgyoe.com


impossible under the Sun) "လောကမှာ မဖြစ်နိုင်တာဘာမှမရှိ" ဆိုတဲ့ စကားလူတိုင်းကြားဖူးနေကြတာ မဟုတ်ဘူးလား။ မြန်မာလူမျိုးမှန်ရင် "ကြိုးစားက ဘုရားဖြစ်"ဆိုတဲ့ စကားနဲ့လည်း ယဉ်ပါးနေခဲ့တာပဲ။ "ဘုရား" တောင် ဖြစ်နိုင်မှတော့ တခြားဟာတွေ မဖြစ်နိုင်တာ ဘာရှိတော့မှာလဲ။ မလျှော့တဲ့ဇွဲ၊ မမှိတ်မသုံ ရည်မှန်းချက်နဲ့ ကြိုးစားရင် နောက်ဆုံးလိုချင်တာ ရမှာ သေချာပါတယ်။ ရတာကိုသာယူပြီး ကျေနပ်ရောင့်ရဲ မနေဖို့သာ အရေးကြီးပါတယ်။

လိုချင်တာရအောင် ယူပါ။

ပျိုးရင် မိုးစွန်ထိပ်ဖျားရောက်အောင် ပျိုးပါ။

❒

mgyoe.com

mgyoe.com

# ယဉ်ကျေးချင်ရင် သမိုင်းသင်

ဒီခေတ်လူငယ်တွေက သမိုင်းစာအုပ်မြင်ရင် နှာခေါင်းရှုံ့ပြတတ်ကြတယ်။ အဟောင်းအမြင်းတွေ ပြန်လှန်နေလို့ ဘာအကျိုးရှိမှာလဲ။ လက်ရှိ ဖြစ်နေတာတွေကိုပဲ ကြည့်ပါလို့ ပြောလေ့ရှိတယ်။ သူတို့က အတိတ်ကို ပြန်မကြည့်ချင်သလို အနာဂတ်ကို လှမ်းမျှော်ကြည့်တာကိုလည်း မကြိုက်ကြဘူး။ စိတ်ကူးယဉ်နေလို့ အိပ်မက်တွေမက်နေလို့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ပစ္စုပ္ပန်မှာ ဖြစ်ချင်တာတွေကိုပဲ လုပ်လို့ ဆိုကြတယ်။

## ရှေးလူကြီးတွေ အိပ်မက်မက်လို့

အဲဒီလို ပစ္စုပ္ပန်မှာ ဖြစ်နိုင်တာကိုပဲလုပ်လို့ဆိုတာကို သူတို့က လက်တွေ့ကျတယ်လို့ ပြောကြတယ်။ သူတို့ "အာတွေ့"နေတဲ့ စကားနဲ့ ပြောရရင်တော့ "ပရတ်မားတစ်" (Pragmatic) ဖြစ်တယ်ပေါ့လေ။ သူတို့ဟာ သူတို့ တော့ ဟုတ်တယ်ထင်နေတာပေါ့။ ဒါပေမဲ့ အဲဒီ"ပရတ်မားတစ်" ဖြစ်တယ်။ လက်တွေ့ကျတယ်ဆိုတဲ့ စကားက ဖြစ်နေတာကို ဖြစ်နေတဲ့အတိုင်း ရှုမြင်၊ အခြေအနေကို အမှန်အတိုင်းသိအောင်လုပ်၊ ပြီးမှ ကိုယ်ပိုင်

mgyoe.com

mgyoe.com

ဆင်ခြင်တုံတရားနဲ့ ဖြစ်သင့်ဖြစ်ထိုက်တာကို လုပ်လို့ ဆိုလိုတာဖြစ်တယ်။ အရှိကို အရှိအတိုင်း ကျေနပ်နှစ်သိမ့်နေလိုက်မယ်ဆိုရင် တိုးတက်ပြောင်းလဲမှုဆိုတာ ဘယ်လိုလုပ် ရှိလာမှာလဲ။ ကျောက်ခေတ်အခြေအနေအတိုင်း ဂူအောင်းပြီး သားစိမ်း ငါးစိမ်းပဲ စားနေရတော့မှာပေါ့။ ရှေးလူကြီးတွေက စိတ်ကူးယဉ်အိပ်မက်တွေ မက်ခဲ့ကြလို့သာ လူသားတွေ ဒီနေ့အခြေအနေ အဆင့်အတန်းကို ရောက်ရှိကြတာ မဟုတ်ဘူးလား။

## သမိုင်းဟာ ဒဿနပဲ

"သမိုင်းဆိုတာ ဖြစ်စဉ် နမူနာတွေပြပြီး သင်ကြားပေးတဲ့ ဒဿနိကဗေဒဖြစ်တယ်"

ရှေးခေတ်ပညာရှင်ကြီး "Thucydides" ပြောခဲ့တဲ့ စကားအတိုင်း သမိုင်းကိုလေ့လာခြင်းဟာ တွေးခေါ်ဆင်ခြင်ခြင်း ပညာရပ်ကို လေ့လာခြင်း ဖြစ်ပါတယ်။ လူမှန်ရင် ကိုယ်ပိုင်အတွေးခေါ် ဒဿန တစ်ခုရှိရပါတယ်။ ဒဿနဆိုတာ သမိုင်းကိုလေ့လာမှု မပြုဘဲ မရနိုင်ပါဘူး။ ဒါကြောင့်အသိပညာကို တန်ဖိုးထားသူတိုင်း သမိုင်းကို ပယ်လို့ မဖြစ်ပါဘူး။ အတိတ်ကို ပစ်ပယ်ခြင်းဟာ အသိဉာဏ်တံခါးကို ပိတ်ပစ်လိုက်ခြင်းပဲ ဖြစ်တယ်။

"သမိုင်း" ဆိုတာ တိုးတက်မှုရဲ့ အဟန့်အတားဖြစ်တယ်" လူတချို့ အထူးသဖြင့် အမေရိကန် တချို့က အဲဒီလို ပြောလေ့ရှိပါတယ်။ ယဉ်ကျေးမှု သမိုင်းကြောင်း ထောင်ချီရှိခဲ့တဲ့ ဥရောပကို နောက်မှပေါ်လာတဲ့ ရွှေကြာပင် အမေရိကန်က အပြတ်အသတ် ကျော်ဖြတ်ပြီး စူပါပါဝါနိုင်ငံကြီး ဖြစ်သွားတာကို ထောက်ပြကြတယ်။ ဥရောပက သမိုင်းကို သိပ်ဖက်တွယ်ထားလို့ နောက်ကျရတာလို့လည်း ပြောကြတယ်။

## အောက်ဆုံးတန်းမှာတစ်နေရာ

စီးပွားရေး၊ နိုင်ငံရေး၊ နည်းပညာရေးတို့မှာ အမေရိကန်က ကမ္ဘာပေါ်မှာ "နံပါတ်ဝမ်းတစ် ဂဏန်းတစ်" ဖြစ်တာမှန်ပါတယ်။ ဒါပေမဲ့ "စိတ်ယဉ်ကျေးမှု" အရာမှာတော့ ဥရောပနဲ့ပဲ ယှဉ်ယှဉ်၊ အာရှနဲ့ပဲ ယှဉ်ယှဉ်၊ အောက်ဆုံးတန်း တစ်နေရာမှာရှိနေတယ်ဆိုတာ မငြင်းနိုင်ပါဘူး။ မှူးယစ်

mgyoe.com

mgyoe.com


ဆေးဝါး ပြဿနာ၊ ဒုစရိုက်လုပ်ငန်းကြီးတွေ ပြဿနာ၊ ရာဇဝတ်မှုခင်းကြီးများ ပြဿနာ၊ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်ပြဿနာ၊ လင်မယားကွာရှင်းမှုနှုန်း ပြင်းသထက်ပြင်းနေတဲ့ ပြဿနာ၊ လမ်းပေါ်မှာ သေနတ်ကိုင်ရမ်းကားမှု ပြဿနာစတဲ့စတဲ့ လူမှုရေး ကူးစက်ရောဂါဆိုးကြီးမှန်သမျှ အမေရိကန်က စခဲ့တာချည်းလို့ ပြောရင် မမှားပါဘူး။ ဒီနေ့ထိ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှ အမေရိကန်လောက် မဆိုးသေးပါဘူး။ အီရတ်တို့၊ အာဖဂန်နစ္စတန်တို့မှာ စစ်ပွဲကြီးတွေသာဖြစ်နေတာ လူသားတွေရဲ့ အကျင့်စရိုက်ပျက်စီးမှုမှာတော့ အမေရိကန်လို ကြီးကြီးမားမား မရှိပါဘူး။ အဲဒါကြောင့် သမိုင်း မရှိရင် ယဉ်ကျေးမှု မရှိဘူးလို့တောင် ပြောလိုက်ချင်ပါတယ်။

## ဝတ္ထုဟာ သမိုင်းမဟုတ်ဘူး

သမိုင်းဟာ သိပ်ကိုအရေးကြီးပါတယ်။ ပစ်ပယ်လို့ လုံးဝမဖြစ်ပါဘူး။ လူတွေယဉ်ကျေးဖို့ သမိုင်းကို မဖြစ်မနေလေ့လာရပါတယ်။ ဒါပေမဲ့ စနစ်တကျလေ့လာတတ်ဖို့တော့ လိုပါတယ်။ တချို့က သမိုင်းနောက်ခံဝတ္ထုတွေ၊ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွေနဲ့ ကိုယ်ရေးမှတ်တမ်းတွေကို သမိုင်းလို့ ထင်မှတ်မှားနေတတ်ပါတယ်။ ဒါတွေဟာ သမိုင်း လုံးဝ မဟုတ်ပါဘူး။ သမိုင်းနောက်ခံဝတ္ထုဟာ ဝတ္ထုသာဖြစ်တယ်။ စာရေးဆရာရဲ့ အတ္တနောမတိနဲ့ ရေးဖွဲ့ထားပါတာဖြစ်လို့ အဖြစ်အပျက်တွေမှာ ပုံကြီးချဲ့တာ၊ မေးမှိန်ဖျောက်ဖျက်ပစ်တာတွေ (အနုပညာ သဘောလိုအပ်ချက်အရ) ပြုလုပ်ရပါတယ်။ ဒါကြောင့် အဖြစ်မှန်တွေလို့ မမှတ်ယူသင့်ပါဘူး။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိနဲ့ ကိုယ်ရေးမှတ်တမ်းဆိုတာဟာလည်း အားကိုးထိုက်တဲ့ အထောက်ထား မဖြစ်နိုင်ပါဘူး။

## အတ္တနော မတိ လွှမ်း

ဘာကြောင့်ဒီလို ယတိပြတ်ပြောသလဲဆိုတော့ ကမ္ဘာမှာ အင်မတန်ကျော်ကြားတဲ့ "ဘာဝင်စတန်ချာချီ" ရဲ့ ကိုယ်ရေးမှတ်တမ်းလို စာအုပ်ကြီးမှာတောင် ကိုယ်ရေးသွေးတာတွေနဲ့ သူများကို လက်ညှိုးထိုးတာတွေ

mgyoe.com

mgyoe.com


ပြည့်နှက်နေအောင် တွေ့နေရတာကြောင့် ဖြစ်တယ်။ မြန်မာပြည်မှာ ဖတ်ရတဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ စာအုပ်တွေနဲ့ ကိုယ်ရေးမှတ်တမ်းဆိုတဲ့ စာအုပ်တွေ အများစုကလည်း အတ္တနောမတိ လွှမ်းမိုးနေတာ များပါတယ်။ တချို့ ခပ်ညံ့ညံ့လူတွေ ရေးတဲ့ စာအုပ်မျိုးတွေ ဖတ်ပြီး သမိုင်းလို့ ထင်မှတ်ရင်တော့ အချည်းနှီးဖြစ်ရုံ မကပါဘူး။ လူကောင်းကို လူဆိုးထင်ပြီး၊ မသူတော်ကို လူကောင်းကြီးမှတ်ပြီး ကိုးကွယ်ဆည်းကပ်သွားစေတဲ့ အန္တရာယ်တောင် အကြီးကြီးရှိပါတယ်။

## သမိုင်းဆရာမှ စိတ်ချရ

အဲဒါကြောင့် စနစ်တကျလေ့လာမှုဟာ ဘယ်နေရာမဆို အရေးကြီးပါတယ်။ မူရင်းကျမ်းကြီး ကျမ်းခိုင်တွေကို မဖတ်ဖူးဘဲနဲ့၊ နိဒါန်းလို၊ မိတ်ဆက်လို၊ အနှစ်ချုပ်လို စာအုပ်လောက်ဖတ်ပြီး "ဂုရုကြီး" ယောင်ဆောင် လူတွင်ကျယ်လုပ်ခဲ့ကြသူများကြောင့် မြန်မာ့နိုင်ငံရေး ရေစုန်မျောခဲ့ရတာ နှစ်ပေါင်း ၆၀ တောင်ကျော်ခဲ့ရတာ ဖြစ်တယ်။ အဲဒါကြောင့် စနစ်တကျ လေ့လာဖို့ အရေးကြီးတယ်လို့ ပြောခဲ့တာပါ။ သမိုင်းကို စနစ်တကျလေ့လာမယ် ဆိုရင် စနစ်တကျ လေ့လာသင်ကြားထားတဲ့ သမိုင်းပညာရှင်များ ရေးတဲ့ စာအုပ်တွေကို ဖတ်ရပါမယ်။ သမိုင်းပညာရှင်ကမှ ဘယ်လိုအချက်အလက်မျိုးက ခိုင်မာမှုရှိတယ်၊ ဘယ်လိုအချက်အလက်မျိုးက စိတ်မချရဘူးဆိုတာ စနစ်တကျ လေ့လာသင်ယူထားတာ ဖြစ်ပါတယ်။ စာရေးဆရာရေးတဲ့ စာအုပ် ရသကဲ့သို့ နိုင်ငံရေးသမားရေးတဲ့ စာအုပ်က ကိုယ်ရည်သွေးတွေ များလွန်းပါတယ်။ ပြီးတော့ ဘယ်ဟာက တန်ဖိုးရှိတဲ့ အချက်အလက်၊ ဘယ်ဟာက အမှိုက်သရိုက်ဆိုတာကို စနစ်တကျ လေ့လာသင်ယူထားတာ မဟုတ်လို့ စိတ်မချရပါဘူး။ သမိုင်းပညာရှင်ရေးတဲ့ စာအုပ်ဆိုတာတောင်မှ ဘယ်ခေတ်၊ ဘယ်အခြေအနေမှာ ရေးတာလဲဆိုတဲ့အချက်လို ဆန်းစစ်ကြည့်ဖို့ လိုပါသေးတယ်။

mgyoe.com

mgyoe.com


## ဇေယျာဆုပ်ခေါ်စေ

နန်းမတော် မယ်နု တန်ခိုးထွားစဉ်အခါက စစ်ကိုင်းကလုပ်တဲ့ မုန့်တစ်မျိုးကို "အနုဆုပ်" ဆိုတာကို "နု" ပါနေလို့ မခေါ်ရဘူး။ "ဇေယျာဆုပ်"လို့ ခေါ်ခိုင်းတယ်ဆိုတာမျိုးလည်း ရှိတတ်ပါတယ်။ အဲဒါကြောင့် "စနစ်တကျ" သမိုင်းလေ့လာရေးဟာ အင်မတန် အရေးကြီးတယ်လို့ ထပ်လောင်းပြောလိုက်ပါရစေ။ စာရေးဆရာတွေနဲ့ နိုင်ငံရေးသမားတွေ ရေးတဲ့ မှတ်တမ်းတွေဟာ စိတ်ချရတဲ့ သမိုင်းမဟုတ်ဘူးလို့လည်း သတိပြုစေချင်ပါတယ်။

❒

mgyoe.com

mgyoe.com

# လူငယ်တွေ မှားနေတဲ့အချက်

မဂ္ဂဇင်းတစ်အုပ်ထုတ်ဖို့ ပြင်နေတဲ့ လူငယ်တစ်စု ရောက်လာပြီး ထုံးစံအတိုင်း စာမူတောင်းပါတယ်။ သူတို့လုပ်မယ့် မဂ္ဂဇင်းက အသစ်မဟုတ်ပါဘူး။ ရပ်နေတဲ့ မဂ္ဂဇင်းကို ပြန်ပြီးအသက်သွင်းကြမှာ ဖြစ်တယ်။ ဘယ်လို စာမူမျိုး ရေးရမယ်ဆိုတာ စဉ်းစားဖို့အတွက် ဘယ်လိုင်း၊ ဘယ်ပုံစံနဲ့ လုပ်ကြမှာလဲလို့ မေးတော့ အရင်မဂ္ဂဇင်းပုံစံကိုပဲ နည်းနည်းမွမ်းမံပြီး စက္ကူကောင်းနဲ့ ရိုက်မှာပါ လို့ ဖြေပါတယ်။

## အဟောင်းကို မွမ်းမံမှာတဲ့

"ရှုံးလို့ ဆက်မလုပ်တော့တဲ့ မဂ္ဂဇင်းပုံစံအတိုင်း ဆက်လုပ်ရင် အောင်မြင်မယ်ထင်သလား"

"ကျောရိုးကိုပဲယူပြီး သွက်သွက်လက်လက်ဖြစ်အောင် နည်းနည်း ပါးပါး ပြုပြင်သွားမှာပါ ခင်ဗျ"

လူငယ်ပညာတတ်ကလေးတွေ ဂျာနယ်မဂ္ဂဇင်း လောကထဲဝင်လာတာကို ဝမ်းသာအားရ ကြိုဆိုအားပေးမြဲ ဖြစ်လေတော့ ဒီလူငယ်လေးတွေကို

mgyoe.com

mgyoe.com


လည်း အားပေးရမှာပါပဲ။ လူငယ်တွေ အောင်မြင်စေချင်တယ်။ သုံးလေးအုပ် လောက် ထုတ်ပြီး၊ ငွေမလိုက်နိုင်တော့လို့ ရပ်သွားတာမျိုး မဖြစ်စေချင်ဘူး။ ဒီလေးငါးနှစ်အတွင်းမှာ ရှိသမျှ ငွေလေးကုန်ပြီး စာနယ်ဇင်းလောက အပြင် ရောက်သွားတာမျိုးတွေ၊ တော်တော်များများ တွေ့ဖူးခဲ့ပါတယ်။ ဒါကြောင့် လူငယ်တွေနဲ့ အချိန်ယူစကား ပြောဖြစ်ပါတယ်။ မိုးကလေးအေးနေတော့၊ အမောကလည်း သက်သာနေတာကြောင့် စိတ်ရှည်လက်ရှည် ဆွေးနွေး ပြောဆို ဖြစ်ကြတယ်။

## သူတို့တစ်ခေတ်ဖြစ်ခဲ့ကြ

သူတို့လုပ်မယ့် မဂ္ဂဇင်းဟာ ဂျာနယ်တွေ မပေါ်ခင်အထိ အတော်က လေး အောင်မြင်မှုရခဲ့တဲ့ မဂ္ဂဇင်းဖြစ်တယ်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းက ကမ္ဘာကို မျှော်ကြည့်နေချိန်ဖြစ်လေတော့ မြန်မာ စာဖတ်ပရိသတ် သိချင်ဖတ်ချင် နေတဲ့ နိုင်ငံတကာ အဖြစ်အပျက်သတင်းတွေ စီးပွားရေးအယူအဆ သဘောတရား တွေကို ပေးတဲ့ မဂ္ဂဇင်းတွေဟာ ရသ ဖောင်းပေးတဲ့ မဂ္ဂဇင်းတွေကို ကျော်ဖြတ်ပြီး လူကြိုက်များ ရောင်းအားကောင်းခဲ့ကြတယ်။ စီးပွားရေးနဲ့ နိုင်ငံတကာမဂ္ဂဇင်းများ ခေတ်တစ်ခေတ်လို့ ဆိုရလောက်အောင်ကို အားကောင်းခဲ့ကြတယ်။ အခု သူတို့လုပ်မှာက အဲဒီမဂ္ဂဇင်းတွေထဲက တစ်ခု ဖြစ်တယ်။ ဂျာနယ်တွေ ကိုးဆယ်၊ တစ်ရာပေါ်ပေါက်လာတဲ့အခါကျတော့ စီးပွားရေး၊ နိုင်ငံတကာရေးမဂ္ဂဇင်းတွေအားလုံး အရင်ကလို မရောင်းရ တော့ဘူး။ နောက်တော့ ရှုံးလာတယ်။ တချို့က ရပ်သွားကြတယ်။ ဂျာနယ် ရေစီးကြောင်းကြီး တစ်ရှိန်ထိုး စီးဆင်းလာတာကို သူတို့က ခပ်ပေါ့ပေါ့ သဘောထားပြီး လျစ်လျူရှုခဲ့ကြတယ်။ အခြေအနေနဲ့ ကိုက်ညီအောင် ပြုပြင်ဖို့ မကြိုးစားကြဘဲ သွားမြဲတိုင်း ဆက်သွားနေခဲ့ကြတယ်။

mgyoe.com

mgyoe.com


## ညကသတင်း မနက်ဖတ်နိုင်

ဂျာနယ်တွေက ရက်သတ္တတစ်ပတ်လုံးလုံး လေးငါးခြောက်စောင်က နေ့တိုင်းထွက်နေကြတာ။ နေ့စဉ်ဂျာနယ်တစ်စောင် မှန်မှန်ဝယ်ဖတ်ရင် သတင်းစာဖတ်နေရတာနဲ့ အတူတူလိုဖြစ်နေတယ်။ ဘောလုံးပွဲသတင်းများဆို ည ၁ နာရီမှာ ကန်တဲ့ပွဲအကြောင်း မနက်ထွက်လာတဲ့ ဂျာနယ်က အချပ်ပိုရိုက်ပြီး မပါပါအောင် ထည့်ကြတာ။ အရေးကြီးသတင်းတွေဆိုလည်း အဲဒီလိုပဲပါအောင် ကြိုးစားကြတယ်။ ဒီတော့ တစ်လမှ တစ်ကြိမ်ထွက်တဲ့ မဂ္ဂဇင်းက ဘယ်လိုလုပ်ယှဉ်နိုင်တော့မှာလဲ။ ဒါကို မဂ္ဂဇင်းတွေက မပြုပြင်ကြဘူး၊ လုပ်မြဲအတိုင်း ဆက်လုပ်ကြတယ်။ ဒီလိုနဲ့ပဲ နိုင်ငံတကာနဲ့ စီးပွားရေး မဂ္ဂဇင်းခေတ် ကုန်ဆုံးသွားခဲ့ရတာ ဖြစ်ပါတယ်။

## ဘာကြောင့်မပြင်ရဲတာလဲ

အခုနောက်လုပ်မယ့် လူငယ်တွေက မူလကျောရိုး အတိုင်းဆက်လုပ်မယ်ဆိုတော့ ဖြစ်ပါ့မလား။ ကိုယ်ပိုင် အတွေးသစ်၊ အမြင်သစ်၊ စိတ်ကူးသစ်တွေနဲ့ သီးသန့်လိုင်းတစ်လိုင်းထူထောင်ပြီး ဖောက်ထွက်နိုင်အောင် မကြိုးစားသင့်ဘူးလား။ ပုံစံအဟောင်းကို ရဲရဲပြင် မပစ်ဝံ့ဘူးလားလို့ မေးလိုက်တော့၊ "အိုင်ဒီယာအသစ်တွေ စဉ်းစားထားတာတွေတော့ ရှိပါတယ်၊ ဒါပေမဲ့ လိုက်လုပ်နိုင်မယ့်သူက မရှိဘူးခင်ဗျ" လို့ ဖြေကြပါတယ်။

"အေးလေ၊ ဒါနဲ့ပဲ မောင်စူးစမ်းတို့၊ မောင်ဝံသတို့၊ ကျော်ဝင်းတို့၊ လူထုစိန်ဝင်းတို့ဆီပဲ လှည့်တောင်းနေကြတော့တာ မဟုတ်လား"

"ဒီဆရာတွေပဲ ရေးနိုင်ကြတာကိုး ခင်ဗျ။ နောက်မျိုးဆက် လူငယ်တွေက ထွက်မလာကြဘူး"

"ထွက်မလာတာလား၊ ထွက်လာအောင် ဆွဲမခေါ်ကြတာလား" ဒီမေးခွန်းကိုတော့ လူငယ်တွေ ချက်ချင်း မဖြေကြပါဘူး။ တွေပြီး စဉ်းစားနေကြပါတယ်။

mgyoe.com

mgyoe.com

## လူငယ်တွေအားကိုးလောက်ပါတယ်

အဲဒါကြောင့် ပြောလက်စနဲ့ တစ်ဆက်တည်း ဆက်ပြောလိုက်ပါတယ်။ နာဂစ်မဖြစ်မီကတော့ ကိုယ်တိုင်လည်း လူငယ်တွေကို အားမလိုအားမရဖြစ်တဲ့ စိတ်တွေနဲ့ စိတ်ပျက်မိပါတယ်။ ဒါပေမဲ့ နာဂစ်ဖြစ်လာတဲ့အခါကျတော့ ရှေ့ဆုံးက ပြေးထွက်လာကြတာက လူငယ်လေးတွေ ဖြစ်နေတာတွေ့ရတယ်။ အသက်နှစ်ဆယ်ဝန်းကျင် အရွယ်လေးတွေ "ဝုန်းဒိုင်းနဲ့" ဘယ်ကနေ ဘယ်လို ထွက်လာကြတယ် မသိဘူး။ ဖြစ်ပြီးတစ်ပတ်မကြာခင်မီမှာပဲ မုန်တိုင်းသင့်ဒေသတွေမှာ လူငယ်တွေ ထောင်နဲ့ချီ ရောက်နေကြပြီ။ သူတို့ကို ဘယ်သူမှ ဦးဆောင်နေကြတာ မဟုတ်ဘူး။ နောက်ခံလည်း ဘာမှ မရှိဘူး။ မြို့ထဲရွာထဲ ရပ်ကွက်တွေထဲ လိုက်လံ ဆော်သြ အလှူခံပြီး "ကူသယ် ခေါက်သယ်"နဲ့ သွားလိုက် ပြန်လိုက်လုပ်နေကြတာ။ ဒီမှာတင် စိတ်ပျက်လက်ပျက်ဖြစ်နေတာတွေ ပျောက်ကွယ်သွားတယ်။ မြန်မာလူငယ်တွေ မညံ့ကြဘူး။ အရေးဆိုရင် ထွက်လာကြတာပဲ၊ အားကိုးလောက်တယ်လို့ စိတ်တုံးတုံးချပြီး အားတွေ တက်လာတယ်။

## ဆွဲထုတ်မှ ထွက်လာနိုင်မယ်

အဲဒီအကြောင်းတွေကို ပြောပြပြီးတော့၊ "ကိုယ်လုပ်ချင်တဲ့ ပုံစံကို ရှေ့ကလုပ်ပြလိုက်ပါ။ လူငယ်တွေနောက်က လိုက်လာကြပါလိမ့်မယ်၊ ကိုယ်က ဆွဲထုတ်မှ လူငယ်တွေ ထွက်လာနိုင်မှာပေါ့" လို့ တိုက်တွန်းလိုက်ပါတယ်။ ဒါတောင် သူတို့သဘောပေါက်ပုံ မရပါဘူး။

"ဆရာတို့ကရှေ့က လမ်းပြပေးပါ၊ ကျွန်တော်တို့မှာ အဲဒီလို အရည်အချင်းမရှိသေးပါဘူး" လို့ပြောလိုက်ပါသေးတယ်။ ဒီခေတ်လူငယ်တွေမှာ ခက်နေတာက အဲဒါပဲ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု သိပ်အားနည်းကြတယ်။ ဘာမဆို သူများခင်းပေးတဲ့လမ်းကိုပဲ လျှောက်ချင်ကြတယ်။ ရှေ့လူက လမ်းမှားကြီး ခင်းသွားလည်း၊ အဲဒီလမ်းမှားကြီးအတိုင်းပဲ ဆက်သွားကြတယ်။ ကိုယ့်လမ်းကိုယ်ဖောက်ပြီး မလျှောက်ရဲကြဘူး။ တိုင်းပြည် လွတ်လပ်ရေးရတာ နှစ်ပေါင်း ခြောက်ဆယ် ရှိပြီ။ အခုထိ ပင်ပင်ပန်းပန်း

mgyoe.com

mgyoe.com

ကြိုးစားရန်းကန်နေရတုန်းပဲ ရှိသေးတယ်။ အဲဒီတော့ လူငယ်တွေရဲ့ အတွေးသစ်၊ အမြင်သစ်၊ စိတ်ကူးသစ်၊ နည်းပညာသစ်တွေနဲ့ လမ်းဟောင်းက ဖောက်ထွက်ကြဖို့လိုပြီ မဟုတ်လား။

## အိုနေပြီ

ရှေ့ကလမ်းပြပါ လို့ လူငယ်တွေ မျှော်လင့်အားထား နေကြတဲ့ ကျွန်တော်တို့တစ်တွေက "အို" နေပြီလေ။ ခြောက်ဆယ်ကျော် ခုနစ်ဆယ် အရွယ်၊ ရှစ်ဆယ် အရွယ်တွေ ရောက်နေကြပြီ။ စိတ်သာရှိကြတော့တာ။ တကယ်တော့ ဘာမှ လုပ်နိုင်ကြတော့တာ မဟုတ်ဘူး။ ကွန်ပျူတာဆိုတာ တောင် "အီးမေးလ်" ပို့ဖို့လောက်သာ သုံးတတ်တာ။ အင်တာနက်တွေ၊ ဘလော့ဂ်တွေကို အကြာကြီး ထိုင်ပြီး ဘယ်ဖတ်နိုင်တော့မှာလဲ။ အရေးကြီး တာတွေကို လူငယ်လေးတွေက ဆွဲချပြီး ယူလာမှ ဖတ်ကြရတာ။ အဲဒီတော့ တစ်နေ့ တစ်နေ့ နာရီပေါင်းများစွာ ကွန်ပျူတာရှေ့ထိုင်နေကြတဲ့ လူငယ် လေးတွေလို အမြင်သစ်၊ အတွေးသစ်၊ စိတ်ကူးသစ်တွေ ဘယ်လိုလုပ်ပြီး ရမှာလဲ။ ဒီတော့လူငယ်တွေကို ဘယ်လိုအတွေးအခေါ်မျိုးတွေနဲ့ ရှေ့ဆောင် လမ်းပြ လုပ်နိုင်တော့မှာလဲ။ ဒီခေတ်ကြီးက conventional thinking ခေါ်တဲ့ သမားရိုးကျ အတွေးအခေါ်တွေကနေပြီး ဖောက်ထွက်နိုင်တာမှ တော်ကာကျ တာလေ။

❑

mgyoe.com

mgyoe.com

# ဆပ်ကပ်ထဲက
# ခြင်္သေ့လို မဖြစ်စေချင်

ခြေတစ်လှမ်းကုဋေတစ်သန်းတန်သလို လှုပ်လီလှုပ်လဲ့နဲ့ ဗိုင်းကောင်း ကျောက်ဖိ မိန်းကလေးမျိုးကို သဘောမကျသလို၊ ကောလိပ်ကျောင်းသား အရွယ်ရောက်နေတာတောင် အမေ့နားကပဲ ချွဲနေတတ်တဲ့ သားလိမ္မာလေးမျိုး ကိုလည်း ကြည့် မရတဲ့အကြောင်း မကြာခဏရေးခဲ့တာနဲ့ ပတ်သတ်ပြီး တချို့မိဘတွေက စောဒကတက် တက်ကြတယ်။

## မျက်စိအောက်က အပျောက်မခံနဲ့

သူတို့က မိဘစကား မြေဝယ်မကျ နားထောင်ပြီး စာမေးပွဲတွေ ထူးထူးချွန်ချွန် အောင်မြင်ဖို့ အရေးကြီးတယ်လို့ ယူဆကြတယ်။ အဲဒီလိုဖြစ်ဖို့ အတွက် သားသမီးတွေကို မူကြိုအရွယ်ကစပြီး မျက်စိအောက်က အပျောက် မခံဘဲ အရိပ်တကြည့်ကြည့်နဲ့ ပြုစုပျိုးထောင်လာကြတယ်။ အတန်းတွေ တစ်တန်းပြီးတစ်တန်းတက်လာ၊ အသက်တွေ တစ်နှစ်ပြီး တစ်နှစ် ကြီးလာ လည်း ကျောင်းတက် ကျောင်းဆင်း၊ ကျူရှင်ကြိုပို့ မပျက်မကွက် လုပ်ပေး ကြတယ်။ သားသမီးတွေ နှစ်စဉ်နှစ်တိုင်း စာမေးပွဲတွေ ထူးထူးချွန်ချွန် အောင်ဖို့လောက် အရေးကြီးတာ ဘာမှမရှိဘူးလို့လည်း ယူဆထားကြတယ်။

mgyoe.com

mgyoe.com


## အံဝင်ခွင်ကျဖြစ်မလာ

အဲဒီလို ကလေးတွေဟာ လိမ္မာပြီး စာတော်ကြပါတယ်။ ဒါပေမဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော် ကောလိပ်ကျောင်းသားအရွယ်တွေနဲ့ ဘွဲ့ရပြီး ဆရာဝန်ပေါက်စ၊ အင်ဂျင်နီယာပေါက်စ၊ ကျူတာပေါက်စလေးတွေကို စာသင်ပေးတဲ့ ဆရာလုပ်လာတဲ့ အတွေ့အကြုံအရ အဲဒီလို ဗိုင်းကောင်းကျောက်ဖိ သားလိမ္မာ၊ သမီးလိမ္မာလေးတွေဟာ လိမ္မာပြီးစာတော်ကြပေမဲ့၊ လူ့အဖွဲ့အစည်းထဲ တိုးဝင်ရာမှာတော့ တယ်ပြီး အံဝင်ခွင်ကျ ဖြစ်မလာကျတာကို တွေ့ရတယ်။ ဘာမဆို မိဘက အဆင်သင့်ဖန်တီးပေးတာကို ခံယူနေကျဆိုတော့ ကိုယ်တိုင် ဘာတစ်ခုမှ မဆုံးဖြတ်တတ်၊ မလုပ်တတ်ကြဘူး။ တချို့ဆို လူတောမတိုးသလိုတောင် ဖြစ်နေတတ်တယ်။

## ဆပ်ကပ်ထဲကခြင်္သေ့

ဒီလူငယ်လေးတွေဟာ ဘာနဲ့တူသလဲဆိုတော့ ဆပ်ကပ်ထဲက ခြင်္သေ့တွေနဲ့ တူတယ်လို့ ပြောရလိမ့်မယ်။ ဆပ်ကပ်ထဲက ခြင်္သေ့တွေဟာ ဆပ်ကပ်ဆရာ ခိုင်းတဲ့အတိုင်း မီးကွင်းခုန်ပြလိုက်၊ ကြိုးတန်းလျှောက်ပြလိုက်၊ သစ်သားစည်ပိုင်းကြီးပေါ် တက်ပြီး ကင်းမြီးကောက်ထောင်ပြလိုက်နဲ့ သိပ်လိမ္မာကြတာပဲ။ ကြည့်လေ ကြည့်လေ ချစ်စရာကောင်းလေဖြစ်တယ်။ အိမ်မှာမွေးထားတဲ့ ခွေးကလေး၊ ကြောင်ကလေးလို ထွေးပွေ့ပွတ်သပ်ချင်စရာ ကောင်းတယ်။ ဒါပေမဲ့ စိတ်မကောင်းဖြစ်စရာကတော့ ခြင်္သေ့နဲ့ နည်းနည်းလေးမှ မတူတော့တာပဲ ဖြစ်တယ်။

## ဥဒေါင်းပျိုလိုဖြစ်ရမယ်

ခြင်္သေ့ဆိုတာက ကြောင်ကလေး၊ ခွေးကလေးလို လူ့ခြေထောက်ကို ပွတ်သီးပွတ်သပ်လုပ်နေရမှာမှ မဟုတ်တာ။ တောဘုရင်ဆိုတဲ့အတိုင်း ဝင့်ဝင့်ကြွားကြွား၊ မာန်နဲ့ ဟန်နဲ့ နေရမှာ မဟုတ်လား။ မြင်လိုက်တာနဲ့ ကြောက်ရွံ့နောက်တွန့်သွားလောက်အောင် ခံ့ညားထည်ဝါနေရမှာ မဟုတ်လား။ အခုလို သနားစရာ ချစ်စရာလေးဖြစ်နေတာ ကြည့်မကောင်းပါဘူး။ လူငယ်ဆိုတာ

mgyoe.com

လည်း ဥဒေါင်းပျိုသဖွယ် ဟန်ရေးပန်ရေးတပြပြနဲ့ မြူးကြွသွက်လက် လန်းဆန်းနေရမှာ ဖြစ်တယ်။ တောင်ကိုတွေ့ရင် ပြေးတက်ရမယ်။ မြစ်ကို တွေ့ရင် ဆင်းကူးရမယ်။ ကြောက်ရွံ့ နောက်တွန့်နေရင် လူငယ်မဟုတ်ဘူး။

## အိပ်မက်တွေကြောင့်

လန်းဆန်းတက်ကြွတဲ့ လူငယ်တွေရဲ့ အိပ်မက်တွေကြောင့် ကမ္ဘာကြီးဟာ ဒီအခြေအနေထိရောက်အောင် တိုးတက်လာခဲ့တာ ဖြစ်တယ်။ လူငယ်တွေ စိတ်ကူးယဉ် အိပ်မက်တွေမက်နိုင်အောင် လူကြီးတွေက ဖန်တီးပေးရမယ်။ ကလေးကို ကလေးနဲ့တူအောင် ပြုစုပျိုးထောင်ပြီး၊ လူငယ်ကို လူငယ်နဲ့တူအောင် ထားဖို့ သိပ် အရေးကြီးပါတယ်။ သဘာဝအတိုင်း လွတ်လွတ်လပ်လပ် ကြီးပြင်းခွင့်မရတဲ့ ကလေးများဟာ လူကြီးမိဘမျက်ကွယ်ရာ ရောက်သွားတဲ့အခါမျိုးမှာ မမြင်ဘူး မူးမြစ်ထင် ဆိုသလိုဖြစ်ပြီး လွတ်လပ်မှုကို ထင်သလို အသုံးချရင်း စည်းလွတ်ဝါးလွတ် ပရမ်းပတာ ဖြစ်သွားတတ်ပါတယ်။

## လောင်းရိပ်တွေဖယ်ရှားပါ

မိဘများဟာ ဒီအချက်ကို အထူးသတိထားကြဖို့ လိုတယ်။ ပညာခေတ်ဆိုတဲ့ စကားကို တလွဲအဓိပ္ပာယ်ကောက်ပြီး ကလေးတွေကို သဘာဝမကျတဲ့ ဖိအားတွေ မပေးသင့်ဘူး။ ကလေးကို ကလေးလိုဆော့ရင်း၊ ကစားရင်း ဦးနှောက်ကလေး ဖွံ့ဖြိုးလာပါစေ။ ဖွံ့ဖြိုးမယ်ကြံစ ဦးနှောက်ကလေးကို မနိုင်ဝန်တွေ အထမ်းမခိုင်းစေသင့်ဘူး။ လူငယ်တွေကိုလည်း လူငယ်သဘာဝအတိုင်း လွတ်လွတ်လပ်လပ် မြူးထူးတက်ကြွစွာနဲ့ စိတ်ကူးယဉ်အိပ်မက်တွေ မက်ရင်း ကြီးပြင်းခွင့် ပေးသင့်တယ်။ လောင်းရိပ် မှန်သမျှ ဖယ်ရှား ရှင်းလင်းပေးဖို့လည်း လိုအပ်တယ်။

mgyoe.com

mgyoe.com


## အထိန်းသိမ်းလွန်ရင်မကောင်းဘူး

လောင်းရိပ်ဆိုတာ ဘယ်လိုလောင်းရိပ်မှ မကောင်းပါဘူး။ အပင်ကြီးတွေရဲ့လောင်းရိပ်အောက်ရောက်နေတဲ့ အပင်ငယ်လေးတွေဟာ ဘယ်တော့မှ ထွားထွားကျိုင်းကျိုင်း ဖြစ်မလာဘဲ ကြုံလှီသေးကွေးပြီး သစ်ပင်အရာမဝင်တော့ပါဘူး။ လူငယ်လေးတွေလည်း လူကြီးလောင်းရိပ်အောက်က မလွတ်ကင်းရင် လူရာ မဝင်နိုင်ပါဘူး။ လူတစ်လုံး သူတစ်လုံး ဖြစ်မလာနိုင်ပါဘူး။ အရှေ့တိုင်းသားများက သားသမီးပြုစုပျိုးထောင်ရာမှာ ထိန်းသိမ်း စောင့်ရှောက်မှု လွန်ကဲလေ့ ရှိပါတယ်။ အထိန်းသိမ်းလွန်ရင် ဖွံ့ဖြိုးမှု နောက်ကျတတ်တယ်။ သားသမီးတွေကို ထူးချွန်ထက်မြက်တဲ့ လူငယ်တွေ ဖြစ်စေချင်တဲ့ မိဘတိုင်းလောင်းရိပ်တွေ ဖယ်ရှားရှင်းလင်းပေးကြဖို့ တိုက်တွန်းလိုက်ပါရစေ။

❒

mgyoe.com

mgyoe.com

# စိတ်ဒုက္ခိတမဖြစ်ဖို့ အရေးကြီးဆုံးပဲ

မနှစ်မြို့တဲ့ စကားတွေထဲမှာ "ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သဘောထားရမှာပေါ့" ဆိုတာလည်း ပါတယ်။ အထူးသဖြင့် လူငယ်တွေ ပါးစပ်က ထွက်လာတာဆိုရင် တော်တော်ကို နားခါးမိတယ်။ လူငယ်ဆိုတာ "မိုးကို ဒူးနဲ့ တိုက်မယ်" ဆိုတဲ့ စိတ်မျိုးထားရမှာ မဟုတ်လား။

## အညံ့ခံ အရှုံးပေးစိတ်

ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဆိုတဲ့စကားက စိတ်ပျက်လက်လျှော့တဲ့ သဘော၊ အညံ့ခံအရှုံးပေးတဲ့ စိတ်ဓာတ်ကို ဖော်ပြတာဖြစ်တယ်။ ဒီစိတ်ဓာတ်မျိုးနဲ့တော့ လောကမှာ ဘယ်တော့မှ လူတစ်လုံး သူတစ်လုံး ဖြစ်စရာ မရှိဘူး။ "ဓားမနောက်ပိတ်ခွေ" လူညံ့တစ်ယောက်ပဲ ဖြစ်ဖို့ရှိတယ်။ လူညံ့တွေများနေတဲ့ တိုင်းပြည်တစ်ခုဟာလည်း ဘယ်တော့မှ တိုးတက်ဖွံ့ဖြိုး မလာနိုင်ဘူး။ ဒါကြောင့် ဒီစကားကို မနှစ်မြို့တာ။ အထူးသဖြင့် လူငယ်တွေ ပါးစပ်က ပြောသံကြားရင် ပိုပြီး မနှစ်မြို့ဘူး။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သဘောထားနေလိုက်ရင် ကိုယ်သွားချင်တဲ့

mgyoe.com

mgyoe.com

ပန်းတိုင်ကို ဘယ်တော့မှ ရောက်မှာ မဟုတ်ဘူး။ လမ်းခုလတ်မှာပဲ ဟိုမရောက် ဒီမရောက် အခြေအနေနဲ့ ဘဝဆုံးရမှာ သေချာတယ်။ လိုချင်တာကို မရမချင်း အလျှော့မပေး အညံ့မခံဘူးဆိုတဲ့ စိတ်ဓာတ်မျိုးရှိမှ ပန်းတိုင်ကို ရောက်နိုင်တယ်။

## ချောက်ထဲတွန်းချတာ

လူတချို့က ဒါဟာ အကောင်းမြင်စိတ်ဓာတ်ထားတတ်ဖို့၊ နှစ်သိမ့်ရောင့်ရဲနိုင်ဖို့ ပြောတဲ့စကား ဖြစ်တယ်လို့ ဆိုကြတယ်။ ဒီစကား မမှန်ပါဘူး။ အကောင်းမြင်စိတ်ဓာတ်ဆိုတာ ကောင်းစရာရှိမှ ထားနိုင်တယ်။ ကောင်းလာဖို့ မျှော်လင့်ချက် လုံးလုံးမရှိတာကြီးကို အကောင်းမြင် စိတ်ဓာတ်ထားဖို့ ပြောနေတာဟာ ချောက်ထဲတွန်းချတာ ဖြစ်တယ်။ ရေနစ်သူကို ဝါးကူထိုးတာ ဖြစ်တယ်။ ပကတိဖြစ်နေတဲ့ အခြေအနေမှန်ကို အမှန်အတိုင်း မြင်အောင် သိအောင်သာ လုပ်ပေးသင့်တယ်။

## ဖြစ်ရာဘဝမှာကျေနပ်နေဖို့မဟုတ်

နှစ်သိမ့် ရောင့်ရဲဖို့ ဆိုတာ မှန်ကန်တဲ့ စိတ်ထားဖြစ်တယ်။ ဗုဒ္ဓတရားတော်နဲ့လည်း ကိုက်ညီတယ်လို့ ပြောတတ်ကြသေးတယ်။ ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင် ဗြဟ္မာစည်းစိမ်ချမ်းသာနဲ့ နတ်သားဘဝနဲ့ ရောင့်ရဲမနေလို့သာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဆင်းရဲဒုက္ခမျိုးစုံခံပြီး ပါရမီဖြည့်ခဲ့တာ ဖြစ်တယ်။ ဝေနေယျသတ္တဝါအပေါင်းကိုလည်း နိဗ္ဗာန်မရမချင်း မလျှော့သော ဖွဲ၊ လုံ့လ၊ ဝီရိယနဲ့ အပတ်တကုတ်ကြိုးစားအားထုတ်ကြဖို့ အမြဲတမ်း ဩဝါဒ ပေးခဲ့တယ်။ မြတ်စွာဘုရားက ဝိသမလောဘမတတ်ဘဲ သမာအာဇီဝနည်းနဲ့ ရောင့်ရဲဖို့သာ ဟောကြားတော်မူခဲ့တာ ဖြစ်တယ်။ ဖြစ်ရာဘဝ၊ ရောက်ရာ အခြေအနေကို ကျေနပ်ရောင့်ရဲနေဖို့ ဆိုလိုတာ မဟုတ်ပါဘူး။

mgyoe.com

mgyoe.com


## မဖြစ်နိုင်တာဘာမှမရှိ

လူငယ်ဆိုတာ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်မယ်။ မဖြစ်မချင်း ဇွဲမလျှော့ဘူး၊ အရှုံးမပေးဘူး ဆိုတဲ့စိတ်မျိုး မွေးမြူရမယ်။ အဲဒီ ဇွဲမျိုးရှိရင် မဖြစ်ဘူးဆိုတာ ဘယ်တော့မှ မရှိဘူး။ မျက်စိလုံး၀ မမြင်တဲ့လူနဲ့ ခြေထောက်နှစ်ဖက်စလုံး ဖြတ်ထားရသူတွေတောင် ဧဝရက်တောင်ထိပ် ရောက်အောင် တက်နိုင်ကြသေးတယ်။ တလောလေးကတောင် အသက် ၇၅ နှစ်ရွယ် အဘိုးကြီး၊ အဘွားကြီး ဇနီးမောင်နှံ တောင်ထိပ်အရောက် တက်နိုင်ခဲ့ကြတယ်။ လောကမှာ မဖြစ်သေးတာသာ ရှိတယ်။ မဖြစ်နိုင်တာ ဘာမှ မရှိဘူးဆိုတဲ့ စကားကို လက်ကိုင်ထားသင့်တယ်။ အရှုံးပေး အညံ့ခံသူဟာ အရှုံးသမားဘဝက ဘယ်တော့မှ လွတ်မှာကျွတ်မှာ မဟုတ်ဘူး။

## ကံမွဲလို့ မဟုတ်

ခြေထောက်နှစ်ဖက်စလုံး ပြတ်နေသူက ဧဝရက်တောင်ထိပ် ရောက်အောင် တက်နိုင်ချိန်မှာ၊ ခြေနှစ်ဖက် လက်နှစ်ဖက်စလုံး သန်သန်မာမာကြီးနဲ့ သူတွေက သူများခြေထောက်အောက်မှာ ဝပ်စင်းပြီး ပေးကြပါ၊ ကမ်းကြပါ၊ သနားကြပါနဲ့ တစာစာအော်ဟစ် တောင်းရမ်းနေတာမျိုးတွေလည်း အများကြီး ရှိပါတယ်။ သူတို့ဟာ ကုသိုလ်ကံမွဲလို့ တောင်းစားသူဘဝ ရောက်နေရတာ မဟုတ်ဘူး။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဆိုတဲ့ စိတ်ကြောင့် ဒီဘဝက မလွတ်မကျွတ်နိုင်ကြတာ ဖြစ်တယ်။ လွတ်ချင် ကျွတ်ချင်တဲ့ ဆန္ဒရှိရင် လွတ်ကျွတ်နိုင်တဲ့ နည်းလမ်းတွေအများကြီး ရှိပါတယ်။ မြန်မာပြည်ဟာ ပစ္စန္တရာဇ်အရပ် မဟုတ်ပါဘူး။ သယံဇာတတွေ အင်မတန်ကြွယ်ဝတဲ့ နိုင်ငံပါ။ လုပ်ချင်စိတ်ရှိရင် အလုပ်တွေ ပေါပါတယ်။

mgyoe.com

## အဖြစ်မှန်ဇာတ်လမ်းလေး

ကျောင်းကလေးဖွင့်ပြီး စာသင်နေတုန်းက "လောကကြီးမှာ မဖြစ်နိုင်တာ ဘာမှမရှိ" ဆိုတဲ့ (Nothing is impossible under the sun) ဆောင်ပုဒ်ကို စာလုံးအကြီးကြီးတွေနဲ့ နံရံမှာ ကပ်ထားခဲ့တယ်။ ကျောင်းသားလူငယ်တွေရဲ့ နားထဲစွဲသွားအောင် အမြဲတမ်း ပြောပြခဲ့တယ်။ ထပ်ခါတလဲလဲ သင်ပေးခဲ့တာကလည်း ဂိုးရီးဒါးဒိုင်ဂျက် မဂ္ဂဇင်းထဲမှာပါတဲ့ (Mary's impossible Dream) ဆိုတဲ့ အဖြစ်မှန်ဇာတ်လမ်းလေး ဖြစ်တယ်။ မေရီဆိုတဲ့ အမေရိကန်မလေးဟာ ၁၃ နှစ် သမီးလောက်ကတည်းက လူငယ်ပြုပြင်ရေးစခန်းကို အကြိမ်ကြိမ် ရောက်ခဲ့ရသူဖြစ်တယ်။ အိမ်ထောင်မရှိဘဲနဲ့ ကလေးနှစ်ယောက် မွေးခဲ့တယ်။ မှတ်ဉာဏ်ချို့တဲ့ ရောဂါကြောင့် စာသင်လို့မရဘဲ မူလတန်းကျောင်း ထွက်ခဲ့ရတယ်။ သူ့ ငယ်ဘဝအိပ်မက်က ဆရာဝန်ဖြစ်ချင်တာတဲ့။

## ခေါင်းထဲမှာစွဲနေကြ

လူငယ်ပြုပြင်ရေးစခန်းတွေနဲ့ ထောင်တွေထဲမှာနေရင်း သူ အဲ သုံးလုံးသင်တန်းတွေ တက်ခဲ့တယ်။ အပြင်ရောက်တော့ ကလေးတွေထိန်းရင်း အလုပ်လုပ်ရင်း ကြိုးစားပြီး စာဆက်သင်တယ်။ နောက်ဆုံးကျတော့ ဆေးကျောင်းတက်ခွင့်ရပြီး ဆရာဝန်ဖြစ်သွားတယ်။ ကျောင်းသားသစ်တွေ များလာတိုင်း ဒီဇာတ်လမ်းလေးကို သင်နေကျဖြစ်တော့ နှစ်ပေါင်းများစွာ ကျောင်းတက်နေသူများဆိုရင် အကြိမ်ပေါင်း မရေမတွက်နိုင်လောက်အောင်ကို ဒီအကြောင်းကို သင်ခဲ့ရလို့ အလွတ်နီးပါးတောင် ရှိနေခဲ့ကြတယ်။ ကျောင်းသားဟောင်းမှန်သမျှ ဒီဇာတ်လမ်းလေးကိုတော့ ဒီနေ့ထိ ခေါင်းထဲမှာ စွဲမြဲနေကြတယ်။

mgyoe.com

## စိတ်ဒုက္ခိတမဖြစ်ဖို့

"ဖြစ်တော့ ဖြစ်ချင်တာပေါ့၊ ဒါပေမဲ့ ... ဆိုတဲ့စကား ဘယ်တော့မှ လာမပြောနဲ့၊ နားခါးတယ်"လို့ ကျောင်းသူ၊ ကျောင်းသားတွေကို ပြောမြဲ ဖြစ်လေတော့ တချို့ကျောင်းသားတွေက "ဆရာလည်း ဖြစ်ချင်တာတွေ မဖြစ်ဘဲ တစ်သက်လုံး ခံဘက်ကချည်းနေလာခဲ့ရတာ မဟုတ်လား၊ အခုထိလည်း ဆရာ ဖြစ်ချင်တာတွေ မဖြစ်သေးဘဲနဲ့"လို့ ပြောကြတယ်။ အဲဒီတော့ "မဖြစ်လို့ဆိုပြီး ငိုမနေဘူး၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ ဆိုပြီး အရှုံးမပေးဘူး၊ အညံ့မခံဘူး၊ လူဒုက္ခိတဖြစ်ပေမဲ့ စိတ်ဒုက္ခိတ မဖြစ်ဘူး။ မသေမချင်း ကြိုးစားနေမှာပဲ"လို့ ပြန်ပြောခဲ့ရတယ်။

စိတ်ဒုက္ခိတမဖြစ်ဖို့က လူ့လောကမှာ အရေးကြီးဆုံးလို့ ထင်တယ်။ ဇွဲ မလျှော့တမ်းကြိုးစားရင် တစ်ချိန်ချိန်မှာ ကိုယ်ဖြစ်ချင်တာ ဖြစ်လာရမယ် ဆိုတာကို စိတ်ချယုံကြည်တယ်။ ခြေထောက်နှစ်ဖက်စလုံး ပြတ်နေသူတောင် ဧဝရတ်တောင်ထိပ်ရောက်အောင် တက်နိုင်သေးတာပဲ မဟုတ်ဘူးလား။

❑

mgyoe.com

mgyoe.com

# အနုပညာရှင်ဆိုတာ ဘယ်သူတွေလဲ

မြန်မာစကားမှာ "ဒူးနေရာဒူး တော်နေရာတော်" ဆိုတဲ့ အသုံးရှိပါတယ်။ သူ့နေရာနဲ့သူ လိုက်လျောညီထွေနေတတ်၊ ထိုင်တတ်၊ ပြောတတ် ဆိုတတ်ရတယ် ဆိုတဲ့ သဘောဖြစ်တယ်။ အခုခေတ် ဂျာနယ်မဂ္ဂဇင်းတွေထဲမှာ ကြားရ မြင်ရ ဖတ်ရတာတွေ အတော်များများက ဒီသဘောနဲ့ ကိုက်ညီမှု မရှိဘဲ စကားလုံး ဝေါဟာရ အသုံးအနှုန်းတွေကို ခပ်ပေါ့ပေါ့ သဘောထားပြီး လက်လွတ်စပယ် ရေးနေကြတာတွေ့ရတယ်။

## တွေ့သမျှအနုပညာ

ဂျာနယ်မဂ္ဂဇင်းများရဲ့ လက်လွတ်စပယ် အရေးအသားကြောင့် အလေးအနက်ထားရမယ့်အရာတချို့ဟာ အလိုလိုနေရင်း တန်ဖိုးလျော့ကျပြီး လူအထင်သေးစရာ ဖြစ်သွားရတယ်။ တစ်နေ့က မဂ္ဂဇင်းတစ်အုပ်က မျက်နှာဖုံး ဓာတ်ပုံရှင် မိန်းကလေးတစ်ယောက်ကို အမေးအဖြေလုပ် ရေးသားရာမှာ မေးသူက အနုပညာနယ်ထဲကို ဘယ်တုန်းကစပြီး ဝင်ခဲ့ပါသလဲလို့မေးတယ်။ ဖြေသူက ပြီးခဲ့တဲ့လက ဒဂ္ဂုံသွားတိုက်ဆေးရဲ့ မစ္စဒဂ္ဂုံအလှပြိုင်ပွဲမှာ ဝင်ပြိုင်

mgyoe.com

mgyoe.com


ရာကတစ်ဆင့် အနုပညာလောကထဲကို စ, ဝင်ခဲ့တာပါလို့ ဖြေထားတာ ဖတ်လိုက်ရတယ်။ နေရာတိုင်းလိုလိုမှာလည်း အနုပညာဆိုတဲ့စကားကို ဖုံးပေါလအောကြီး သုံးချင်သလို သုံးနေကြတယ်။ အဝတ်အစား၊ ဖက်ရှင် ကြော်ငြာလုပ်ပြတာလည်း အနုပညာ၊ ပြက္ခဒိန်အဖုံးရိုက်တာလည်း အနုပညာ၊ ဆံပင်ညှပ်တာလည်း အနုပညာ၊ ခြေသည်း လက်သည်း ညှပ်တာလည်း အနုပညာ၊ တွေ့တွေ့သမျှ အနုပညာ ဖြစ်နေတော့တယ်။

## ပေမိဒေါက်မိဖြစ်ဖို့လို

ပေါက်တတ်ကရလုပ်ပြတာတိုင်း အနုပညာ မဟုတ်ပါဘူး။ ပုံဆွဲပြီး ပြပွဲမှာ ချိတ်ဆွဲတိုင်း ပန်းချီအနုပညာ မဖြစ်ပါဘူး။ ပုံရောင်းရတိုင်းလည်း ပန်းချီအနုပညာရှင်လို့ ခေါ်လို့မရပါဘူး။ အနုပညာလို့ ခေါ်နိုင်ဖို့အတွက် သတ်မှတ်ထားတဲ့ အနုပညာစံတွေနဲ့ တိုင်းတာပြီး ပေမိဒေါက်မိ ဖြစ်ဖို့ လိုပါတယ်။ ပန်းချီဆွဲထားတာဖြစ်လို့ ပန်းချီလို့တော့ ခေါ်ချင်ခေါ်ပါ။ ပန်းချီဆရာတိုင်းကိုလည်း ပန်းချီအနုပညာရှင်လို့ သတ်မှတ်နိုင်တာ မဟုတ်ပါဘူး။ ပန်းချီသည်တွေ အများကြီးရှိနေပါတယ်။ အလားတူပဲ သီချင်းဆိုတိုင်း၊ သီချင်းရေးတိုင်းလည်း ဂီတအနုပညာရှင်လို့ မသတ်မှတ်နိုင်ပါဘူး။ ပညာရှင်လို့ သတ်မှတ်ဖို့အတွက် ဂီတပညာရပ်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ကျွမ်းကျင် တတ်မြောက်ဖို့တော့ အနည်းဆုံးလိုအပ်ပါတယ်။

## တွေ့သမျှကပညာရှင်

စိန်ဗေဒါကြီးတို့ခေတ်မှာ ခေတ်ပြိုင်ဆိုင်းဆရာတွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ ပညာရှင်လို့ အခေါ်ခံရပြီး လူတကာလေးစားခံရသူက စိန်ဗေဒါကြီး အပြင် နှစ်ယောက် သုံးယောက်လောက်ပဲ ရှိပါတယ်။ အများစုကတော့ ဆိုင်းဆရာလို့ အခေါ်ခံရရုံလောက်နဲ့ပဲ ပြီးသွားကြတာဖြစ်တယ်။ ဒီခေတ်ဖျော်ဖြေရေးလောကမှာ သီချင်းဆိုတဲ့လူက အများဆုံးဖြစ်တာ သတိထားမိတယ်။ တချို့ဆို အသံကဘာမှ ထူးထူးခြားခြားကောင်းတာ မဟုတ်တဲ့ အပြင်၊ အဆိုပညာလည်း စနစ်တကျ သင်ယူလေ့လာထားပုံ မရပါဘူး။

mgyoe.com

mgyoe.com


ကီးတွေ၊ သံစဉ်တွေဆိုတာလည်း သိပုံမရပါဘူး။ သူများဆိုထားတာကို ဖွင့်နားထောင်ပြီး လိုက်ဆိုရင်းနဲ့ အဆိုတော်ဖြစ်သွားကြတာပဲ။ အဆိုပညာ တကယ်ကျွမ်းကျင်ပြီး အသံကို ကိုယ်လိုချင်သလိုလို အမျိုးမျိုးဖန်တီး သွားနိုင်သူဆိုလို့ လေးငါးဦးထက်ပိုမယ် မထင်ပါဘူး။ အသံမကောင်း၊ အဆို မတတ်ပေမဲ့ အပြောကတော့ နည်းနည်းမှ မလျှော့ဘူး။ အားလုံးက ဂီတ အနုပညာရှင်တွေချည်းပဲ။

## သီချင်းသည်တွေချည်းပဲ

တကယ်တမ်းပြောရရင် အားလုံးက "သီချင်းသည်" တွေချည်းပါပဲ။ ဂီတ အနုပညာရှင်လို့ ပြောနိုင်သူ အင်မတန်နည်းပါတယ်။ ကျွန်တော်တို့ ခေတ်တုန်းက ဥသြဘသောင်းတို့၊ ပြည်လှဖေတို့၊ စိန်ပါတီတို့၊ လေဘာတီ မမြရင်တို့လို အဆိုပညာတစ်ဖက်ကမ်းခေတ်သူတွေ များများစားစား မရှိပေမဲ့ အတော်များများလေးတော့ရှိသေးတယ်။ အခုခေတ် နောက်ပေါက် တွေထဲ မှာတော့ အသံကိုကြိုက်သလို လှုပ်ခတ်ကစားပြနိုင်သူဆိုလို့ လေးဖြူနဲ့ ဇော်ဝင်းထွဋ်လောက်ပဲ ရှိတယ်ထင်မိတယ်။ မိန်းကလေးထဲကတော့ ဖြူဖြူ ကျော်သိန်းတစ်ယောက်ဟာ တော်တော်ထူးခြားတယ်။ အသံကို ကြိုက်သလို လူးကာ လိမ့်ကာ ကစားပြနိုင်တယ်။ သီချင်းတစ်ပုဒ်ထဲက တုန်းကာလာတွေ အကုန်လုံးကိုပရိသတ်တွေ့သွားအောင် လုပ်ပြနိုင်စွမ်းရှိတာတွေ တွေ့ရတယ်။

## ကျားဘငြိမ်းပြောတဲ့အနုပညာ

အနုပညာဆိုတဲ့စကားကို ဖောဖောသီသီကြီး သုံးနေတာတွေကို တွေ့ရ တိုင်း၊ ရှေးတုန်းက စာရေးဆရာနဲ့ လက်ဝှေ့ဆရာကြီး ကျားဘငြိမ်းက လက်ဝှေ့ထိုးခြင်း အနုပညာလို့ ရေးခဲ့ဖူးတာကို ပြေးပြီး အမှတ်ရမိတယ်။ ဒီခေတ်မှာလည်း တစ်ခါတလေ ဘောလုံးကစားခြင်းအနုပညာလို့ အားကစား ဆောင်းပါးရှင်များ ရေးသားတတ်ကြတယ်။ တကယ်တော့ ဘောလုံးကစား တာရော လက်ဝှေ့ထိုးတာပါ အနုပညာ မဟုတ်ပါဘူး။ အားကစားဆိုတာ လူတိုင်းသိပါတယ်။ ဒါပေမဲ့ ရှေးက ဂျိုးလူးဝစ္စ လို၊ ဂျက်ဒမ်ပဆီ လို၊

mgyoe.com

mgyoe.com


ဖလွိုက်ပက်တာဆန် လို၊ ရော့ကီးမာစီယာနို လို၊ ကက်စီးယက်ကလေး လို၊ လက်ဝှေ့သမားကြီးများဟာ လက်ဝှေ့ထိုးတဲ့အခါမှာ ယိမ်းကာ နွဲ့ကာ၊ ဝေ့ကာ ဝိုက်ကာနဲ့ လိပ်ပြာလေးပျံဝဲနေသလိုလို၊ စတက်ပ်အက ကသလိုလို လှလှပပ ကစားသွားနိုင်ကြတယ်။ သူတို့လက်ဝှေ့ထိုးတာကြည့်ရတာဟာ ကချေသည် တစ်ယောက် ဇာတ်ခုံပေါ်မှာ ကနေသလို ထင်မှတ်ရပါတယ်။

## အနုပညာမဟုတ်ပေမဲ့

ဘောလုံးကစားကြတဲ့အခါမှာလည်း ပီလီ၊ ရီမာရီယို၊ ရောဘတ်တို ဘက်ဂီယို၊ ရော်နယ်ဒို၊ မာရာဒိုနာ တို့တစ်တွေရဲ့ ခေတ်က ကစားဟန် တွေဟာ အခုခေတ်လို ကြမ်းကြမ်းရမ်းရမ်း ပုံစံတွေ မဟုတ်ဘဲ ဘောလုံးကို တို့ကာ ထိကာ၊ ခေါက်ကာလှည့်ကာနဲ့ လှလှပပ ရှိကြပါတယ်။ မျက်စိထဲမှာ စွဲကျန်ရစ်အောင်ကို အနုပညာမြောက် ကစားနိုင်ကြတယ်။ ဘောလုံး ကစားတာဟာ အနုပညာမဟုတ်ပါဘူး။ အားကစားပါ။ ဒါပေမဲ့ အနုပညာ မြောက်အောင် ကစားနိုင်ပါတယ်။ လက်ဝှေ့ထိုးတာလည်း အနုပညာ မဟုတ်ပါဘူး။ ဒါပေမဲ့ ပညာကို ကျွမ်းကျင်ပိုင်နိုင်သူများဟာ အနုပညာ မြောက်အောင် ကစားပြနိုင်ကြပါတယ်။

## ---အနုပညာစံ

အဝတ်အစားဖက်ရှင် ကြော်ငြာပွဲတွေမှာ အဝတ်အစားအမျိုးမျိုး ဝတ်ပြီး တေးသီချင်းနောက်ခံနဲ့ ဆတ်ကော့လတ်ကော့ လမ်းလျှောက်ပြတာ ဟာ ကြော်ငြာအလုပ်ပါ။ အနုပညာမဟုတ်ပါဘူး။ ဒါပေမဲ့ အနုပညာ မြောက်အောင် လုပ်တတ်ရင်တော့ မျက်စိထဲစွဲသွားစေပါတယ်။ အနုပညာ ဆန်ပါတယ်။ အနုပညာဆန်တယ်ဆိုတာ အနုပညာနဲ့တူတယ်။ နီးစပ် တယ်လို့ ဆိုလိုတာပါ။ အနုပညာတော့ မဟုတ်ပါဘူး။

အနုပညာလို့ သတ်မှတ်ကြတဲ့ ရုပ်ရှင်၊ ဂီတ၊ စာပေ၊ ပန်းချီစတဲ့ အလုပ် တွေမှာလည်း လုပ်သူအားလုံးကို အနုပညာရှင်လို့ ခေါ်လို့မရပါဘူး။ သူ့နယ်နဲ့သူ ပညာရှင်တွေ အစဉ်အဆက် သတ်မှတ်ထားခဲ့ကြတဲ့ "အနု

mgyoe.com

mgyoe.com


ပညာစံ" များနဲ့ ကိုက်ညီတဲ့ ပညာရှင်အဆင့်မီသူများကိုသာ အနုပညာရှင်လို့ ခေါ်ဆိုနိုင်မှာဖြစ်တယ်လို့ ယူဆပါတယ်။

❒

mgyoe.com

mgyoe.com

# ပညာရှင်ဆိုတာ ကြီးမြတ်သူဖြစ်တယ်

အနုပညာအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုသူတိုင်းကို အနုပညာသည်လို့ ခေါ်ချင်ခေါ်ပါ၊ အနုပညာရှင် လို့တော့ဖြင့် မခေါ်ချင်ဘူးလို့ တစ်ခါက ရေးခဲ့ဖူးတဲ့ ဂျာနယ်ဆောင်းပါးတစ်စောင်ကို ယူလာပြီး မိန်းကလေးတစ်ဦးက မေးခွန်းတွေ မေးပါတယ်။ မြန်မာစာဆရာမလေးတစ်ဦးပါ။ သူက "ပညာရှင်" ဆိုတဲ့စကားကို စေ့စေ့စပ်စပ် လေ့လာဆန်းစစ်နေပုံရပါတယ်။

## သီချင်းသည်ဆိုတဲ့အသုံး

အနုပညာရှင် ဆိုတဲ့ စကားရှိသလို မြန်မာစကားမှာ အနုပညာသည် ဆိုတဲ့ အသုံးလည်းရှိပါတယ်။ သဘင်သည် ဆိုတဲ့ အသုံးလည်း ရှိပါတယ်။ ရှေးကသီချင်းသည် (သီချင်းသည်) တို့၊ ပန်းပွတ်သည် တို့ ဆိုတဲ့ အသုံးတွေလည်း ရှိပါတယ်။ အဲဒါကြောင့် သီချင်းဆိုသူတိုင်း အငြိမ့်,က ဇာတ် က,စား သူတိုင်းလို ဂီတပညာရှင်တို့ သဘင်သည်ပညာရှင်တို့ မခေါ်ဘဲ ပညာသည် လို့သာ ခေါ်စေချင်တာပါ။ ကိုယ့်တစ်ဦးတစ်ယောက်တည်းရဲ့ အမြင်

mgyoe.com

mgyoe.com


သဘောထားပါ။ အဘိဓာန် ဖွင့်ဆိုချက်တွေ၊ ကျမ်းစာအလိုတွေနဲ့ ညီကောင်းမှ ညီပါလိမ့်မယ်။ အသက်ကြီးတဲ့ သတင်းစာဆရာတစ်ယောက်က ပြောတာဖြစ်လို့ဆိုပြီး အမှန်လို့ မယူဆပါနဲ့။ မရေးလိုက်ပါနဲ့။ သတင်းစာဆရာဘယ်သူ ဘယ်ဝါကဖြင့် သူ့အယူအဆလို ဒီလိုဒီလို ပြောပါတယ် ဆိုတာမျိုးပဲ ရေးပါ။ အသက်ကြီးတဲ့သူရဲ့ စကားတိုင်း မှန်တယ်လို့ ပြောလို့မရပါဘူး။ မမှားတဲ့ သတင်းသမားလည်း မရှိပါဘူး၊ ရှေ့ဆက်ပြီး ရှာပါ၊ လေ့လာပါ၊ သုတေသနတွေ လုပ်ပါလို့ ဆရာမလေးကို စကားခံပြီးမှ အပြင်အယူအဆတွေလို ပြောပြလိုက်ပါတယ်။

## စည်းဝါးမသိအဆိုတော်

သီချင်းဆိုသူတိုင်း ဂီတသဘောတရား၊ ဂီတပညာကို တတ်သိနားလည်ကြတာ မဟုတ်ပါဘူး။ အထူးသဖြင့် ဒီခေတ်မှာ အသံအကြောင်း၊ စည်းဝါးအကြောင်း ဘာတစ်ခုမှမသိဘဲနဲ့ အဆိုတော်ဖြစ်နေသူတွေ၊ သီချင်းရေးနေသူတွေ မနည်းလှပါဘူး။ တချို့များတော်တော် အောင်မြင်ပြီး ဒီအလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုနေတာတောင် ရှိပါတယ်။ အသံအကြောင်း၊ စည်းဝါးအကြောင်း နားမလည်သူတစ်ယောက်ကို နာမည်ကြီး ဖြစ်နေရုံနဲ့တော့ ဂီတပညာရှင်လို့ ခေါ်သင့်တယ် မထင်ပါဘူး။ ဝင်စစ်သူဟာ "သီချင်းသည်" ပါ။ သဘင်သည်ဆိုတဲ့ စကားရှိထားတဲ့အတွက် ဂီတပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုသူ "ဂီတပညာသည်"ဆိုတဲ့ အခေါ်မျိုးလောက်နဲ့ပဲ သင့်တော်မယ် ထင်ပါတယ်။ အဆိုတော်လိုပါပဲ ဒီခေတ်မှာ အငြိမ့်က၊ စားတိုင်း၊ ဇာတ်က,စားတိုင်း က,တတ်တယ်လို့ မထင်နဲ့။တချို့က လက်မြှောက်၊ ခြေမြှောက်နဲ့ ဇာတ်ခုံပေါ်ပတ်ချာလည်ပြေးရင်း ခုန်ပေါက်နေတာလောက် လုပ်တတ်တာ။ "ခေါင်းခါး ခြေလက်"တို့ ဘာတို့သိတာ မဟုတ်ဘူး။ အငြိမ့်ဆိုတဲ့ အကပညာရပ်တစ်ခုလို ဖျက်ဆီးနေတဲ့ "အငြိမ့်ခွေ" တွေထဲက မင်းသမီးတွေကို ကြည့်လိုက်ရင် လက်ခံသဘောတူမှာပါ။

mgyoe.com

mgyoe.com


## ဆတ်ဆတ်ထိမခံသူ

ပညာရှင်ဆိုတာကတော့ ပညာရပ်တစ်ခုကို "ထုံးလိုချေရေလိုနှောက်" နိုင်အောင် ပိုင်ပိုင်နိုင်နိုင် တတ်သိနားလည်ပြီး အဲဒီပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုသူ၊ အဲဒီပညာကို တိုးတက်သထက် တိုးတက်အောင် ရှာဖွေ စမ်းသပ် သုသေတနတွေ လုပ်နေသူ၊ အဲဒီပညာနဲ့ ပတ်သက်ပြီး ကိုယ်ပိုင်ရှာဖွေ တွေ့ရှိချက်တွေ ဖြည့်စွက်ပေးနိုင်သူ၊ ကိုယ်ပိုင်အတွေးအခေါ်အယူအဆတွေနဲ့ ဝေဖန်သုံးသပ်ပြီး ကောက်ချက်တစ်ခု ချပေးနိုင်သူ ဖြစ်တယ်လို့ ယူဆပါတယ်။ ဒါ့အပြင် တစ်ချက်ထပ်ဖြည့်ပါသေးတယ်။ အဲဒီအချက်ကတော့ ပညာရှင်ဆိုတာ ကိုယ့်ပညာရပ်ရဲ့ ဂုဏ်သိက္ခာကို ကိုယ့်အသက်နဲ့ထပ်တူ လေးစားတန်ဖိုးထားပြီ၊ အဲဒီဂုဏ်သိက္ခာကို "ဆတ်ဆတ်ထိမခံ" ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သူ ဖြစ်ရမယ်ဆိုတာ ဖြစ်ပါတယ်။

## ကြောင်ဖြူကြောင်မည်း အယူအဆ

ဒီအချက်က ဒီခေတ်မှာ ပိုပြီး အရေးကြီးတယ်လို့ ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ "ကြောင်ဖြူတာ မည်းတာက အရေးမကြီးဘူး၊ ကြွက်မိဖို့သာ လိုရင်းပဲ" ဆိုတဲ့ အယူအဆလွှမ်းမိုးပြီး နေရာတကာမှာ "ငွေအဓိက" ဖြစ်နေတဲ့ ကမ္ဘာကြီးမှာ ပညာရှင်တွေ ကိုယ်တိုင်လည်း "အူမတောင့်မှ သီလစောင့်နိုင်တယ်" ဆိုတဲ့စကား အပြောများလာကြတာများ ကြားသိမြင်တွေ့နေရလို့ပါ။ ငွေအတွက် ရာထူးအာဏာအတွက် ကိုယ့်ပညာရဲ့ ဂုဏ်သိက္ခာနဲ့ ပညာရှင်ဆိုတဲ့ ကိုယ့်ဂုဏ်သိက္ခာကို မငဲ့ကွက်တော့ဘဲ၊ ငွေရှင်ကြေးရှင်များ ရာထူးအာဏာရှင်များရဲ့ ရှေ့မှောက်မှာ ဝပ်စင်းသွားကြတာတွေလည်း မနည်းပါဘူး။ လောလောဆယ်တောင် ပညာရှင်တချို့ဟာ ဆေးဝါးထုတ်လုပ်ရောင်းချတဲ့ ကုမ္ပဏီကြီးတွေခိုင်းစေတဲ့အတိုင်း ကြက်ငှက်တုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီး ပုံကြီးချဲ့ အစီရင်ခံစာတွေ ရေးသားတင်သွင်းခဲ့ကြတယ် ဆိုတဲ့ သတင်းတွေ နိုင်ငံတကာ စာနယ်ဇင်းတွေမှာ ဖတ်နေရပါတယ်။ ခါတု လက်နက်တွေနဲ့ အဆိပ်ခါတ်ငွေ့ လက်နက်တွေ စမ်းသပ်တီထွင် ပေးနေကြ

mgyoe.com

mgyoe.com


သူတွေဟာလည်း သိပ္ပံပညာရှင်လို့ အမည်ခံထားကြတဲ့ ပါရဂူဘွဲ့ရတွေ ဖြစ်ပါတယ်။

## သိက္ခာကို ရိက္ခာလဲသူတွေ

ကုမ္ပဏီပိုင်ရှင် သူဌေးဆိုသူတွေက ပိုက်ဆံရှာတတ်ရုံ၊ ငွေထုတ်ပေးရုံက လွဲပြီး ဘာမှတတ်တာ မဟုတ်ပါဘူး။ သိပ္ပံပညာရှင်တွေကသာ လူသတ်လက်နက်တွေတော့ မလုပ်နိုင်ဘူးလို့ တင်းထားရင် သူဌေးတွေ ဘာလုပ်တတ်မှာလဲ။ ပညာရှင်တွေက ပညာရှင်ရဲ့ ကျင့်ဝတ်သိက္ခာ ပညာရပ်ရဲ့ ဂုဏ်သိက္ခာကို မထိန်းကြလို့သာ ဒီလို လူသတ်လက်နက်တွေ အစုလိုက် အပုံလိုက် ရှိနေတာ ဖြစ်ပါတယ်။ ပညာရှင်တွေကို ဒီလို ဖြစ်သွားအောင် လုပ်လိုက်တာက "ကြောင်ဖြူ ကြောင်မည်း"သမားတွေ ဖြစ်တယ်။ သူတို့သာ အဓိက တရားခံဖြစ်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ပညာရှင်ဆိုတဲ့ ဂုဏ်သိက္ခာကို အသပြာနဲ့ ရောင်းစားဖို့ ဝန်မလေးတဲ့ ပညာရှင်တွေမှာလည်း တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။

## ဆိုကရေးတီးလို

"ပညာရှင်" ဆိုတဲ့ စကားလုံးရဲ့ နောက်မှာအင်မတန် ကြီးလေးတဲ့ တာဝန်တွေရှိသလို၊ အင်မတန်ကြီးမြတ်တဲ့ တန်ဖိုးတွေလည်း ရှိပါတယ်။ ဒါကြောင့်ဒီစကားကို ပေါ့ပေါ့လွယ်လွယ် မသုံးစေချင်ဘူး။ ပညာရှင်ဆိုတဲ့ နာမည်ခံချင်ကြရင်လည်း ကိုယ့်ကိုယ်ကိုယ် ဆိုကရေးတီး လို ကိုယ့်ပညာရပ်ရဲ့ ဂုဏ်သိက္ခာကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်မှုပြုနိုင်ရဲ့လား ဆိုတဲ့ မေးခွန်းကို အရင်ဆုံး မေးကြည့်ပါဦးလို့ ပြောလိုက်ချင်ပါတယ်။

❐

mgyoe.com

mgyoe.com

# ကျေးဇူးစာပေနဲ့ သူခိုးသေဖော်ညှိစာပေ

အမြင်မတော်တာ တွေ့တိုင်း စာဖတ်ပရိသတ်ပြည်သူလူအများကို ထိခိုက်နစ်နာစေမယ့် ကိစ္စမျိုးဖြစ်နေရင်၊ အမုန်းခံပြီး ထောက်ပြလေ့ ရှိပါတယ်။ လူအများထိခိုက်မယ့် ကိစ္စမဟုတ်ရင်တော့ ဘာမှဝင် မပြောပါဘူး။ အမြင်မတော်တာတွေ့တိုင်း ပြောနေရင်လည်း "ပြောမဆုံးပေါင် တောသုံးတောင်" ဆိုသလို ဖြစ်နေတော့မှာပါ။

## ကိုယ့်ဟာကိုယ်ဘုန်းတော်ဘွဲ့ရေးသူ

စာနယ်ဇင်းကိုပဲ ဖတ်ဖတ်၊ ရုပ်မြင်သံကြားပဲ ကြည့်ကြည့်၊ ရေဒီယိုပဲ နားထောင်ထောင် အချိုးမပြေတာတွေ များလှပါတယ်။ မိန်းကလေးတွေ ဝတ်စားဆင်ယင်ပုံ ကြည့်မလား၊ မြန်မာစကား ပြောပုံဆိုပုံတွေ ကြည့်မလား၊ စာနယ်ဇင်းစာမျက်နှာတွေပေါ်က မြန်မာစာအရေးအသားတွေ ကြည့်မလား၊ တစ်ခုခုများနေတာ တွေ့ရမှာပါ။ တော်ရုံဆိုမပြောပါဘူး။ သိပ်လွန်ကဲလာမှ တစ်ခါတစ်ခါ ဝင်ပြောပါတယ်။ တစ်ခါတလေ ကိုယ့်ဟာကိုယ် ဟုတ်လှပြီ၊ တော်လှပြီ၊ တတ်လှပြီထင်ပြီး မျက်နှာပြောင်ပြောင်နဲ့ ကိုယ်တိုင် ဘုန်းတော်

mgyoe.com

mgyoe.com


ဘွဲ့တွေ ရေးနေတာမျိုးတွေလည်း တွေ့ရပါတယ်။ ဒါပေမဲ့ ဘာမှမပြော ပါဘူး။ ပြုံးပဲနေလိုက်ပါတယ်။ မြန်မာပြည်က စာဖတ်ပရိသတ်ကို အတုံး တွေ၊ အ, အတွေလို့ ထင်နေပုံရတယ်။ မြန်မာစာဖတ် ပရိသတ်က ရှင်ကြီး ဝမ်းလည်း ဝင်ဖူး၊ ရှင်ငယ်ဝမ်းလည်း ဝင်ဖူးလေတော့ လူတစ်ယောက် ပါးစပ်ဟလိုက်တာနဲ့ အူမထိ မြင်နိုင်စွမ်းရှိတယ်ဆိုတာ မသိ နားမလည်ရှာ ဘဲကိုးလို့ပဲ အောက်မေ့ထားလိုက်ပါတယ်။

## မပြည့်အိုးဘောင်ဘင်ခတ်

မျက်နှာလွှဲနေလို့မရတဲ့ ကိစ္စမျိုးတွေလည်း ရှိပါတယ်။ စာဖတ် ပရိသတ်ကို အ,တယ်၊ တုံး,တယ်လို့ သူ့ဟာသူ ထင်နေတာကို ဘာမှ ပြောစရာ မရှိပါဘူး။ ဒါပေမဲ့ စာမျက်နှာပေါ်ကနေပြီး "ခင်ဗျားတို့ တုံး,လွန်း၊ အ,လွန်းတယ်၊ ဒီမိုကရေစီနဲ့ မတန်သေးဘူး။ ဒါကြောင့် ကျုပ်တို့လို ပညာရှင်တွေက ဝင်ပြီး ပညာပေးနေရတာ" လို့ စော်ကားမော်ကား ရေးတာ မျိုးကိုတော့ နည်းနည်းမှ သည်းမခံနိုင်ပါဘူး။ စာပေပရိသတ်တွေထဲမှာ ဒီမိုကရေစီ ကျမ်းစာအုပ်တွေ၊ မာ့က္ခဝါဒ သဘောတရားစာအုပ်တွေ၊ အဒမ် စမစ်တို့၊ ဂျွန်မေးနဒ်ကိန်းတို့ရဲ့ စီးပွားရေးသီအိုရီတွေကို နှောကျေအောင် ဖတ်ထားသူတွေ အများကြီးရှိပါတယ်။ အခုမှ ကောက်ပြီး ကျောင်းသုံးစာအုပ် တွေ လိုက်ရှာဖတ်နေသူတွေ မဟုတ်ပါဘူး။ ကိုယ့်ဟာကိုယ် ဆရာကြီး လုပ်ချင်တာ လုပ်ပါ၊ မြန်မာလူမျိုးတွေကို မစော်ကားပါနဲ့။ မပြည့်တဲ့အိုး ဘောင်ဘင်ခေတ်တယ်ဆိုတာ မြန်မာစာဖတ် ပရိသတ်က ကောင်းကောင်း နားလည်ပြီးသားပါ။

## ကိုယ်ကျိုးရှာဖို့ ခုတုံးလုပ်တာ

နောက်တစ်ခုကတော့ ကိုယ်ကျိုးစီးပွားရေးအတွက် နိုင်ငံရေးလို ခုတုံး လုပ် အသုံးချတာမျိုး ဖြစ်တယ်။ ဒီလူမျိုးက လူကြားကောင်းအောင် နိုင်ငံ ရေးစကားတွေသာ ပြောတာပါ၊ ဘာ နိုင်ငံရေးစိတ်မှ ရှိတာမဟုတ်ဘူး။ ရာထူး အနန္တရဖို့၊ ပါဝါအာဏာတို့ ရှိသူ မှန်သမျှကို မျက်နှာချိုသွေးပြီး

mgyoe.com

mgyoe.com



အချောင်ရှာဖို့ အကွက်လောက် ချောင်းနေကြတာ။ ဒီလိုလူမျိုးတွေကို မြန်မာတွေက "နိုင်ငံရေး အချောင်သမား" လို့ခေါ်တာ။ အမေရိကန်တွေကတော့ "Carpet baggers" လို့ ခေါ်ကြတယ်။ ခေတ်ပျက်မှာ စီးပွားရှာကောင်းပြီး သူဌေးဖြစ်တဲ့ "လေရူးသုန်သုန်" ဝတ္ထုကြီးထဲက "ရက်ဘတ္တလာ" လို လူစားမျိုးပေါ့။

## သူခိုးသေဖော်ညှိနေတာ

သူတို့နဲ့စရိုက်တူတဲ့ နောက်တစ်မျိုးကတော့ "လူပုတ်သင်ညို" ဖြစ်တယ်။ ပုတ်သင်ညိုက ရာသီဥတုပြောင်းတိုင်း အရောင်လိုက်ပြောင်းပြီး၊ လက်ထဲမှာ ပါဝါကိုင်ထားသူ ဘယ်သူကပဲ ပြောပြော အမြဲလိုက်ပြီး ခေါင်းတညိတ်ညိတ် လုပ်လေ့ရှိသူတွေ ဖြစ်တယ်။ ခေတ်တွေ ဘယ်နှခါပဲ ပြောင်းပြောင်း အဲဒီလူတွေက ပြောင်းတဲ့ခေတ်တိုင်းမှာ နေရာကောင်းရတာချည်းပဲ ဖြစ်တယ်။ နိုင်ငံရေးလုပ်စားတဲ့ နိုင်ငံရေးအချောင်သမားနဲ့ "လူပုတ်သင်ညို" တွေကိုတော့ အင်မတန် စက်ဆုပ်ရွံရှာတယ်။ ဒါပေမဲ့ သူတို့ဟာ သူတို့ အချောင်ရှာနေတာကို ဘာမှမပြောလိုပါဘူး။ လူဆိုတာ ကိုယ့်သမိုင်း ကိုယ်ရေးတာပဲ။ ဒါပေမဲ့ စာမျက်နှာပေါ်တက်လာပြီး "သူခိုးသေဖော်ညှိ" တာမျိုးတွေလုပ်ရင်တော့ ပြောရတော့မှာပါ။ လူငယ်လေးတွေက "အသံကောင်းဟစ်"တာကို မသိဘဲ နားယောင်သွားကြမယ့် အန္တရာယ်ရှိတယ် မဟုတ်လား။

## မျက်နှာထောက်စရာမရှိ

"သူခိုးသေဖော်ညှိ"ဖို့ အတွက် တမင်သက်သက်လုပ်တာမျိုးတွေ တွေ့တိုင်း အမုန်းခံပြီး ထောက်ပြနေတော့ မုန်းကြမှာပဲ။ ကိစ္စမရှိပါဘူး။ စာနယ်ဇင်းသမားဆိုတာ စာဖတ်ပရိသတ်ရဲ့ မျက်နှာကလွဲပြီး ဘယ်သူ့မျက်နှာမှ ထောက်စရာမလိုပါဘူး။ စာဖတ်ပရိသတ်ကို စော်ကားတယ်၊ ထိခိုက်တယ်ဆိုရင် ပြောရ ရေးရမှာပဲ။ မုန်းတယ်ဆိုရင်လည်း ရေးရမှာပဲ။ အန္တရာယ်ရှိတယ်ဆိုလည်း ရေးရမှာပဲ။ ဒါမှ စတုတ္ထမဏ္ဍိုင်ဆိုတဲ့ သတ်မှတ်

mgyoe.com

mgyoe.com


ချက်နဲ့ ညီမှာပေါ့။ စာနယ်ဇင်းသမားလုပ်ပြီး စတုတ္ထမဏ္ဍိုင်ပီသအောင် မကျင့်ကြံနိုင်ဘူးဆိုရင် ဒီစာနယ်ဇင်းသမားဟာ "တစ်မွန်းတည့်ခံ" ပဲ ဖြစ်လိမ့်မယ်။

## စာနယ်ဇင်းခုတုံးလုပ်စီးပွားရှာ

နိုင်ငံရေးကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာတဲ့ နိုင်ငံရေးအချောင်သမားရှိသလို စာနယ်ဇင်းလောကမှာလည်း စာနယ်ဇင်းကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာသူတွေ၊ ဩဇာတည်ဆောက်သူတွေ ရှိတတ်ပါတယ်။ ဘကြီး ဘဖေတို့ ဂဠုန်ဦးစောတို့က သူရိယသတင်းစာကြီးကို ခုတုံးလုပ်ပြီး သူတို့ရဲ့ ဩဇာထူထောင်ခဲ့ကြလို့ အစဉ်အလာကြီးမားတဲ့ သတင်းစာကြီး နိဂုံးချုပ်သွားခဲ့ဖူးပါတယ်။ စာနယ်ဇင်းသမားကောင်းဆိုတာ ကိုယ့်ဩဇာ မတည်ဆောက်သလို စာနယ်ဇင်းကို အကြောင်းပြုပြီး စီးပွားလည်း မရှာပါဘူး။ စာနယ်ဇင်းသမားက ဘယ်လိုစီးပွားရှာတာလဲဆိုတော့ ရှေးခေတ်က လုပ်ကြပုံလေးတွေကို ပြောပြပါမယ်။ တချို့က အစိုးရကို မျက်နှာချိုသွေးပြီး အစိုးရ ကြော်ငြာရအောင် လုပ်တယ်။ စက္ကူလိုင်စင်ရအောင် လုပ်တယ်။ တချို့က နိုင်ငံရေးပါတီတွေဆီက ထောက်ပံ့ကြေးယူပြီး အဲဒီပါတီအကြောင်း ဝါဒဖြန့်ကြော်ငြာတွေ ရေးပေးတယ်။ တချို့ ပိုပြီးပေါက်တဲ့ရောက်တဲ့သူတွေက လက်ဝဲ လက်ယာသံရုံးတွေဆီက ကြော်ငြာခ ယောင်ဆောင်ပြီးပေးတဲ့ ထောက်ပံ့ကြေးတွေ လက်ခံပြီး အဲဒီနိုင်ငံတွေအကြောင်း ဝါဒဖြန့်တာတွေ ရေးပေးတယ်။

## ကျေးဇူးဆပ်စာပေတွေ

သံရုံးဆိုတာက သူတို့နိုင်ငံအကြောင်း ဝါဒဖြန့်ဖို့ အဓိကထားလုပ်ဆောင်ကြတာပဲလေ။ အဲဒီတော့ ဝါဒဖြန့်ပေးမယ့်သူကို လက်သပ်မွေးဖို့ကြိုးစားကြစမြဲပဲ။ ငွေမက်သူကို ငွေပေး သိမ်းသွင်းတယ်။ အရက်ကြိုက်သူကို အရက်သေတ္တာလိုက်တွေ ပေး သိမ်းသွင်းတယ်။ တစ်ခါတစ်ရံ သူတို့နိုင်ငံတွေကို သွားရောက်လည်ပတ်စေတဲ့ နည်းနဲ့မွေးတယ်။ ဒါ သူတို့အလုပ်သူတို့လုပ်ကြတာပဲ။ ဘာမှ အပြစ်ပြောစရာ မရှိဘူး။ သူတို့ပေးတာကိုယူ

mgyoe.com

mgyoe.com


သူတို့ ကျွေးတာကိုစားတဲ့သူတွေကတော့ ဝါဒဖြန့်သတင်းတွေ၊ စာတွေ ဖောဖောသီသီကြီးရေးပြီး ကျေးဇူးဆပ်ကြရတော့တာပဲ။ "သူ့ဆန်စား ရဲမှ" ဆိုသကိုး။ ဒါပေမဲ့ မြန်မာ စာဖတ်ပရိတ်သက်က သိပ် အကင်းပါးတယ်ဗျ။ သူ့ဆန်စားပြီး ရေးတဲ့စာမျိုးတွေကို "ကျေးဇူးဆပ်စာပေ"တွေမှန်းသိပြီး ဘယ်သူကမှ အလေးထားဖတ်လေ့ မရှိကြပါဘူး။ ဒီလို စာနယ်ဇင်းသမား တွေနဲ့ စာရေးဆရာတွေကိုလည်း စာဖတ်ပရိသတ်က ဘယ်တော့မှ တန်ဖိုးထားလေးစားခြင်း မရှိပါဘူး။ စာနယ်ဇင်းများရဲ့ အသက်ဝိညာဉ် ဆိုတာ စာဖတ်ပရိသတ်ရဲ့ "ယုံကြည်မှု" ပဲဖြစ်တယ်။ စာဖတ်ပရိသတ်က လေးစားယုံကြည်မှုမရှိတဲ့ စာနယ်ဇင်းနဲ့ စာနယ်ဇင်းသမားဟာ ဘယ်တော့မှ သက်ဆိုးမရှည်ဘူး ဆိုတဲ့ အထောက်အထားတွေ အများကြီးရှိခဲ့ပါတယ်။

အခုမှ စာနယ်ဇင်းလုပ်ငန်း လုပ်ခွင့်ရတဲ့ လူငယ်တွေအနေနဲ့ "ပန်းထိမ်မတတ်ခင်က ရွှေခိုးသင်" ဆိုတာမျိုးဖြစ်ရင် ဘယ်တော့မှ စာနယ်ဇင်းသမားကောင်း ဖြစ်မှာ မဟုတ်ပါဘူး။ အတုယူမှန်ဖို့ သိပ်အရေး ကြီးတယ်။ အဲဒါကြောင့် အမှန်းခံပြီး ရေးနေ ပြောနေရတာ ဖြစ်ပါတယ်။

❐

mgyoe.com

mgyoe.com

# ကြီးမိုက်ကျွန်တော်

ခုတလော မဂ္ဂဇင်းတွေထဲပါတဲ့ "ဖတ်ညွှန်း" ဆိုတာတွေ ဖတ်ရတာ ဆား မပါတဲ့ ဟင်းစားရသလို ပေါ့ရွှတ်ရွှတ်နဲ့ အရသာ တယ်ပြီး မတွေ့မိဘူး။ အားလုံးလိုလိုက ကြော်ငြာလိုချည်း ဖြစ်နေတယ်။ ဘာက ဘယ်လို ကောင်းတာ ဘာကြောင့်ကောင်းတာ...၊ ဒါကတော့ ဘာ့ကြောင့် ဘယ်လို မကောင်းတာ စသဖြင့် ဆန်းစစ်ပြ၊ သုံးသပ်ပြလုပ်တာမပါတော့ စာဖတ်သူ အတွက် ဘာအသိပညာမှ ရလိုက်မယ် မထင်ဘူး။

## ရှက်မိတယ်

ကြည့်ရတာတော့ ဝေဖန်ရေးဆရာတွေ လိမ္မာသွားကြပြီလို့ ထင်တယ်။ အရင်က လက်သံပြောင်လွန်းလို့ ဝိုင်းရိုက်တာခံရမတတ် မေတ္တာ အထားခံရတဲ့ ဝေဖန်ရေးဆရာများတောင် ခုတော့ သုံးရာခြောက်ဆယ် ဒီဂရီ အလှည့်အပြောင်းကြီးလုပ်ပြီး "အားလုံးကောင်းပါသည်ခင်ဗျား" ဆိုတာမျိုး တွေပဲ ရေးတာ တွေ့ရတော့တယ်။ ဟုတ်တာပေါ့လေ။ လူဆိုတာ အမြဲတမ်း လူမိုက်လုပ်နေရမယ်လို့ သတ်မှတ်မှမထားတာ။ လိမ္မာတဲ့အချိန်ကျ လိမ္မာရမှာပေါ့။ လိမ္မာတာ ကောင်းပါတယ်။ လူသာခု ခေါ်၊ နတ်သာခုခေါ် အလုပ်ဖြစ်ပါတယ်။ အဲဒီလို ဝေဖန်ရေးဆရာ လူငယ်တွေ လိမ္မာနေကြတာကို

mgyoe.com

mgyoe.com


ကြည့်ပြီး ကိုယ့်ဟာကိုယ်တောင် ပြန်ပြီး ရှက်သလိုလို ခံစားမိတယ်။ ကိုယ်ကတော့ ခုလိုအသက် ၇၀ တန်းရောက်တဲ့အထိ အသိတရား မရသေးဘဲ မိုက်မြဲဆက်ပြီး မိုက်နေသေးတာကို တွေ့ရလို့ပဲ ဖြစ်တယ်။

## ဦးလေးလူထုဦးလှ အဆုံးအမ

အသက်ကြီးလာသလို အသိဉာဏ်ပညာက ကြီးရင့်မလာလို့ ထင်ပါရဲ့၊ စာရေးရာမှာ ကြီးလေ လိမ္မာလေဖြစ်ရမယ့်အစား ပိုပိုပြီးတော့ မိုက်တွင်းနက်လေ ဖြစ်လာတယ်။ "ဆဲရေးတိုင်းထွာတဲ့ စကားကိုတောင် ယဉ်ယဉ်ကျေးကျေးနဲ့ တစ်ဖက်သားနားခံသာအောင် ရေးလို့ရပါတယ်" လို့ တဖွဖွပြောလေ့ရှိတဲ့ ဦးလေးလူထုဦးလှရဲ့ အဆုံးအမအောက်မှာ ကြီးပြင်းလာခဲ့ရတာတောင်မှ လူက မယဉ်ကျေးချင်သေးဘူး။ ရေးလိုက် သုံးလိုက်တဲ့ စကားတွေက တစ်ဖက်လူကို "ပိဿလေးနဲ့ နံဘေးထုသလို" ဖြစ်ဖြစ်သွားတယ်။ မကောင်းမှန်း မသိ မဟုတ်ဘူး။ မိုက်တာ မကောင်းဘူး။ အန္တရာယ်ကြီးတယ်။ လိမ္မာတာ ကောင်းတယ်၊ လူနတ်ချမ်းသာ ဖြစ်စေတယ်ဆိုတာ သိပါတယ်။ "အသိခေါက်ခက် အဝင်နက်"ဆိုသလိုကို ဖြစ်နေတာ။

## အငြိမ်မနေနိုင်ဘူး

ငယ်တုန်းကလည်း မလိမ္မာခဲ့ပါဘူး။ ဒါပေမဲ့ ခြောက်ဆယ်ကျော်မှ ပိုပြီး မိုက်မဲလာတယ်လို့ ကိုယ့်ဟာကိုယ် ထင်မိတယ်။ ဟိုလူ့ အပြစ်ပြောချင်၊ ဒီလူ့ကို ဝေဖန်ချင်နဲ့ အငြိမ်မနေနိုင်ဘူး ဖြစ်နေတယ်။ ဂျော့ဘုရှ်နဲ့ ချေနီကို ကောင်းဘွိုင်တွေလို ထစ်ခနဲဆို သေနတ်ဆွဲချင်တဲ့သူတွေလို့ ပြောလို ပြော၊ မန္တလေးစာရေးဆရာတွေ အတတ်ပညာလေး ကင်းပြနေရုံသက်သက်ပဲ၊ လေးပစ်ဖို့ စိတ်ကူးရှိကြတာ မဟုတ်ဘူးလို့ ဆိုလိုဆို၊ ဂျာနယ်သမားတွေဟာ ဂျာနယ်သမားလို မနေဘဲ မျောက်လိုနေ, နေကြလို့ မျောက်ပြဆန် တောင်း ခံရတာပဲလို့ ထောက်ပြလိုပြ၊ တစ်ခါမှာတော့ လူတစ်စုကို သွားပြီး ဆွံ့အ နားမကြားကျောင်းက လူတွေနဲ့ တူတယ်လို့ ပြောမိလို့ မေတ္တာပို့ ခံရလိုက် ရသေးတယ်။ ဒါလည်း အမှတ်သညာရှိတာ မဟုတ်ဘူး၊ ပြောမြဲ ရေးမြဲပဲ။

mgyoe.com

mgyoe.com


## ဇိမ်နဲ့နေရမယ့်ဇာတာမပါ

ကျန်းမာရေးလည်း ကောင်းတာ မဟုတ်ဘူး။ အောက်စီဂျင်စက် မရှိဘဲ အသက်ရှင်နိုင်တာလည်း မဟုတ်ဘူး။ အေးအေးနေလိုက်ပါတော့လို့ မိတ်ဆွေသင်္ဂဟအပေါင်းက မေတ္တာစကားဆိုကြတယ်။ သူတို့အားလုံးကို ကျေးဇူးတင်ရပါတယ်။ ကိုယ်တိုင်ကလည်း အေးအေးနေချင်လှပါတယ်။ ပင်ကိုယ်စရိုက်ကိုက အေးအေးဆေးဆေး ပန်းပင်သစ်ပင်လေးတွေ စိုက်ပြီး စာတွေပဲ ဖတ်ချင်တာပါ။ ခုလို စာတွေတောင် ရေးမနေချင်ပါဘူး။ အသက်ကြီးတဲ့အခါ အေးအေးဆေးဆေးနေနိုင်အောင် ဆိုပြီး တောင်ပေါ်ဒေသတွေမှာ အိမ်ကလေး ခြံကလေးတွေတောင် ဟိုးလွန်ခဲ့တဲ့ နှစ်အစိတ်၊ သုံးဆယ်ကတည်းက အသင့်လုပ်ထားခဲ့တာ။ လိမ္မော်ပင်လေး စိုက်လိုက်၊ ကော်ဖီပင်လေး စိုက်လိုက်၊ ပန်းကလေးစိုက်လိုက်နဲ့ နေမယ်ပေါ့လေ။ ဒါပေမဲ့ ဇိမ်နဲ့ နေရမယ့် ဇာတာကို မပါဘူးထင်ပါရဲ့။ ခုထိကို ရန်ကုန်က မခွာနိုင်သေးဘူး ဖြစ်နေတယ်။

## ချီးကျူးတာပဲကြားချင်

ရန်ကုန်မှာလည်း အေးအေးဆေးဆေးနေလို့ ရတာပါပဲ။ "ထမင်း" တစ်လုတ်အတွက် ကြက်ယက်သလို ယက်ပြီး ရှာနေဖို့ထိ မခက်ခဲလှပါဘူး။ ပိုက်ဆံရှာဖို့ဆိုပြီး စာတွေရေးမနေလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ လူက မလိမ္မာတော့ မနေနိုင်ပါဘူး။ ရေးစရာတွေ့တိုင်း ရေးလိုက်ချင်တာ။ ရေးစရာဆိုတာဆိုတာကလည်း ဒီခေတ်မှာ ရှာနေစရာ မလိုလောက်အောင်ကို ပေါနေတာ မဟုတ်လား။ ဒီတော့ ရေးပြီးရင်း ရေးနေဖြစ်တော့တာပေါ့။ လူ့သဘာဝဆိုတာကလည်း ကိုယ်တိုင်ကစပြီး ချီးကျူးဂုဏ်ပြုစကားလေးပဲ ကြားချင်တတ်တာလေ။ ကိုယ့်အမှားကို ဝေဖန်ထောက်ပြတဲ့ စကားတွေဆို ကြားချင်တာမဟုတ်ဘူး။ နားခါးတယ်လို့ ထင်တာ။

mgyoe.com

mgyoe.com


## အေးအေးနေပါလား

ဒီနေရာမှာပဲ လူ့သဘာဝနဲ့ သတင်းစာသမားဘဝ ထိပ်တိုက်ရင်ဆိုင်တွေ့ရတာ ဖြစ်တယ်။ သတင်းစာသမားရဲ့ သဘာဝက အဖြစ်မှန်ကို မှန်တဲ့အတိုင်း သနပ်ခါး မလိမ်း၊ ပန်းမပန်ဘဲ ရေးသားတင်ပြရတာလေ။ ဒီတော့ အမှားထောက်ပြတာ မကြိုက်နိုင်တဲ့ လူ့သဘာဝနဲ့ "ကဏ္ဍကောစ" ဖြစ်ရတော့တာပေါ့။ အဲဒီလို ဖြစ်တော့ ကလောင်တစ်ချောင်းက လွဲပြီး ဘာမှရှိတာမဟုတ်တဲ့ သတင်းသမားပဲ ခံဘက်ကချည်းရောက်ရတာ မဟုတ်လား။ နှစ်ပေါင်းငါးဆယ်လောက် သတင်းသမားဘဝမှာ တစ်ခါမှ "စံ" ရတဲ့နေရာမျိုး မရောက်ခဲ့ဖူးပါဘူး။ ခံရတဲ့ နေရာကချည်းပါပဲ။ ခုဆို အသက် ၇၀ တန်း ရောက်ပြီ။ အေးအေးနေပါတော့လား။ သူများတကာတွေလို နာမည်နောက်က ကွင်းစကွင်းပိတ်လေး အတွင်းမှာ "ငြိမ်း" ဆိုတာလေး ထည့်ပြီး ကျေနပ်နေရောပေါ့။ ခက်တာက မနေတတ်ဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ကြီးလေ မိုက်လေလို့ ထင်နေတာ။

## လူမိုက်တွေကို ကျေးဇူးတင်

ဘာသာတရားမှာ ကိုင်းရှိုင်းတဲ့ ဘိုးဘွားမိဘများရဲ့ အဆုံးအမနဲ့ နေလာခဲ့ရတာဆိုတော့ ဝက်သားသည်၊ အမဲသားသည်၊ တံငါသည်တွေဆို ပိုက်ဆံဘယ်လောက်ချမ်းသာနေနေ ငယ်ငယ်လေးကတည်းက သိပ်ပြီး အထင်ကြီးချင်တာ မဟုတ်ဘူး။ အကုသိုလ်နဲ့အသက်မွေးတဲ့သူတွေ၊ တစ်နည်းပြောရရင် လူမိုက်တွေပေါ့လေ။ ဟော... အသက်ကြီးတော့ အမြင်က ပြောင်းသွားတယ်။ ဒီလိုလူမိုက်တွေဟာ လောကမှာ မရှိမဖြစ် လိုအပ်တာပါလားလို့ သဘောပေါက်လာတယ်။ သူတို့လို လူမိုက်တွေသာ မရှိဘဲ အားလုံး လူလိမ္မာတွေချည်း လုပ်နေကြရင် ကမ္ဘာကြီးပေါ်မှာ ဒုဗ္ဘိက္ခန္တရ ကပ်ကြီးဆိုက်ပြီး လူသားမျိုးနွယ်တစ်ခုလုံး မျိုးတုံး ကွယ်ပျောက်သွားမှာပေါ့။ အဲဒီ လူမိုက်တွေကို ကျေးဇူးတင်ပါတယ်။

❐

mgyoe.com